
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၇၇၃၁၁၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၆၇၃၁၂၀၈ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဋ္ဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀ ကျပ် |


# အခန်း(၁)

နဖူးကချွေး ခြေမကျအောင် အလုပ်လုပ်သူကို ပြပါဆိုလျှင် စံမိုမိုကို ပြရပေလိမ့်မည်။ သားအဖနှစ်ယောက်တည်းမို့ နံနက်စာကို ခပ်စောစော ချက်ပြုတ်ပြီးကတည်းက စံမိုမိုတစ်ယောက် ခြံထဲဆင်း လာခဲ့သည်မှာ အခုဆို အချိန်ပင်မနည်းတော့ပါ။

မိုးသည် ခပ်ဖွဲဖွဲကျနေပေမယ့် စံမိုမိုကတော့ ဂရုမစိုက်နိုင် အားပါ။ လယ်သူမကြီးတစ်ယောက်လို ခေါင်းကို တဘက်နှင့် အုပ်ပေါင်းလျက် ခြံထဲရှိ သူမစိုက်ပျိုးထားသော ပျိုးခင်းများဖြစ်သည့် ချဉ်ပေါင်၊ ဂေါ်ဖီ၊ ဆလပ်၊ မုန်ညင်း၊ ရုံးပတီ၊ နံနံပင် စသည့် စားပင်သောက်ပင်များ စိုက်ပျိုးထားသော စိုက်ခင်းလေးအတွင်းမှ မြက်ပင်များကို နုတ်၍ ပေါင်းရှင်းနေသည်မို့ စံမိုမိုသည် အချိန်ကုန် သွားမှန်းလည်း မသိလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



စံမိုမိုအတွက် ဒီအလုပ်တွေသည် တစ်နေ့အလုပ်မဟုတ်ပါ။ သားအဖနှစ်ယောက်တည်း ရှိသည့်ဘဝတွင် ဖေဖေသည် အရာရှိဝန်ထမ်းဘဝမှ အနားယူပြီးကတည်းက မေမေထားခဲ့သည့် ဒီအိမ်၊ ဒီခြံလေးအတွင်းမှာပင် သားအဖနှစ်ယောက်ဘဝကို ရှန်းကန်နေထိုင်ခဲ့ရသည်။

ကျန်းမာရေးမကောင်းသဖြင့် အနားယူထားရသော ဖေဖေ့ဆေးကုသစရိတ်နှင့် သူမကျောင်းစရိတ်အပြင် သားအဖနှစ်ယောက်စားစရိတ်ကိုပါ ရှိသမျှ စုဆောင်းထားသည့် ပစ္စည်းလေးများ ထုခွဲရောင်းချသုံးနေရသည်မို့ ကြာရင်တော့ ခက်ရချည်ရဲ့ဆိုသည့်အတွေးဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေလည်းရ၊ အိမ်စရိတ်လည်းကာမိရန်အတွက် အိမ်၏ဘေးပတ်ပတ်လည်နှင့် နောက်ဖေးမီးဖိုဆောင်နောက်တွင် ပိုနေသောမြေအား စိုက်ခင်းလေးသဖွယ် ပြုလုပ်ရန်အတွက် အလုပ်သမားငှားကာ မြေပေါက်၊ ဘောင်ခတ် စိုက်ခင်းလေးလုပ်ပြီးနောက် စားပင်သောက်ပင်တွေကို စံမိုမိုကိုယ်တိုင်စိုက်ပျိုးခဲ့သည်မှာ ယခုဆို သူမ၏စိုက်ခင်းလေးသည် အတော်ပင်ဖြစ်ထွန်းနေရပြီဖြစ်သည်။

တစ်ခြံလုံးကို ရှင်းလင်းပြုပြင်စေလျက် ပိုနေသည့်မြေ





အားလုံးကို နည်းနည်းမှ အအားမထားဘဲ ရာသီအလိုက် ပန်းမျိုးစုံ ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို စိုက်ပျိုးခဲ့သည်မို့လည်း သူမခြံလေးသည် ထာဝစဉ်လိုလို စားပင်သောက်ပင် ပန်းပင်များဖြင့် စိမ်းလန်းစိုပြေနေခဲ့သည်။

ခြံမှထွက်သမျှ စားပင်သောက်ပင်နှင့် ပန်းမျိုးစုံကို စံမိုမိုသည် ဖောက်သည်များအား ပြန်ပေးသည်မို့ လောလောဆယ်မှာတော့ သားအဖနှစ်ယောက်၏ စားစရိတ် ကာမိသည်ကအမှန်။

ထိုသို့ကာမိအောင်လည်း စံမိုမိုသည် အမြဲပင် အလုပ်နှင့်လက်ပြတ်သည်မရှိရပါ။ သူမ မနိုင်သည့်အလုပ်ကိုသာ အလုပ်သမားငှားစေလျက် ကျန်သည့်အချိန်မှာတော့ မြေဆွ၊ နွားချေးထည့်၊ ရေလောင်း၊ ပေါင်းရှင်းနှင့် အလုပ်နှင့်လက်မပြတ်အောင် စံမိုမိုသည် မနားမနေ အလုပ်လုပ်နိုင်လွန်းသူဖြစ်သည်။

ဖေဖေပြီးလျှင် သူမဒုတိယ ဂရုစိုက်တတ်သူမှာ သူမစိုက်ခင်းလေးပင် ဖြစ်သည်။ လူပင်ပန်းသော်လည်း ဒီစိုက်ခင်းလေးသည် သူမတို့အိမ်စားရိတ်ကို ကာပေးသည်မို့ စံမိုမိုမှာ ဂရုစိုက်ရာသူမစိုက်ပျိုးထားသမျှ စိုက်ခင်းများကို လိုက်လံကြည့်ရှုလျက် ဘယ်အပင်တွင်ပိုးကျသည်။ ဘယ်အပင်တွင် ပိုးမကျ၊ ဘယ်စိုက်ခင်းမှာ

www.burmeseclassic.com



အသီးအရွက်ကို ဘယ်အချိန်တွင် ခူးခြွေရမည်ဆိုတာကအစ ကြည့်မှတ်သိနေတတ်သူဖြစ်သည်။

သည်စိုက်ခင်းလေးသည် သူမတို့သားအဖနှစ်ယောက်၏ အိမ်စားရိတ်၊ စားစရိတ်ကို ကာမိသည်ဆိုသော်လည်း တစ်နေ့တစ်နေ့ ဆိုးရွားလာသည့် ဖေဖေ့ကျန်းမာရေး ဆေးကုသစရိတ်ကိုတော့ဖြင့် မကာပေးနိုင်ပါပေ။

ဂရုစိုက်ကာ သေချာကုနေသည့်ကြားက ဖေဖေ့ကျန်းမာရေးအခြေအနေသည် သက်သာလာသည်မရှိဘဲ တဖြည်းဖြည်းရောဂါသာ တိုးလာရသည်မို့ စံမိုမိုရင်ထဲ သောကတွေသည် ရင်နှင့်မဆန့်အောင်ရှိနေရသည်။

သွေးတိုး၊ နှလုံး၊ ဆီးချိုနှင့် ကျောက်ကပ်ပါ မကောင်းချင်သော ဖေဖေသည် သူ့ဝေဒနာတွေကို သူ အတတ်နိုင်ဆုံးကျိတ်မှိတ်ကာ ခံစားနေဟန်လည်းတူပါသည်။

သမီးဖြစ်သူ သူမရှေ့တွင် ဘာမှမဖြစ်သလို အပြုံးနှင့်နေနိုင်ပေမယ့် သူမနောက်ကွယ်မှာတော့ ဖေဖေသည် ဝေဒနာဆိုးတွေကို အတော်ခံစားနေရသည်ကို စံမိုမို သိရတော့ သူမ၏ရင်အစုံသည် အတိုင်းအဆမရှိ နာကျင်ကြေကွဲ ဆွေးကျင်သွားရသည်။





လောကတွင် ပြေးကြည့်ပါမှ ဒီအဖေနှင့်ဒီသမီး နှစ်ယောက်တည်းသာ ရှိသည့်ဘဝမှာ ဖေဖေသည် ဝေဒနာဆိုးတွေနှင့် ကျန်းမာရေးမကောင်းသလို သမီးဖြစ်တဲ့သူမကလည်း ပညာရေးတစ်ပိုင်းတစ်စနှင့် ဘာအလုပ်မှ မယ်မယ်ရရ မရှိသည့်ဘဝ။

ရှိသည့်ခြံအလုပ်လေးကိုသာ ဖိဖိစီးစီးလုပ်ကာ လက်ခြေမပျက်နေနေရပေမယ့် တကယ်တော့ ဖေဖေနှင့် သူမဘဝက ရှန်းလေနစ်လေဆိုသလို ဖြစ်နေရသည့်အဖြစ်။

အများအမြင်မှာတော့ သူမဘဝလေးသည် ကိုယ်ပိုင်ခြံလုပ်ငန်းလေးနှင့် မပူမပင်နေရသယောင် ရှိနိုင်ပေမယ့် တကယ်တမ်း အဖြစ်မှန်ကိုတော့ စံမိုမို ကိုယ့်ဝမ်းနာ ကိုယ်သာအသိဆုံးဖြစ်ပါသည်။

ဒါတောင် သူမ အလုပ်နှင့်လက် မပြတ်အောင် လုပ်နေရ၍။ မဟုတ်ပါက စံမိုမို မတွေးရဲတော့ပါ။

သူမအဖြစ်က လှေလှော်ရင်းတက်ကျိုးဆိုသည့် အဖြစ်မျိုး။ ပေါက်ကွဲမတတ် ခံစားနေရသည့် ခံစားမှုတွေကြောင့် စံမိုမို မျက်နှာလေး ညှိုးနွမ်းလျက် နှင်းဆီဖူးငုံနှယ်ရှိနေရသည့် နှုတ်ခမ်းထူထူပြည့်ပြည့်စိုစိုလေးကို ခပ်တင်းတင်းလေး စေ့ပိတ်လျက် အငေးသတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ မနားမနေ ဖိလုပ်နေလိုက်သည်။

အလုပ်တွေ လုပ်နေရင်းက စံမိုမိုသည် ဖေဖေ့အား ဒီထက်ကောင်းသည့် ဆေးဝါး၊ သမားတော်တွေနှင့် ကုသပေးရန်ကိုလည်း စဉ်းစားနေလိုက်သည်။

အတွေးတွေနှင့် စံမိုမိုသည် ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်နိုင်။ သူမအတွေးထဲ သူမအသိထဲရှိနေသည်က ဖေဖေ့အကြောင်းများရယ်သာဖြစ်ပါသည်။

ထိုစဉ်…

"ဦးလေးထွန်း"

"ဦးလေးထွန်း"

"ဦးလေးထွန်း ရှိပါသလားခင်ဗျာ"

လူတစ်ယောက် ခရီးဆောင်အိတ်နှင့် ခြံရှေ့မှ အော်ခေါ်နေပါသော်လည်း စံမိုမိုမှာ ကိုယ့်သောက ကိုယ့်အတွေးနှင့်ကိုယ်မို့ မကြားပါ။

တိတ်ဆိတ်ငြိမ်သက်နေသော အိမ်လေးကိုကြည့်ပြီး ခန့်သွေးနောင် မျက်ခုံးထူထူကြီး တွန့်ကြုတ်သွားရသည်။

တစ်အိမ်လုံး တိတ်ဆိတ်လို့ပါလား။





အိမ်ရှင်တွေ ဘယ်သူမှ မရှိတာလား။ သူခေါ်သံကိုပင် မကြားတာလား။

ခန့်သွေးနောင်၏ အကြည့်များသည် အိမ်တစ်ဆောင်လုံးကို ဝေ့ဝဲကြည့်ပြီး နောက်တစ်ကြိမ် အသံထပ်ပြုလိုက်လေသည်။

"ဦးလေးထွန်း"

"ဦးလေးထွန်း ရှိပါသလားခင်ဗျာ"

ထိုအချိန်ထိ အိမ်လေးအတွင်းမှ တစ်စုံတစ်ရာ ဘာတုံ့ပြန်သံမှ မကြားရသောအခါ ခန့်သွေးနောင် လူဖြောင့်စိတ်တိုသမားကြီးမှာ စိတ်မရှည်ချင်တော့ပါ။

အိမ်တံခါးမကြီးကလည်း ပွင့်လျက် လူမရှိတာတော့ မဖြစ်နိုင်။ သူခေါ်တာ မကြားရအောင် လူက နောက်များရောက်နေလို့လားဆိုသော အတွေးဖြင့် ခြံတံခါးကို အသာတွန်းဖွင့်ပြီး ဝင်ခဲ့လိုက်သည်။

လူရိပ်လူယောင်ပင် မမြင်ရလောက်အောင် တိတ်ဆိတ်နေသော အိမ်လေးကိုကြည့်ပြီး ခန့်သွေးနောင် အော်ခေါ်လို့ကလည်း ကြားမည်မဟုတ်ဆိုတာ သိလိုက်သည်။

စားပင်သောက်ပင် စုံစုံလင်လင်နှင့် စိမ်းလန်းစိုပြေကာ



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းတိတ်ဆိတ်ငြိမ်သက်နေသော အိမ်နှင့်ခြံဝင်းလေးကို အကြည့်များဝေ့ကြည့်ရင်း ခန့်သွေးနောင်တစ်ယောက် ခြံထဲသို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။

"ဦးလေးထွန်း"

"ဦးလေးထွန်း"

"ဘယ်သူလဲ"

"ဟင်"

တုံ့ပြန်သံကို ကြားရပေမယ့် လူကတော့ဖြင့် ဘယ်နေမှန်းမသိပါ။ အသံရှင်ကို ခန့်သွေးနောင် ယခုထက်တိုင် မမြင်ရသေး။ အိမ်ထဲက တစ်စုံတစ်ယောက်များ ထွက်လာလေမလားဆိုသည့် အတွေးအကြည့်တွေနှင့် ခန့်သွေးနောင်သည် ကြည့်ရင်းက…

"ကျွန်တော်ပါ"

"ဘယ်ကကျွန်တော်လဲ"

အသံနှင့်အတူ ခြံနောက်မှကွေ့ဝိုက်ကာ တဘက်ကြီး ခေါင်းတွင်ပေါင်းလျက် သူ့ရှေ့ရောက်လာသည့် အမျိုးသမီးကြီး တစ်ယောက်။

ခန့်သွေးနောင် မျက်မှောင်ယောင်ယောင်ကြုတ်လျက် သူ့





အဖြစ်ကိုလည်း သူ ပြုံးချင်ချင်ဖြစ်သွားရသည်။

ကြည့်စမ်း…

သူမှာတော့ အသံရှင်ကို အိမ်ထဲကထွက်လာမည်အထင်နှင့် သူ့အကြည့်တွေက အိမ်ထဲကိုသာ ရောက်ရှိနေရသော်လည်း တကယ်တမ်း ထွက်လာသည်က သူထင်သလို အိမ်ထဲကမဟုတ်ပါဘဲ ခြံနောက်ဘက်မှ ထွက်လာပါသည့် အမျိုးသမီးကြီးတစ်ဦး။

မညီမညာသနပ်ခါးကို မျက်နှာတွင် ခပ်ထူထူလိမ်းကာ ဟောင်းနွမ်းနေသည့် အရောင်လွင့်နေပြီဖြစ်သော ရှပ်အင်္ကျီပွပွလက်ရှည်ကို ကြယ်သီးအပြည့်စေ့ တပ်ဝတ်လျက် အရောင်ခပ်မှိန်မှိန် တစ်ပတ်နွမ်းပါတိတ်နှင့် ခေါင်းကို တဘက်ကြီး ဆုပ်ပေါင်းထားသော သူ့ရှေ့က အမျိုးသမီးကြီးသည် ဦးလေးထွန်းနှင့် ဘယ်လိုများ ပတ်သက်တာပါလိမ့်။

ဦးလေးထွန်းမိန်းမ ဒေါ်လေးတင်ကို ခန့်သွေးနောင် မြင်ဖူးသလို ဒေါ်လေးတင်မရှိတော့သည်ကိုလည်း ခန့်သွေးနောင် သိပါ၏။

သို့သော် ယခု သူ့ရှေ့က အမျိုးသမီးကြီးကိုတော့ ခန့်သွေးနောင် တစ်ခါမှ မမြင်ဖူးခဲ့ပါ။ ဘယ်မှာလဲ၊ ဦးလေးထွန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုများပတ်သက်နေပါသလဲဆိုသော အကြည့်များဖြင့် ခန့်သွေးနောင်သည် သူ့ရှေ့က အမျိုးသမီးကြီးကို အကဲခတ်သလို ကြည့်လိုက်တော့…

"ဒီမှာရှင့်…ဒီမှာ၊ ရှင့်ကိုမေးနေတယ်လေ၊ ဘယ်သူနဲ့ ရှင်တွေ့ချင်လို့လဲဆိုတာ"

"ဒါ ဘယ်သူ့အိမ်လဲ"

"ဘာရှင့်…ရှင် သူများခြံဝင်းထဲထိအောင် ဝင်လာပြီး ဘယ်သူ့ခြံဆိုတာတောင် ရှင်မသိဘူးလား"

စံမိုမိုစကားကြောင့် စိတ်မြန်ကိုယ်မြန်သမားကြီး ခန့်သွေးနောင်မှာ မျက်နှာကြီး ရဲခနဲဖြစ်သွားရပြီး…

"မသိလို့မေးတာမဟုတ်ဘူး၊ ကျုပ် အိမ်များမှားနေပြီလား လို့မေးတာ"

"ပြောပါဦး၊ ရှင်က ဘယ်သူ့အိမ်ကိုလာတာလဲဆိုတာ"

"ဦးမောင်ထွန်း၊ အငြိမ်းစားပညာရေးမှူးကြီး ဦးမောင်ထွန်းဆီလာတာ"

ဖေဖေ့နာမည်ကိုပြောကာ ဖေဖေ့အား တွေ့ချင်ပါသည်ဆိုသော လူရွယ်ကို စံမိုမို မျက်နက်ဝန်းလေးနှင့် စူးခနဲစိုက်ကြည့်





လိုက်သည်။

မြင့်သောအရပ်နှင့်အတူ ရင်အုပ်ကားကား၊ ပခုံးကျယ်ကျယ်၊ ခိုင်ခန့်သောမေးရိုး၊ တိကျသောနှုတ်ခမ်း၊ စူးရှထက်မြက်သောမျက်ဝန်း၊ ထူထဲနက်မှောင်သောမျက်ခုံးနှင့် ညှိုသော်လည်း စိုပြေသောအသားအရေကို ပိုင်ဆိုင်ထားသော သူသည် ပါးမြိုင်းမွေးခပ်ရေးရေးနှင့် ရိတ်သိမ်းပြီးစ မုတ်ဆိတ်ခပ်စိမ်းစိမ်းလေးများကိုလည်း ပိုင်ဆိုင်ထားသူတစ်ယောက်ဖြစ်သည်။

အကြည့်တွေက စူးစူးရှရှနှင့် သူသည် အသက်ကသုံးဆယ်ဝန်းကျင်လောက်ရှိလိမ့်မည်။

စံမိုမိုသည် သူ့မရှေ့က လူရွယ်ကို ခပ်စူးစူးလေးကြည့်နေလိုက်သည်။ ဂျင်းဘောင်းဘီနှင့် တီရှပ်ဝတ်ကာ ခရီးဆောင်အိတ်ကို ပခုံးမှာလွယ်ထားသည့် သူ့ပုံစံက လူငယ်တစ်ယောက်၏ ပုံစံအပြည့်။

သူ့ကို စံမိုမို တစ်ခါမှ မမြင်ဖူးပါ။ ဖေဖေနှင့်ပတ်သက်ကာ ရောက်လာသည့် ဧည့်သည်များတွင် ဒီလူတစ်ယောက်မပါတာကိုတော့ သေချာပါသည်။

သူဘယ်သူပါလိမ့်။ ဘာကိစ္စ ဖေဖေ့နာမည်ကို မေးကာ



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရပါသည်လဲ။

"ဒီမှာအဒေါ်ကြီး"

"ဘာရှင့်"

"ဟာ…ဖြည်းဖြည်းအော်ပါ အဒေါ်ကြီး"

"ဟင်…ရှင် ရှင် ဘယ်သူ့ကိုပြောနေတာလဲ"

"ဒီနေရာမှာ အဒေါ်ကြီးနဲ့ ကျုပ်ပဲရှိတာ၊ အဒေါ်ကြီးကိုပဲ ကျုပ်ပြောနေတာပေါ့"

"ကြည့်စမ်း…ရှင် ရှင် ရှင် သူများခြံထဲလည်း မသိ အောင်ဝင်လာသေးတယ်၊ လူကိုလည်း စော်ကားသေးတယ်၊ ဘာလု ပါးဝတာလဲ"

"ဟာဗျာ…ကြံကြံဖန်ဖန်အဒေါ်ကြီးရယ်၊ အဒေါ်ကြီး စကားက ဘာလဲ၊ ကျုပ် အဒေါ်ကြီးကို ဘာစော်ကားနေလို့လဲ အဒေါ်ကြီး"

"ရှင် အဲဒီလိုခေါ်နေတာကိုက ကျွန်မကို စော်ကားနေ တာပဲ"

"ဗျာ"

စံမှီမှီစကားကို ခန့်သွေးနောင် နားမလည်နိုင်အောင်





ဖြစ်သွားရသည်။

သူဘာများမှားသွားပါလိမ့်။

တဘက်ကြီး ခေါင်းပေါင်းကာ မျက်နှာပေါ် သနပ်ခါးထူ ထူများက မပြယ်တပြယ်နှင့် အဒေါ်ကြီးအရွယ်မို့ သူ အဒေါ်ကြီး ခေါ်တာ ဘာများမှားနေလို့ပါလိမ့်။

ခန့်သွေးနောင်မှာ သူတွေ့ချင်သည့် ဦးလေးထွန်းကို မတွေ့ ရဘဲ ဒီအဒေါ်ကြီးနှင့် မထင်မှတ်ဘဲ စကားအချေအတင်ပြောဖြစ် သွားရသည့်အတွက် စိတ်ပျက်သွားရသလို မျက်ခုံးစိမ်းစိမ်းထူထူကြီး နှစ်ဖက်က ထိဆက်လုနီးပါး တွန့်သွားရသည်။

ခက်ပြီ။ အခုမှခက်ပြီ။ သူတွေ့ချင်သည့် ဦးလေးထွန်းကို တော့ဖြင့် သူ ခုချိန်ထိမတွေ့ရသေးပေမယ့် သူမတွေ့ချင်သည့် ဒီအဒေါ်ကြီးနှင့် လာတွေ့နေရသည်မို့ ခန့်သွေးနောင် ခေါင်းရှုပ်ကာ ဘာလုပ်ရမှန်းပင်မသိတော့။

သူအိမ်များမှားဝင်လာတာလား။

ဒါလည်းမဖြစ်နိုင်ပါ။ ခန့်သွေးနောင်ဆိုသည့် သူသည် အမှန်မှတ်ဉာဏ်ကောင်းသူတစ်ယောက်ဖြစ်သည်။ လွန်ခဲ့တဲ့ ငါးနှစ် လောက်က ကိစ္စမပြောနှင့် သူငယ်ငယ်ကကိစ္စများကိုပင် ခန့်သွေး



www.burmeseclassic.com

www.burmeseclassic.com



နောင်သည် မှတ်မိနေတတ်သူဖြစ်သည်။

ဒါကြောင့်မို့ လွန်ခဲ့တဲ့ငါးနှစ်လောက်က တစ်ခါရောက်ခဲ့ဖူးသော ဦးလေးထွန်းအိမ်ကို ခန့်သွေးနောင် ကောင်းကောင်းကြီး မှတ်မိနေပါသေး၏။

သည်တုန်းက ဦးလေးထွန်းဘေးတွင် ဦးလေးထွန်း၏ဇနီးချော ဒေါ်လေးတင်လည်း ရှိနေပါသေးသည်။

ဦးလေးထွန်းနှင့်သူ အဆက်အသွယ်ပြတ်သွားခဲ့သည့် ဒီနှစ်များတွင် ဦးလေးထွန်း၏ဇနီး ဒေါ်လေးတင် ကွယ်လွန်သွားခဲ့သည်ကို ခန့်သွေးနောင် တစ်ဆင့်စကား တစ်ဆင့်ကြားခဲ့ရပြီဖြစ်သည်။

သည်အတွက် ခန့်သွေးနောင်သည် ဦးလေးထွန်းအတွက် စိတ်မကောင်းဖြစ်ရသလို ဦးလေးထွန်း၏ဇနီး ဒေါ်လေးတင်အတွက်လည်း နှမြောတသ ယူကျုံးမရဖြစ်ရပါ၏။

ဒေါ်လေးတင်သည် ဦးလေးထွန်း၏ ပါရမီဖြည့်ဖက် ဇနီးကောင်းပီသသူတစ်ယောက် ဖြစ်သည်။ ကျောင်းဆရာမပီပီ စကားပြော ယဉ်ကျေးချိုသာစွာ ခင်မင်နှစ်လိုဖွယ်ကောင်းသော အပြုံးနှင့် လူတစ်ဘက်သား နားဝင်အောင် ပြောတတ်သော ဒေါ်လေးတင်ကို ဦးလေးထွန်း ချစ်မြတ်နိုးသည်မှာ မဆန်းပါ။





ခုတော့ ဦးလေးထွန်း ချစ်မြတ်နိုးပါသည့် ဒေါ်လေးတင်သည်လည်း ဦးလေးထွန်းအနားတွင် မရှိတော့ပါ။ ဦးလေးထွန်းနှင့်ဘက္ခ လောကကြီးကို တိတ်တဆိတ် နှုတ်မဆက်ပါဘဲ ကျောခိုင်းသွားခဲ့ပြီဖြစ်သည်။

ဦးလေးထွန်းသည် ဒေါ်လေးတင်ကို လက်လွှတ်ဆုံးရှုံးလိုက်ရသည့်အတွက် သိပ်ခံစားနေရမည်ကိုလည်း ခန့်သွေးနောင် ကိုယ်ချင်းစာမိပါ၏။

ကိုယ်ချင်းစာစိတ်နှင့်လည်း ဦးလေးထွန်းကို သူတွေ့ရအောင် လာခဲ့ခြင်းဖြစ်သည်။

သို့သော် ခန့်သွေးနောင်မှာ သူထင်သလို ဦးလေးထွန်းကို တွေ့ခွင့်မရသောအခါ ရင်ထဲတွင် လိပ်ခဲတည်းတည်းနှင့် စိတ်မှာ မရိုးမရွဖြစ်ကာနေတော့သည်။

သူရှေ့ကအဘေါ်ကြီးသည် စကားကို အဆင်ပြေပြေနှင့် ပြောတတ်ပုံမရပါ။ လူတစ်ယောက်ကို အလကားနေ ရန်လိုသလို အကြည့်စူးစူးကြောင်ကြောင်များဖြင့် ခါးကြီးထောက်ကာ ကြည့်နေပုံက စိတ်ကောင်းသူတစ်ယောက်မှ ဟုတ်ပါလေစ။

အိမ်ကြီးတစ်လုံးနှင့် တစ်ခြံလုံးတွင်လည်း ခုချိန်ထိ လူနည်



www.burmeseclassic.com

www.burmeseclassic.com



လို့ မြင်ရသူက ဒီအဒေါ်ကြီးတစ်ယောက်သာ ရှိလေသည်။

ခုချိန်တွင် ဦးလေးထွန်းအကြောင်းကို မေးဖို့ကလည်း သူ့ရှေ့က ဒီအဒေါ်ကြီးကလွဲလို့ အခြားသူတစ်ယောက်မှမရှိ။

စကားပြောအဆင်မပြေပေမယ့်လည်း မေးဖို့ရာ ဒီအဒေါ်ကြီးတစ်ယောက်သာရှိသည်မို့ ဘာပဲပြောပြော ခန့်သွေးနောင်သည် စိတ်ကို ရှည်ရှည်ထားကာ ဒီအဒေါ်ကြီးကိုပင် ဦးလေးထွန်း အကြောင်း မေးရလေတော့သည်။

"ဒါ ကျုပ်ပြောတဲ့ အငြိမ်းစားပညာရေးမှူး ဦးမောင်ထွန်း အိမ်ဆိုတာတော့ ဟုတ်ပါတယ်နော် အဒေါ်ကြီး"

ခန့်သွေးနောင်မှာ သူ့အဒေါ်ကြီးလို့ ခေါ်လိုက်တိုင်း မျက်နှာပျက်ပျက်သွားရသည့် စံမိုမိုအဖြစ်ကို သတိမထားမိပါ။

ထို့ကြောင့်လည်း သူသိချင်သည့်ကိစ္စကိုသာ ဆက်မေးနေ လိုက်သည်။

"ဦးလေးထွန်းရှိလား၊ ဘယ်သွားနေလဲ အဒေါ်ကြီး သိလား"

တင်းမာနေသော မျက်နှာလေးနှင့်အတူ နှုတ်ခမ်းကို သွား စွယ်ချွန်ချွန်နှင့် ဖိကိုက်ထားသည့်ကြားက စံမိုမို၏ သည်းခံနိုင်မှု က ဒီလူအပေါ် ကုန်ဆုံးသွားရလေသည်။





"အငြိမ်းစားပညာရေးမှူး ဦးမောင်ထွန်းအိမ်ဆိုတာ ဒီအိမ် ဟုတ်တယ်၊ ဘယ်သွားနေလဲဆိုတာတော့ ကျွန်မ မပြောနိုင်ဘူး၊ ပြီးတော့ ရှင့်ကိုလည်း ကျွန်မမျက်စိရှေ့မှာ မမြင်ချင်တော့ဘူး၊ ရှင် ဘယ်သူဆိုတာ ကျွန်မ မသိပေမယ့် ရှင် ကျွန်မမျက်စိရှေ့က ထွက်သွားပါတော့"

"ဟင်"

မီးဝင်းဝင်းတောက်သော အကြည့်စူးစူးလေးတွေနှင့် စံမို မိုသည် မခံချင်စွာပြောပစ်လိုက်သည်။ သူမအနေနှင့် အားနာရ ကောင်းမှန်းလည်း မသိတော့။ ခုချိန် သူမရင်ထဲရှိနေသည်က ဒီလူအပေါ် မခံချင်စိတ်၊ အမြင်ကတ်စိတ်နှင့် မုန်းတီးစိတ်များပါ ဝင်နေသည်ကိုတော့ သူမကိုယ်သူမသာ သိပါ၏။

ခန့်သွေးနောင်မှာလည်း မထင်မှတ်သည့်စကားမို့ ရုတ်တရက် အံ့အားသင့်ကာ ဘာစကားပြန်ပြောရကောင်းမှန်း မသိ ဖြစ်သွားရသည်။

သူ နားကြားမလွဲတာသေချာရင်ဖြင့် ဒီအဒေါ်ကြီးသည် သူ့အား သူ့မျက်စိရှေ့အောက်က နှင်နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ပါလိမ့်။ ရှင်းရှင်းပြောရလျှင် ခန့်သွေးနောင်သည် သူ့အား အဒေါ်ကြီး ဘာကြောင့်နှင်နေသည်ကို မသိပါ။

သူ့အနေနှင့်လည်း အဒေါ်ကြီးကို ထိခိုက်စေမည့် စကားတစ်ခွန်းမှမပါခဲ့တာ သေချာပါသည်။

ဒါနဲ့တောင် အဒေါ်ကြီးသည် ယဉ်ကျေးမှုကင်းမဲ့စွာ ကိုယ့်ဆီလာသည့် ဧည့်သည်တစ်ယောက်ကို အကြောင်းမဲ့ ဘာကြောင့် နှင်နေရပါသည်လဲ။

ခန့်သွေးနောင်သည် မခံချင်ဖြစ်သွားရသည်။ ပြောရလျှင် သူ့ဘဝတွင် သူလိုလူတစ်ယောက်ကို အခုလိုစကားမျိုး ဘယ်သူကမှ မပြောရဲပါ။

သူကသာ ပြောချင်ပြောပါလိမ့်မည်။ သူ့ကိုတော့ဖြင့် ဘယ်သူကမှ ဒီစကားမျိုး ပြောလိမ့်မည်မဟုတ်ဟု ထင်ထားခဲ့သမျှ အခုတော့ ဘာမဟုတ်သည့် ခပ်ကြောင်ကြောင် ဒီအဒေါ်ကြီးနှင့်ကြုံမှ သူခံလိုက်ရသည့်အဖြစ်။

သည်အတွက် ခန့်သွေးနောင်သည် အဒေါ်ကြီးကို မကျေမနပ်ဖြစ်သွားရပြီး…

"ဒီမှာအဒေါ်ကြီး"





"ရှင်ခေါ်ပြန်ပြီလား ဒီအဒေါ်…"

"နေစမ်းပါဦး၊ ကျုပ်နားမလည်လို့ ပြောစမ်းပါရစေ၊ ခင်ဗျားအရွယ်က အဒေါ်ကြီးမို့ ကျုပ်က ရိုသေသမှုနဲ့ အဒေါ်ကြီးလို့ ခေါ်တာ အဲဒါ ကျုပ်အပြစ်လား"

"အို"

ထိုအခါမှ စံမှီမှီသည် သူမကိုယ်သူမ ပြန်၍သတိထားမိသွားရသည်။

ဘုရားရေ…

ဟုတ်ပါရဲ့။ ကြည့်စမ်းပါဦး၊ သူမဘာဖြစ်လို့ ဒီအဖြစ်ကိုမေ့ကာ ကိုယ့်ကိုယ်ကို သတိမထားမိရတာပါလိမ့်။

သည်လူသည် ဖေဖေ့နာမည်ကိုမေးကာ ယခုမှရောက်လာသည့် ဧည့်သည်တစ်ယောက်။ ခရီးဆောင်အဝတ်အိတ်ကြီးနှင့် ဘယ်ကလာသည်မသိပေမယ့် သူသည် သူမအတွက် ယခုမှ မြင်ဖူးတွေ့ဖူးသည့် လူစိမ်းတစ်ယောက်။

ထို့အတူ သူသည်လည်း သူမနည်းတူ ရှိပါလိမ့်မည်။ သူမ ဘယ်သူဘယ်ဝါဆိုတာကိုလည်း ဒီလူသိပုံမရသလို အဒေါ်ကြီးတစ်ယောက်လို ဝတ်စားလျက် သနပ်ခါးထူထူများက မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ် [illegible]နှင့် ခေါင်းတွင် တဘက်ကြီးအုပ်ပေါင်းထားသော သူသည် ရုတ်တရက်ကြည့်ပါက အဒေါ်ကြီးတစ်ယောက်နှင့် တူနေမှာ အမှန်ဖြစ်ပါသည်။

ဒါကြောင့်လည်း ဒီလူသည် သူမကို အဒေါ်ကြီးလို့ခေါ်တာလည်း ဖြစ်နိုင်၏။ ထိုအတွေးနှင့် စံမိုမို၏ တင်းမာနေသော စိတ်လေးသည် လျှော့ချသွားရသည့်တိုင် တစ်ဘက်ကလည်း ကလေးဆန်ကာ မခံချင်သောစိတ်နှင့် အခုမှတွေ့ရသည့်လူကို ဒီအတိုင်း အလျှော့မပေးချင်သည်မို့ မျက်နှာလေးကို ဆတ်ခနဲ ပင့်တင်လိုက်ပြီး…

"နေပါဦး ရှင်ကဘယ်သူလဲ၊ ဘယ်ကလာတာလဲ၊ ဦးမောင်ထွန်းကိုရော ဘာကြောင့်တွေ့ချင်ရတာလဲ"

စံမိုမိုအမေးတွေကြောင့် ခန့်သွေးနောင်၏ အကြည့်ရှူးရှူး တစ်ချက်က သူမ၏မျက်နှာပေါ် စူးခနဲ ရောက်ရှိသွားရကာ…

"မေးခွန်းတွေ များလိုက်တာ၊ အဒေါ်ကြီးမေးခွန်းတွေကို ကျုပ် ဘယ်ကစဖြေရမှာလဲ"

"များတယ်ထင်လည်း ရှင့်သဘောပဲ၊ ရှင်ဖြေချင်မှဖြေ၊ ကျွန်မကတော့ ကိုယ့်ဆီ ဘယ်ကရောက်လာမှန်းမသိတဲ့ လူ





တစ်ယောက်ကို မေးသင့်မေးထိုက်တာတော့ မေးရမှာပဲ"

ပြောပြီး စံမိုမိုသည် လက်လေးပိုက်ကာ မျက်နှာလေး လွှဲနေလိုက်သည်။ သူမ၏ နဂိုပုံစံနှင့် နဂိုအလှအတိုင်းဆိုပါက သူမ၏ ထိုပုံစံလေးကပင် မြင်ရသူရင်ကို ဘဝင်ခိုက်လောက်အောင် ချစ်စဖွယ်ကောင်းနေမှာမှန်ပေမယ့် အခုလို သနပ်ခါးထူလဗျစ်နှင့် တဘက်ကြီးခေါင်းပေါင်းကာ အဒေါ်ကြီးတစ်ယောက်ဟန်နှင့် ထိုပုံစံလုပ်နေပုံက ကြည့်ရသူအတွက် အရုပ်ဆိုး အကျည်းတန်စေရသည်ကိုတော့ စံမိုမို သူမကိုယ်သူမလည်း မသိပါ။

သိနေမြင်နေသည့် ခန့်သွေးနောင်ကတော့ အရုပ်ဆိုး အကျည်းတန်လှသည့် အဒေါ်ကြီး၏မျက်နှာကို မကြည့်ဘဲ မျက်နှာလွှဲကာ…

"အဒေါ်ကြီးမေးခွန်းတွေကို ကျုပ်ဖြေပါ့မယ်၊ ကျုပ်နာမည် ခန့်သွေးနောင်၊ ရန်ကုန်ကလာတာ၊ ဦးမောင်ထွန်းကို ဘာကြောင့်တွေ့ချင်ရလဲဆိုတာကတော့ ကျုပ်က ဦးမောင်ထွန်းရဲ့ အချစ်ဆုံး သူငယ်ချင်း ဦးသက်နောင်ရဲ့သား ဖြစ်နေလို့ပဲ"

"ဟင်"

နှုတ်ခမ်းဖူးဖူးလေး စုဝိုင်းသွားရသည့်အထိ စံမိုမို အံ့သြ



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။ ဦးသက်နောင်။ ဒီနာမည်ကို စံမှီမှီသိနေပါ၏။ သိနေရအောင်လည်း ဖေဖေသည် သူ၏အချစ်ဆုံးသူငယ်ချင်းဖြစ်သည့် ဦးသက်နောင်အကြောင်းကို သမီးဖြစ်တဲ့ သူမအား အမြဲလိုပြောပြနေတတ်သူဖြစ်သည်။

စံမှီမှီသည် ဦးသက်နောင်ကို လူချင်းမမြင်မတွေ့ဘူးလိုက်ပေမယ့်လည်း ဖေဖေအမြဲပြောနေ၍ ဦးသက်နောင်နာမည်ကိုတော့ ရင်းနှီးစွာ သိနေရပြီဖြစ်သည်။

ယခု သူမနာမည်ရင်းနှီးစွာ သိနေပါသည့် ဦးသက်နောင်၏သား ခန့်သွေးနောင်ဆိုသူက သူမမျက်စိရှေ့ရောက်လာရသည့်အဖြစ်။

"ရှင်…ရှင်က ဦးသက်နောင်ရဲ့သား ဟုတ်လား"

မယုံနိုင်ခြင်း၊ အံ့သြခြင်းတွေနှင့် စံမှီမှီသည် သူ့ကိုကြည့်ကာ မေးလိုက်သည်။

ထိုအခါ ခန့်သွေးနောင်သည် စံမှီမှီအား တည်တည်ရှုရှုပြန်ကြည့်လိုက်ပြီး…

"ဟုတ်တယ်၊ ကျုပ် ဦးသက်နောင်ရဲ့သား ခန့်သွေးနောင်ပဲ"





မြတ်စွာဘုရား။

စိတ်မှာကျိတ်၍ ဘုရားတလိုက်ရင်းက စံမှီမှီသည် သူမကိုယ်သူမ စိတ်မလုံတော့သလို စောစောက ဒေါနှင့်မောနှင့် ပြောနေသည့် ရဲစိတ်တို့သည်လည်း ဘယ်ဆီ လွင့်စင်ပျောက်ကွယ်သွားမှန်းမသိတော့ဘဲ ရင်ဝယ်ရှက်ကြောက်စိုးရိမ်စိတ်တို့နှင့် လှုပ်ရှားနေရမှာပင် အခိုးအငွေ့အဖြစ်နှင့်သာ ပျောက်ကွယ်သွားချင်တော့သည့်အဖြစ်။

စိတ်ထဲတွင်လည်း စံမှီမှီ နင်သေလိုက်ပါတော့ဆိုသည့် စကားများကို ရင်မှာသာ အကြိမ်ကြိမ်အခါခါ ဆိုနေမိလိုက်သည်။

"ဘယ်လိုလဲအဒေါ်ကြီး၊ ကျုပ် ဒီလောက်ဖြေပြီးရင် ဦးလေးထွန်းနဲ့ တွေ့ခွင့်ရပါပြီနော်"

"ဟင်…ရှင်"

မတည်မပြုံး ခပ်စူးစူးအကြည့်တွေနှင့် ဆိုလိုက်သည့် ခန့်သွေးနောင်စကားကြောင့် စံမှီမှီတစ်ယောက် အယောင်ယောင်အမှားမှားနှင့် ဘာဖြေရမှန်းမသိတော့ပါ။

ဖြေရန်လည်း သူမတွင် အင်အားမရှိနိုင်တော့သလောက်ဖြစ်နေဆဲ…



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"ဟင် ဖေဖေ"

ဖေဖေ့အသံကြောင့် စံမှီမှီကိုယ်လေးမှာ ဆတ်ခနဲတွန့်တုန် သွားရသည်။

"ဘယ်သူလဲသမီး၊ ဧည့်သည်ရောက်နေတာလား"

ဦးမောင်ထွန်းသည် ခန့်သွေးနောင်အား တစ်ချက်ကြည့် ရင်း သမီးဖြစ်သူကို မေးလိုက်တော့ စံမှီမှီမှာ မျက်စိမျက်နှာပျက် သွားကာ...

"ဟုတ်ကဲ့ဖေဖေ၊ ရန်ကုန်ကတဲ့၊ ဦးလေးဦးသက်နောင်ရဲ့ သား ခန့်သွေးနောင်တဲ့"

"ဟင်"

စံမှီမှီစကားအဆုံးတွင် ဦးမောင်ထွန်း၏မျက်နှာကြီးသည် အံ့ဩမှုတွေနှင့် ဝင်းလက်သွားရပြီးနောက် ခန့်သွေးနောင်အား သေချာ ကြည့်ကာ...

"လူလေး ခန့်သွေးနောင်"

"ဦးလေးထွန်း"

"ဟာ...လူလေး မင်း မင်း တကယ်ပဲ ခန့်သွေးနောင်





နော်"

"ဟုတ်ပါတယ် ဦးလေးထွန်း၊ ကျွန်တော် ခန့်သွေးနောင် ပါ"

"လူလေးရယ်"

ဦးမောင်ထွန်းသည် ဟန်ပင်မဆောင်နိုင်တော့ဘဲ ခန့်သွေး နောင်အား သူ့လက်အစုံနှင့် သိုင်းဖက်ကာ ရင်ခွင်ထဲ ဆွဲသွင်းပွေ့ ဖက်လိုက်တော့ ခန့်သွေးနောင်သည်လည်း ဦးမောင်ထွန်းအား ပြန်၍ ပွေ့ဖက်ထားလေသည်။

"လူလေး...လူလေးရယ်၊ မင်း ဦးလေးထွန်းဆီ လာသေး တယ်နော်၊ ဟုတ်လား"

လူချင်းခွာလျက် ခန့်သွေးနောင်အား ဦးမောင်ထွန်းသည် စေ့စေ့စိုက်ကြည့်လျက် အပြုံးနှင့်ဆိုလိုက်လေသည်။

"လာရတာပေါ့ ဦးလေးထွန်းရယ်၊ ကျွန်တော့်ဘဝမှာ ဖေဖေကလွဲရင် ဖေဖေ့ကိုယ်စား ဦးလေးထွန်းပဲရှိပါတယ်"

"လူလေးရယ်"

ခန့်သွေးနောင်၏စကားကြောင့် ဦးမောင်ထွန်းတစ်ယောက် ရင်ထဲတွင် ဝမ်းသာဝမ်းနည်းကြီး ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း သူငယ်ချင်းဖြစ်သူ ဦးသက်နောင်ကို လည်း သတိရသွားရသည်။

သူငယ်ချင်းဖြစ်သူ ဦးသက်နောင်သည် သူ့အား နှုတ်မဆက်ပါဘဲ ဇနီးသည်နှင့်အတူ လောကကြီးထဲက ထွက်ခွာသွားသည်မှာ ကြာခဲ့ပြီပဲလေ။

"ဟင်း"

ဦးမောင်ထွန်းသည် သက်ပြင်းတစ်ချက်ကို ရှိုက်ထုတ်လိုက်သည်။

သည်နောက် ခန့်သွေးနောင်၏ ပခုံးပြည့်ပြည့်ကြီးကို ဆုပ်ကိုင်လိုက်ပြီး…

"သမီး"

"ရှင်"

"ဒါ ဖေဖေ သမီးကို အမြဲပြောပြောပြနေတဲ့ ဖေဖေ့အချစ်ဆုံးသူငယ်ချင်းရဲ့သား ခန့်သွေးနောင်၊ သမီးရဲ့အစ်ကိုလေ၊ လူလေး ဟိုတစ်ခါလာတုန်းက သမီးက သမီးဆရာမနဲ့ အလည်လိုက်သွားလို့ လူလေးနဲ့မတွေ့လိုက်ရဘူး၊ လူလေးလည်းမှတ်ထား ဒါ ဦးလေးထွန်းသမီးပဲ"





"ဗျာ"

ခန့်သွေးနောင် အံ့သြသွားရသည်။ သူ့ရှေ့မှ အဒေါ်ကြီးသည် ဦးလေးထွန်း၏ သမီးတဲ့လား။

"ကဲ လူလေး လာ ခရီးအဝေးကြီးလာရတာ ပင်ပန်းနေမှာပေါ့၊ အိမ်ထဲဝင်နားလိုက်ဦး"

ပြောပြောဆိုဆို ဦးမောင်ထွန်းသည် ရှေ့မှ ဦးဆောင်လျက် ခန့်သွေးနောင်အား အိမ်ထဲသို့ ခေါ်လာခဲ့သည်။

"ဦးလေးထွန်း နေကောင်းတယ်နော်"

သူ့အား အပြုံးတွေ လှိုင်လှိုင်ဝေ စကားဆိုနေသည့် ဦးလေးထွန်း၏ ကျန်းမာရေးအခြေအနေကို ကြည့်ပြီး ခန့်သွေးနောင် စိုးရိမ်စွာမေးလိုက်သည်။

"အင်း…ဦးလေးထွန်း ကျန်းမာရေးကတော့ လူလေးမြင်တဲ့အတိုင်းပါပဲ၊ တစ်နေ့ရွှေ တစ်နေ့ငွေဆိုသလိုပါပဲကွာ"

ဦးလေးထွန်းကို သူမတွေ့သည့် ငါးနှစ်အတွင်းမှာ သိသိသာသာ ကျန်းမာရေး ချို့တဲ့နေသော ဦးလေးထွန်းပုံစံက အားရှယ်မရှိ။

ခန့်သွေးနောင်မှာ ဦးလေးထွန်းအတွက် စိတ်မကောင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။

"ဒါနဲ့ လူလေး ဒီကိုဘယ်တုန်းက ပြန်ရောက်တာလဲ"

"ကျွန်တော်ပြန်ရောက်တာ တစ်လပဲရှိသေးတယ် ဦးလေးထွန်း၊ ရန်ကုန်မှာ အလုပ်နဲ့ပတ်သက်တဲ့ စီစဉ်စရာရှိတာတွေကို စီစဉ်ပြီး ဦးလေးထွန်းဆီကို ရောက်လာခဲ့တာပဲ"

"လူလေးက ဦးလေးထွန်းခြံကို မှတ်မိနေသေးတာပဲ"

"အဟွန်း...ကျွန်တော့်ဘဝမှာ ဖေဖေပြီးရင် ဦးလေးထွန်းက ကျွန်တော့်ဘဝအတွက် ဒုတိယသံယောဇဉ်အရှိဆုံး လူတစ်ယောက်မို့ ဦးလေးထွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်အားလုံး မှတ်မိနေပါတယ်"

"လူလေးဆီက ဒီစကားကြားရတာ ဦးလေးထွန်းအတွက် အတိုင်းထက်အလွန် ဝမ်းသာရပါတယ် လူလေးရယ်၊ ပြီးတော့ လူလေးနဲ့ ခုလိုပြန်တွေ့ရတာကိုလည်း ဦးလေးထွန်း ဝမ်းသာလို့မဆုံးဘူး၊ လူလေးကိုတွေ့ရတာ ဦးလေးထွန်း ခံစားနေရတဲ့ ဝေဒနာ တစ်ဝက်သက်သာသွားရသလိုပါပဲကွယ်"

"ဦးလေးထွန်းရယ်"

ခန့်သွေးနောင်သည် ဦးမောင်ထွန်း ပြောစကားများကို





အကြွင်းမဲ့ယုံကြည်မိပါသည်။ ဦးမောင်ထွန်းပုံစံက သူပြောသည့်အတိုင်း တကယ်ပင် ရောဂါတစ်ဝက် သက်သာသွားရသည့်နှယ် ပြုံးပြုံးရွှင်ရွှင် လန်းလန်းဆန်းဆန်းနှင့် ရောဂါသည်တစ်ယောက်နှင့်ပင်မတူတော့ပါ။

ခန့်သွေးနောင် မရောက်ခင်ကအထိ အိမ်ထဲကနေ အိမ်ပြင်မထွက်သလောက် ရောဂါဝေဒနာ ခံစားကာ အိပ်ရာထဲလဲနေရသော ဦးမောင်ထွန်းသည် အခုတော့ဖြင့် တကယ်လူကောင်းတစ်ယောက်လို ရှိနေသည်ကိုကြည့်ပြီး စံမိုမိုမှာ ဖခင်၏စိတ်ဆောင်နိုင်မှုကို အံ့သြနေရသည်။

အံ့သြမှုနှင့်အတူ ခန့်သွေးနောင်ဆိုသော ဒီလူသည် ဖေဖေ့အတွက် ဒီလောက်အရေးပါသည့် ဧည့်သည်တစ်ယောက်ပါလား ဆိုသော အတွေးနှင့် ရင်မှာ အနေခက်ခက်ကြီး ဖြစ်သွားရသည်။

တကယ်တော့ စံမိုမို အနေခက်မည်ဆိုလည်း ခက်စရာပင် ဖြစ်သည်။ ခန့်သွေးနောင်ဆိုသည့် ဒီလူကို စံမိုမိုသည် စကား ယဉ်ကျေးစွာ မပြောခဲ့ရုံမက ခန့်သွေးနောင်ကို စံမိုမိုသည် ခြံထဲမှ [illegible] နှင်ထုတ်ခဲ့မိသေးသည်မဟုတ်ပါလား။

ခုတော့ သူမနှင်ထုတ်ခဲ့သည့်သူသည် ဖေဖေ့ဖိတ်ခေါ်မှုနှင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ကိုပင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိနေသည့်အဖြစ်။

ရန်ကုန်မှလာသည်ဆိုသော ဒီလူသည် ကြည့်ရပုံကတော့ သူမတို့အိမ်မှာပင် စားအိမ်သောက်အိမ်သဖွယ် တည်းမည့်ပုံရလေသည်။

ဘုရား...ဘုရား။

သည်ပုံအတိုင်းဆိုရင်ဖြင့် သူမတော့ ဒုက္ခရောက်ရချည်ရဲ့။ ဖေဖေ့အချစ်ဆုံးသူငယ်ချင်း ဦးသက်နောင်၏သားမှန်း မသိခင်က အထိ စကားပြော ဘုနှင့်ဘောက် အဆင်မပြေခဲ့သော သူ့ကို ခြံထဲက ပင် နှင်ထုတ်ခဲ့ဖူးသော စံမှီမှီအတွက် ခန့်သွေးနောင်ကို တစ်အိမ်တည်းမှာ အတူနေထိုင်ပြီး မျက်နှာချင်းဆိုင်ဖို့ဆိုသည်မှာ မလွယ်ကူလှပါ။

သူ့အပေါ် နှုတ်ကျွံခဲ့ပြီမို့လည်း စံမှီမှီ သူ့ကို မျက်နှာချင်း မဆိုင်ချင်တော့ပါ။

သို့သော် ဒီအတွေးများသည် စိတ်ကူးထဲမှာသာရှိပါသည်။ တကယ်အပြင်လက်တွေ့မှာတော့ဖြင့်...

"သမီးရေ...မှီ"

"ရှင် ဖေဖေ"





"လာပါဦးကွယ်"

ဖခင်ဖြစ်သူက ခေါ်နေပြီမို့ စံမှီမှီသည် ခန့်သွေးနောင်ကို ရင်မဆိုင်ချင်သော်လည်း မရတော့ပါ။ ပြောခဲ့တုန်းကတော့ ဘာရယ် မဟုတ် စိတ်တိုတိုနှင့် ပြောခဲ့တာမှန်သော်လည်း အခုလို တစ်အိမ်တည်းမှာ အတူနေ မျက်နှာချင်းဆိုင်တွေ့ရမည်ဆိုသောအခါ စံမှီမှီသည် သူ့အပေါ် မကျေနပ်ပေမယ့် အနည်းနှင့်အများတော့ အားနာ အနေခက်မိရသည်ကအမှန်။

ဦးမောင်ထွန်း၏ အသံပြုသံကြောင့် စံမှီမှီသည် သူမစိတ်ကို သူမအားတင်းရင်း အခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

သည်တစ်ခါတော့ဖြင့် သူမသည် ခေါင်းတွင် တဘက်ကြီးအုပ်ပေါင်းမထားတော့ပါ။

တံကောက်ကွေးထိအောင် ရှည်လျားသွယ်စင်းလျက် ကော်မောင်ကာ ပိုးသားနှယ် နူးညံ့နေရပါသော ဆံနွယ်ရှည်ကြီးများ၏ အောက်တွင် ခပ်မြင့်မြင့်လေး စုစည်းထားသဖြင့် မျက်နှာလှလှသော အထင်းသား အရှင်းသားနှင့် စံမှီမှီအလှတော်...ကတည်းကနှင့် တခြားစီပေါ်လွင်နေရသည်။ မျက်လွှာလေးချထားသည် မီးဖွဲဖွဲလေးများနှင့် ထိုင်ခွင့်မရပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသော မျက်နှာပေါ်မှ သနပ်ခါးထူထူများသည် စံမှီမှီမျက်နှာပေါ်တွင် မရှိတော့။

ခြံထဲတွင် သူမလုပ်ရမည့်အလုပ်တွေ ပြီးကတည်းက စံမှီမှီသည် သူမကိုယ်သူမ ခြေလက်ဆေးကြောရင်း မျက်နှာကိုပါ တစ်ခါတည်းသစ်ခဲ့လေသည်။

ထို့အတူ ခြံထဲတွင် အလုပ်လုပ်ခဲ့သည့် ဝတ်စုံကိုလည်း လဲထားခဲ့ပြီဖြစ်သော စံမှီမှီသည် ဖေဒါနုရောင်ချည်သားလက်စကရင်စိလေးနှင့် အနက်ခံပေါ်တွင် ဖေဒါနုရောင်အပွင့်လေးများပါသော ချည်ကြမ်းချောလုံချည်လေး တွဲဝတ်ထားသလို အခြယ်အသကင်းမဲ့စွာ နွမ်းနယ်နေသော်လည်း မဖျက်ပြယ်သည့် အလှများနှင့် နုနုထွေးထွေးလေး လှနေလေသည်။

ဧည့်ခန်းတွင်ထိုင်ရင်း ဦးမောင်ထွန်းနှင့် စကားပြောနေသော ခန့်သွေးနောင်သည် လှုပ်ခနဲခါသွားသည့် ခန်းဆီးနောက်မှ ထွက်ပေါ်လာသည့် အရိပ်လေးဆီသို့ အကြည့်များ အမှတ်မထင်တကိုယလို ရောက်ရှိသွားရာ...

"သမီးရေ့

"ရှင် ဖေဖေ" ခန့်သွေးနောင်၏ အကြည့်များသည်





ထိုအရိပ်လေးထံ ခဏတာမျှ မျက်တောင်မခတ် စူးစူးစိုက်စိုက် ရောက်ရှိသွားရသည်။

လှပါသည်ဆိုသော စကားနှင့်မလုံလောက်နိုင်အောင်ပင် သိပ်ကိုလှလွန်းသည့် မိန်းကလေးတစ်ယောက်။

အသားအရေလေးများ ကြည်စင်ဝင်းမွတ်နေသည်မှာ ပုလဲလုံးလေးလိုပင်။ မသွယ်မဝိုင်း မျက်နှာလေးနှင့် လိုက်ဖက်စွာ မျက်ခုံးထူထူနက်နက်တန်းတန်းလေးက သူမအလှကို ထင်းရှင်းစွာ ခြင်စေရသလို ရှည်လျားကော့ပျံနေသည့် မျက်တောင်ရှည်ကြီးများ စင်းချလျက် နှုတ်ခမ်းထူထူ ရဲရဲစိုစိုက သွေးရောင် လွှမ်းလျက် တင်းတင်းစေ့ပိတ်ထားသော ထိုနှုတ်ခမ်းသည် မာနနှုတ်ခမ်းမဟုတ်တာတော့ မဟုတ်နိုင်ပါ။

မြင့်သောအရပ်နှင့်အတူ သွယ်လျပြေပြစ်သော ခန္ဓာကိုယ်၏ ကောက်ကြောင်းအလှကလည်း ပုရိသများကို ဆွဲဆောင်နိုင်စရာ။

သူမ ဘယ်သူပါလိမ့်။

ခန်းဆီးနောက်ကွယ်မှ ထွက်လာပါပြီဆိုကတည်းက မျက်တောင်ရှည်ကြီးများကို စင်းချကာ မျက်လွှာလေးချထားသည်မို့ သူမမျက်ဝန်းအလှကို သူမြင်ခွင့်မရပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွက် သူ့စိတ်မှာ အနည်းငယ် ကသိကအောက် ဖြစ်ရသော်လည်း ခန့်သွေးနောင် ကျေနပ်ပါသည်။

လှသောမျက်နှာ၊ ယဉ်သောအသွင်လေးနှင့် သူတွေ့ခဲ့ဖူးသမျှ မိန်းကလေးအလှတွေနှင့် ကွာခြားနေရသော သူမအလှက ရုတ်ခြည်းတော့ဖြင့် သူ့စိတ်အာရုံအတွေးများကို စွဲဆောင်သွားခဲ့ရပြီဖြစ်သည်။

တစ်ဆက်တည်း ခန့်သွေးနောင်သည် သူမနှင့်ပတ်သက်ကာ ရင်ထဲတွင်လည်း အမည်မဖော်တတ်သည့် ဝေဒနာနှင့် ခံစားမှုမှာ သိသိသာသာကြီး ထူးခြားသွားရသည်။

ကြည့်စမ်း။

ဒါ သူဘာဖြစ်တာပါလိမ့်။

သေချာသည်ကတော့ သူမကြောင့် သူ့ရင်ခုန်သံတွေ မြန်သွားရခြင်းပင်။

ခန့်သွေးနောင်သည် သူ့ရင်ထဲက ခံစားမှုများကို အပြင်လူ မသိစေရပါ။ ဒါကလည်း ခန့်သွေးနောင်၏အကျင့်ပင်ဖြစ်သည်။

ခန့်သွေးနောင်ဆိုတာက လူတစ်မျိုး။ သူ့ရင်ထဲတွင် ခံစားမှုတွေ ဘယ်လောက်ပဲ ပြင်းထန်ပေါက်ကွဲချင်နေပါစေ သူခံစားမှုတွေ





ကိုတော့ အပြင်လူမသိစေရပါ။

မျိုးသိပ်ထိန်းချုပ်နိုင်လွန်းသည်က ခန့်သွေးနောင်၏ အကျင့်ပင်ဖြစ်သည်။ ခုလည်း ခန့်သွေးနောင်သည် ထိုအကျင့်အတိုင်း သူ့ရင်ထဲတွင် သူမလေးနှင့်ပတ်သက်ကာ ခံစားမှုတွေ ဝုန်းဒိုင်းကြဲသွားရပေမယ့် အပြင်ပန်းသူ့ပုံစံကတော့ဖြင့် ရင်ထဲကခံစားမှုတွေနှင့် ဆန့်ကျင်ဘက်။

သူမအလှကို ဂရုမစိုက်သလိုလို။ မကြည့်သလိုလို၊ အသိအမှတ်ပြုဖော်မရသလိုလိုနှင့် အကြည့်များကို သူမထံ ခ...သာပို့လျက် ချက်ချင်းပင် အကြည့်များ လွှဲပစ်လိုက်သည်။

မသိပါက ခန့်သွေးနောင်သည် အလှအပကို မခံပင်မခံစားတတ်သည့် လူတစ်ယောက်လိုမျိုး။

“သမီးရေ..သမီးအစ်ကိုကို ထမင်းကျွေးရအောင် ပြင်ပါတွယ်၊ ပြီးတော့ လူလေးအတွက် အိပ်ခန်းတစ်ခန်းလည်း သမီးပဲကြည့်ပြင်ပေးလိုက်ဦး”

“ဟုတ်ကဲ့ မေမေ”

စံမိုမိုမှာ သူ့ရှေ့တွင်ကြာကြာမနေရသည့်အတွက် စိတ်မှာ ကျိတ်၍ဝမ်းသာကာ နေရာမှ ကိုယ်လေး ချာခနဲလှည့်အထွက်..



www.burmeseclassic.com

www.burmeseclassic.com



"ဩော် သမီး"

"ရှင်"

စံမီမီ၏ လှမ်းလက်စခြေလှမ်းများ အလိုလိုရပ်သွားရကာ ဖခင်ဖြစ်သူကို ကြည့်လိုက်သည်။

"လူလေးကို ထမင်းကျွေးဖို့ ဟင်းလိုရင် ထပ်ချက်လိုက်ပါဦးကွယ်"

"ဟာ…နေပါစေဦးလေးထွန်း၊ ကျွန်တော့်အတွက် ဘာမှ ဒုက္ခမရှာပါနဲ့၊ ရှိတာနဲ့ ကျွန်တော်စားနိုင်ပါတယ်"

"မီ လိုအပ်တာတွေအားလုံး လုပ်ပြီးပါပြီဖေဖေ၊ ထမင်းပွဲ ပြင်လိုက်ရုံပါပဲ"

"အေး…အေး ဒါဆိုလည်း ထမင်းပွဲပြင်လိုက်တော့ သမီး"

"ဟုတ်ကဲ့"

စကားနှင့်အတူ လူကလည်း ခန့်သွေးနောင်တို့အနားမှ လှစ်ခနဲ ကွယ်ပျောက်သွားရပြီဖြစ်သည်။

"ဟင်"

သက်မတစ်ချက်နှင့်အတူ ခန့်သွေးနောင်မှာ မျက်ခုံးကြီး





တွန့်ချိုးလျက် ရင်ဝယ်အံ့ဩမှုတွေနှင့် တစ်စုံတစ်ရာကို နားမလည်နိုင်တော့ပါ။

"မီ…မီတဲ့"

သူမလေးသည် ကိုယ့်ကိုယ်ကို မီလို့ ထည့်ပြောသွားပါရောလား။ ဒါဖြင့် သူမသည် သူစောစောကတွေ့ခဲ့သည့် ဦးလေးထွန်း၏သမီး အဒေါ်ကြီးစံမီမီပဲလား။

ဟင့်အင်း…မဖြစ်နိုင်ပါ။

သူမြင်တွေ့ခဲ့သည့် စံမီမီဆိုတာ ရုပ်ဆိုးဆိုးနှင့် အဒေါ်ကြီး တစ်ယောက်။ ခု သူမြင်တွေ့ရသူလေးက စိုရွှန်းတောက်ပသော အလှတွေနှင့် မြင်ရသူရင်ကို လှိုက်ဖိုစေရသည့် ကြည်စင်နုထွေးသော အလှပိုင်ရှင်လေး။

သူတွေ့ခဲ့ရသည့် အဒေါ်ကြီး စံမီမီနှင့် ယခု မီဆိုသော မိန်းကလေးသည် အရှေ့နှင့်အနောက်ပမာ တခြားစီပင်ဖြစ်လေသည်။

ဒါဖြင့် သူမလေးသည် ဦးလေးထွန်း၏ တခြားသမီး တစ်ယောက်များပေလား။ ဒါလည်းမဖြစ်နိုင်။ ဦးလေးထွန်းတွင် သမီးတစ်ယောက်တည်းသာ ရှိသည်ကို ခန့်သွေးနောင် အသိပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးထွန်းတွင် သူမသိသည့် သမီးတစ်ယောက်များ ရှိနေသေးလားဆိုသော အတွေးနှင့် ခန့်သွေးနောင်သည် သူမနှင့် ပတ်သက်ကာ ရင်မှာသိချင်စိတ်များကို မမျိုသိပ်နိုင်တော့ဘဲ…

"ဦးလေးထွန်း"

"ပြော လူလေး"

"ဒေါ်လေးဆုံးတော့ ဦးလေးထွန်းတို့မှာ သားသမီးဘယ်နှစ်ယောက်ကျန်ခဲ့လဲ"

ခန့်သွေးနောင်အမေးကြောင့် ဦးမောင်ထွန်း မျက်ခုံးကြီး ပင့်တက်သွားရပြီး…

"ဘာဖြစ်လို့လဲ လူလေး၊ ဦးလေးထွန်းတို့မှာ သားသမီးဆိုလို့ သမီးလေးစံမှီမှီတစ်ယောက်တည်းပါပဲ၊ မင်းဒေါ်လေး မရှိတော့ကတည်းက ဦးလေးထွန်းမှာ ဒီသမီးလေးကိုပဲ အားကိုးနေရတာ၊ ဦးလေးထွန်းရဲ့ ပင်စင်လစာက ဦးလေးထွန်းတို့ရဲ့ အိမ်စရိတ်တောင် မကာမိပါဘူးကွယ်၊ ဒါကို သမီးလေးကပဲ ရှာကြံပြီး တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင်ဆိုပြီး ခြံစိုက်တယ်လေ၊ ခြံလုပ်ငန်းကလည်း လူလေးသိတဲ့အတိုင်း ပင်ပန်းတယ်၊ ဒါပေမယ့် သမီးလေး အပိုငွေကုန်မယ်ဆိုပြီး အလုပ်သမားမငှားဘဲ ခြံအလုပ်





တွေကို သူတစ်ယောက်တည်းလုပ်တယ်လေ၊ လူလေးလည်းမြင်မှာပေါ့၊ စောစောက ခြံထဲမှာ သမီးအလုပ်လုပ်နေတာ တကယ့်အလုပ်သမားတစ်ယောက်လို အပင်ပန်းခံရှာတယ်၊ ဦးလေးထွန်းမှာလည်း ကျန်းမာရေးမကောင်းတော့လို့သာ သမီးလေး အပင်ပန်းခံပြီး အလုပ်လုပ်နေတာကို မတတ်သာတဲ့အဆုံး ကြည့်နေရတာယ် ရင်ထဲမှာတော့ သမီးအတွက် ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ လူလေးရယ်"

"ဟင်"

ဦးလေးထွန်းကိုယ်တိုင် ပြောပြ၍သာ ခန့်သွေးနောင် ယုံလိုက်ရပါသည်။ ခြံထဲတွင်တွေ့ခဲ့ရသည့် အဒေါ်ကြီးစံမှီမှီနှင့် ယခုမှီဆိုသော မိန်းကလေးမှာ တစ်ယောက်တည်းဆိုတာ ခန့်သွေးနောင်အတွက် မယုံချင်စရာ မယုံနိုင်စရာကောင်းလှသလို ကျန်းမာရေးမကောင်းတော့သည့် ဖခင်ကြီးနှင့် သားအဖနှစ်ယောက်၏ စားစရိတ်ကို ရုပ်ရည်အရွယ်လေးနှင့်မလိုက်အောင် ရိုးသားစွာ စီးပွားရှာနေရသော စံမှီမှီဆိုသည့် ဒီမိန်းကလေးကို ခန့်သွေးနောင်မှာ အထင်မကြီး မလေးစားဘဲ မနေနိုင်တော့ပါ။

ကျန်းမာရေးမကောင်းသည့် ဖခင်ကြီးအတွက် ရိုးသားစွာ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာနေသူလေးကို အထင်ကြီး လေးစား



www.burmeseclassic.com

www.burmeseclassic.com



တ်တို့နှင့်အတူ သူမလေးအား အဒေါ်ကြီးတစ်ယောက်အမှတ်နှင့် သင်မှတ်ကာ ပြောခဲ့သည့်စကားများအတွက် ရင်မှာ အားနာမှုတို့နှင့် အတူ မျက်နှာပူရကာ သူမလေးအား ကျေနပ်သည့်အထိ တောင်းပန်စကားဆိုရန်ကိုလည်း ခန့်သွေးနောင် ရင်မှာ ကျိတ်၍ ဆုံးဖြတ်လိုက်မိသည်။

ထိုနေ့တစ်နေ့လုံး စံမိုမိုသည် ဖခင်ကြီးနှင့် ခန့်သွေးနောင် အတွက် သူမလုပ်စရာရှိသည့်အလုပ်များကို လုပ်ပေးပြီးနောက် သူမအရိပ်ကိုမျှပင် ခန့်သွေးနောင် မမြင်ရတော့ပါ။

သူ့အဒေါ်ကြီးခေါ်တိုင်း မျက်နှာပျက်ပျက်သွားတတ်သော သူမလေး ဘာကြောင့် ထိုသို့မျက်နှာပျက်ရသည်ဆိုတာကိုလည်း ခန့်သွေးနောင် အခုမှပင်သိတော့လေသည်။

◉ ◉ ◉



## အခန်း (၂)

"စံမိုမို"

"အမေ့"

"ဟင်"

"ရှင်"

"အဟွန်း...လန့်သွားလား"

ခြံထဲတွင် အလုပ်လုပ်နေရာမှ အနီးကပ်ခေါ်သံကြောင့် စံမိုမိုအတွေးများနှင့် လန့်သွားရသလို မျက်ဝန်းအပြုံးသားလေးနှင့် သူမရှေ့ကလူကို စူးခနဲကြည့်လိုက်ရင်းက...

"ရပါတယ်"

"စံမိုမိုကို ကျွန်တော်ရှာနေတာ"

"ကိစ္စရှိလို့လား ဦးခန့်သွေးနောင်"

www.burmeseclassic.com



"တောင်းပန်ချင်လို့ပါ"

"ရှင်"

သူ့စကားကို စံမှီမှီသည် နားမလည်သလို မျက်ခုံးလေး ပင့်တက်သွားရသည်။ နဖူးပေါ် ဆွေးစလေးများ သီနိုလျက် အလုပ်တွေ ဒီလောက်လုပ်နေသည့်ကြားက အလှပျက်သွားသည်မရှိသော စံမှီမှီမျက်နှာလှလှလေးကို ခန့်သွေးနောင်သည် သူ့ပုံစံအတိုင်း စူးခနဲ တစ်ချက်ကြည့်လိုက်ပြီး…

"မနေ့ကကိစ္စအတွက် စံမှီမှီကို ကျွန်တော်တောင်းပန်ချင်လို့ပါ၊ မနေ့က စံမှီမှီကို ရုတ်တရက်ဆိုတော့ ဟိုအဒေါ်ကြီးမှတ်ပြီး"

စံမှီမှီမှာ သူဘာပြောချင်သည်ဆိုတာကို အခုမှ သဘောပေါက်သွားရကာ…

"ကိစ္စမရှိပါဘူး၊ မသိလို့ပြောတာပဲ၊ ဒီကိစ္စ ကျွန်မခေါင်းထဲ ထည့်မထားပါဘူး"

"ကျေးဇူးပါပဲဗျာ၊ ကျွန်တော်က စံမှီမှီ ကျွန်တော့်ကို စိတ်ဆိုးနေပြီမှတ်တာ"

"ဒါ စိတ်ဆိုးစရာမှမဟုတ်ဘဲ၊ ကျွန်မ လူတစ်ယောက်





အပေါ်မှာ လွယ်လွယ်နဲ့ စိတ်မဆိုးတတ်ပါဘူး၊ စိတ်ဆိုးပြီဆိုရင်လည်း အဲဒီလူ့မျက်နှာကို ကျွန်မ မကြည့်ချင်တော့ဘူး"

"အဟွန်း…စံမှီမှီက ကျွန်တော်ထင်တာထက်တောင် ပိုစိတ်ကြီးတဲ့သူပဲ၊ ကျွန်တော့်မျက်နှာကိုတော့ မြင်ချင်ပါသေးတယ်နော်"

"အို"

"ဆောရီး ကျွန်တော်ပြောတာ စံမှီမှီ ကျွန်တော့်ကို စိတ်မဆိုးတာသေချာလားလို့ မေးတာပါ၊ ကျွန်တော် စံမှီမှီအပေါ် စကားတွေနဲ့ လွန်ခဲ့တယ်မဟုတ်လား"

"ကျွန်မဘက်ကလည်း ရှင့်အပေါ် လွန်ခဲ့တာပါပဲလေ"

"စံမှီမှီကို ကျွန်တော် အပြစ်မယူပါဘူး"

"ယူလို့လည်းမရပါဘူး"

"ဟာဗျာ"

မျက်နှာလှလှလေးကို ခပ်မော့မော့ထားလျက် သူ့စကားကို အရေးမစိုက်သလို သူမလုပ်စရာရှိသည့်အလုပ်များ ဆက်လုပ်နေသော စံမှီမှီကို ခန့်သွေးနောင်သည် မျက်ခုံးကြီးပင့်ချီလျက် မျက်နှာချောချောကြီးမှာလည်း မတည်မပြုံးကြီး ရှိသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေး မလွယ်ပါလားဆိုသော အတွေးနှင့်အတူ ကလေးဆန်ကာ ဂျစ်ကျချင်သော သူမအပြုအမူကိုလည်း ခန့်သွေးနောင် မထင်မှတ်ဘဲ မြင်တွေ့ခွင့်ရလိုက်လေ၏။

"ကျွန်တော် ဘာကူလုပ်ပေးရမလဲ စံမိုမို"

မှန်ညှင်းခင်းလေးနား ပေါင်းရှင်းနေသော စံမိုမိုကိုကြည့်ပြီး ခန့်သွေးနောင် မေးလိုက်သည်။

"နေပါစေ၊ ရပါတယ်၊ ဒီအလုပ်တွေ ကျွန်မလုပ်နေကျပါ၊ ရှင် ဖေဖေနဲ့သာ သွားစကားပြောနေပါ"

"ဦးလေးထွန်း ဆေးသောက်ပြီး ခဏအိပ်နေတယ်၊ ခိုင်းစရာရှိတာ ကျွန်တော့်ကိုခိုင်းပါ စံမိုမို၊ အားမနာပါနဲ့"

ပြောရင်းက ခန့်သွေးနောင်သည် ဘာအခြယ်အသမှမရှိသော စံမိုမိုမျက်နှာလှလှလေးကို ကြည့်လိုက်မိသည်။

သည်နေ့တော့ စံမိုမိုသည် ခြံထဲကို ဆင်းလာခဲ့ပေမယ့် မျက်နှာတွင် မနေ့ကလို သနပ်ခါးထူထူပျစ်ပျစ်ကြီး လိမ်းမထားသလို ခေါင်းကိုလည်း တဘက်ကြီးနှင့် အုပ်ပေါင်းမထားပါ။

ရှည်လျားနက်မှောင်သော ဆံနွယ်များကို တစ်ပတ်ရစ်ခွေ တင်လျက် ခေါင်းတွင် ခမောက်ဝိုင်းကြီးတစ်ခုကိုသာ ဆောင်းထား





ကာ အလုပ်နှင့်လက် ပြတ်သည်မရှိလုပ်နေသော စံမိုမိုကို ခန့်သွေးနောင် ကြည့်နေလိုက်သည်။

ပြောလို့ပြောသည်မဟုတ်ပါ။ ဒီမိန်းကလေး အလုပ်လုပ်နိုင်လွန်းပုံကတော့ တကယ့်ကို ရှားမှရှားပဲဖြစ်သည်။

မနက်လေးနာရီလောက်ထကာ ဆွမ်းချက်၊ ဘုရားပန်းလဲ၊ သောက်တော်ရေကပ်၊ ဘုရားရှိခိုး၊ သတ္တဝါတွေကို အမျှအတန်းပေးဝေပြီး မနက်စာကို စီစဉ်နေသော သူမလေးသည် ဦးလေးထွန်းနှင့်သူ အိပ်ရာကနိုးချိန်မှာတော့ သူတို့နှစ်ဦးအတွက် စားစရာများကာ စားပွဲပေါ်တွင် အသင့်ပြင်ပြီးနေပြီဖြစ်သည်။

နားပါးသော ခန့်သွေးနောင်သည် အိပ်ရာထဲက မထသေးပေမယ့် သူမလှုပ်ရှားသံတိုးတိုးသဲ့သဲ့အားလုံးကို အိပ်ရာထဲမှ ကြားနေရလေသည်။

မနက်လေးနာရီ ထပါပြီဆိုကတည်းက စံမိုမို တစ်ယောက် အလုပ်နှင့်လက်ပြတ်သည်မရှိတော့ပါ။

မနက်စောစော သူမတို့ခြံ ဖောက်သည်လာယူသူများကိုလည်း စံမိုမိုသည် ခြံထွက်သီးနှံစားပင်သောက်ပင်လေးများကို ရောင်းနေသော စကားခပ်တိုးတိုးတို့ကိုလည်း ခန့်သွေးနောင် ကြားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရပြီဖြစ်သည်။

ဦးလေးထွန်းအတွက် တစ်ယောက်ဆိုဆိုသလောက် လိမ္မာကာ တော်လွန်းသော စံမိမိလို သမီးရခြင်းအတွက် ဦးလေးထွန်း ကံကောင်းသည်လို့ပြောရပါမည်။

ဦးလေးထွန်းနှင့်သူ မနက်စာ စားပြီးသည့်အချိန်တွင် သူမသည် နေ့လယ်စာ ချက်ပြုတ်ရန် ပြင်ဆင်နေပြီဖြစ်သည်။

နေ့လယ်စာချက်ပြုတ်ပြီးသည်နှင့် ခြံထဲသို့ စံမိမိ ရောက်နေရပြီဖြစ်သည်။ ဒါတွေက သူမအတွက် တစ်နေ့အလုပ်မဟုတ်။ နေ့စဉ်အလုပ်တွေပါလားဆိုသော အသိနှင့် ခန့်သွေးနောင်သည် စံမိမိအား အသနားပိုသွားရသည်။

ဘဝအတွက် ရိုးသားကြိုးစားစွာ အလုပ်လုပ်နေသူလေးပါလားဆိုသောအသိက ခန့်သွေးနောင်ရင်ကို ကရုဏာသက်စေရသည်ပဲလေ။

ထိုကရုဏာစိတ်ကြောင့်လည်း ခန့်သွေးနောင်သည် သူ့ဘက်က တတ်နိုင်သမျှ စံမိမိအား ကူညီရန် မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော် ဒါတွေလုပ်လိုက်မယ်နော် စံမိမိ"





"အို နေပါ၊ မလုပ်ပါနဲ့ ဦးခန့်သွေးနောင်"

စိတ်မြန်ကိုယ်မြန်သမား တစ်ယောက်လို စိုက်ခင်းများ တစ်လျှောက် ရေလောင်းရန်ပြင်ထားသော ရေပန်းပုံးနှစ်ခုကို ခန့်သွေးနောင်သည် ဆတ်ခနဲကောက်ယူဆွဲရင်းက ပြောလိုက်တာမို့ စံမိမိမှာ အားနာဟန်လေးနှင့် တားလိုက်သည်။

"ဘာဖြစ်လို့လဲ စံမိမိ၊ ကျွန်တော်လုပ်တာ မကြိုက်လို့လား"

"အို...မဟုတ်ပါဘူး၊ ရှင်က ဧည့်သည်ပဲ၊ ဒီအလုပ်တွေ မလုပ်ပါနဲ့၊ ပြီးတော့ ဖေဖေမြင်ရင်လည်း စိတ်ကောင်းမှာမဟုတ်ဘူး"

အိမ်လေးကို လှမ်းကြည့်လျက် စံမိမိမှာ ဖေဖေများမြင်သွားပြီလားဆိုသော အတွေးနှင့် စိုးရိမ်စွာပြောလိုက်သည်။

ခန့်သွေးနောင်မှာ စံမိမိ့စကားကြောင့် မျက်နှာကြီးညိုသွားရပြီး...

"ဧည့်သည်လည်း ဒီထမင်းစားတာ၊ အိမ်ရှင်လည်း ဒီထမင်းစားတာ အတူတူပါပဲဗျာ၊ ဧည့်သည်ရယ် အိမ်ရှင်ရယ်ဆိုပြီး ကျွန်တော့်ကို ခွဲမထားပါနဲ့၊ မိန်းကလေးတစ်ယောက်ရဲ့ လုပ်အားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ငွေကို အလကားထိုင်စားရဲလောက်တဲ့ သတ္တိမျိုး ကျွန်တော့်မှာ ပါမလာဘူး စံမီမီ၊ ဒါကြောင့် ကျွန်တော့်ကို အလုပ်လုပ်ခွင့်ပြုပါ''

ရော်… ဒီလူဘယ်လိုပါလိမ့်။

မလုပ်ပါနှင့်တားနေသည်ကိုပင် လက်မခံဘဲ ဖွတ်ရော အတင်းပါအလုပ်လုပ်ပေးချင်နေပုံက သူ့အား ကျေးဇူးတင်ရမည့် အစား အမြင်ပင် ကပ်ချင်လာရသည့်အဖြစ်။

စံမီမီမှာ လက်ထဲက ဖေါ်ပြားလေးကိုကိုင်ကာ ကျောက် ရုပ်လေးတစ်ရုပ်လို ရပ်နေဆဲမှာပင် ခန့်သွေးနောင်မှာ ဖျတ်လတ် သွက်လက်စွာပင် အလုပ်တွေ တစ်ခုပြီးတစ်ခု လုပ်နေလေသည်။

အစကတော့ စံမီမီသည် အားနာစိတ်နှင့် မလုပ်ပါနဲ့ဟု တားရန် စိတ်ကူးလိုက်သေးမယ့် တစ်ဖက်ကလည်း ဒီလောက် အလုပ် လုပ်ချင်နေသော သူ့ကို အမြင်ကပ်ကပ် အသည်းယားယားရှိလာရ သည်မို့…

''ဒီလောက်အလုပ်လုပ်ချင်နေတဲ့လူကို ကျွန်မ မတား တော့ဘူး ဦးခန့်သွေးနောင်၊ ရှင် သိပ်ပြီးအလုပ်လုပ်ချင်နေတယ်ဆို ရင် ဟောဟိုမှာ စိုက်ခင်းအတွက် မြေဩဇာတွေတူးရမယ်၊ အဲဒါ တွေ ရှင်လုပ်နိုင်ရင် လုပ်ပေတော့ ဦးခန့်သွေးနောင်''





နေရောင်အောက်တွင် စွပ်ကျယ်လက်ပြတ်၊ ပုဆိုးတိုတို ဝတ်ကာနှင့် ညိုသောအသားအရေက စိုပြေရှင်းသန့်နေရကာ မှတ်ဆိတ်ကျင်စွယ်များကို ရိတ်သိမ်းပြီး သန့်စင်ချောမွေ့နေသော ခန့်သွေးနောင်။

စံမီမီစကားကို ဂရုမစိုက်သည့်နှယ် သူ့အကြည့်တစ်ချက် စံမီမီထံ ခဏသာရောက်လျက် အကြည့်တည်တည်ရှုးရှူးကြီးက ချက်ချင်းလွှဲသွားကာ ဘာစကားမှမဆိုဘဲ သူ့အလုပ်ကိုသာ သူ ဆက်လုပ်နေလိုက်သည်။

အရေးမစိုက်သလိုလို၊ အလေးမထားသလိုလိုနှင့် သူ၏ ရှတည်တည်ခပ်တင်းတင်း ပုံစံကိုပင် စံမီမီမှာလည်း ကြည့်မရ ဖြစ်နေရသည်။

ပုံစံကိုက သူ့ကိုယ်သူ ဘာမှတ်နေတယ်မသိပါဘူး။ မျက်မှောင်ကြီးကြုတ်ပြီး မျက်နှာတင်းနေပုံက တစ်လောကလုံးကို သူလုပ်ကျွေးထားရတဲ့ မျက်နှာမျိုး။

လူပုံကတော့ ချောပါရဲ့၊ စကားပြောတာကတော့ တစ်စက် မှ အချိုးပြေတဲ့လူမဟုတ်ဘူး။ ဖေဖေ့အချစ်ဆုံး သူငယ်ချင်းသားမို့ သာ ကြည့်နေရတယ် စတွေ့ကတည်းကိုက ဒီလူ့ပုံစံက အချိုးပြေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူမဟုတ်ဘူး။

ဖူးဖူးစိုစို နုတ်ခမ်းလေးနှစ်လွှာကို စံမှီမှီသည် ခပ်တင်းတင်းစေ့ကာ ခန့်သွေးနောင်အပေါ် မကျေနပ်သမျှ အမြင်ကပ်ကပ်နှင့် ရင်မှာ စကားများကို ကျိတ်ကာဆိုနေလိုက်လေသည်။

ခန့်သွေးနောင်ကတော့ သူမရင်ထဲကအဖြစ်များကို မသိပါ။ မိန်းကလေးတစ်ယောက်တာန်မဲ့ အရွယ်နှင့်မမျှအောင် မကျန်းမာသည့် ဖခင်ကြီးနှင့် သားအဖနှစ်ယောက်၏ စားစရိတ်ကို ကြံဖန်ရှာဖွေစီးပွားရေးရှာနေသော စံမှီမှီကို သနားကရုဏာသက်သည့်စိတ်နှင့် သူတစ်သက်တွင် သူတစ်ခါမှ မလုပ်ဖူးသည့်အလုပ်များကို ချွေးဒီဒီးကျသည့်အထိ လုပ်နေလေသည်။

အလုပ်လုပ်နေရင်းမှလည်း သူ့စိတ်ထဲ တစ်စုံတစ်ရာသိချင်လာရသည်မို့...

"ဒီမှာမိန်းကလေး"

သူ့ခေါ်သံကြောင့် စံမှီမှီတစ်ယောက် အလုပ်လုပ်နေရာမှ သူမအကြည့်လေးတစ်ချက်က ခန့်သွေးနောင်ထံ ဖျတ်ခနဲဆိုသလို ရောက်ရှိသွားရသည်။

ခန့်သွေးနောင်မှာ ခမောက်အပြားကြီးကြီး ခေါင်းပေါ်



ဆောင်းကာ နဖူးပေါ်ချွေးလေးတွေ သီးလျက် မျက်နက်ဝန်းရူးရူးလေးနှင့် သူ့အား ကြည့်လာသူလေးကို ထုံးစံအတိုင်း သူ၏အကြည့်တည်တည်ရူးရူးကြီးနှင့် မတည့်မပြုံး စိုက်ခနဲကြည့်လိုက်ပြီး...

"ဦးလေးထွန်း အခုလိုမမာတာကြာပြီလား"

"အင်း...ကြာပြီဆိုပါတော့၊ မေမေမရှိတော့တဲ့ အချိန်ကတည်းကပဲလေ"

"ဦးလေးထွန်းရောဂါကို ဆရာဝန်တွေနဲ့ မကုဘူးလား"

သူ့စကားကြောင့် စံမှီမှီသည် မျက်နှာလေးနီရဲလျက်ခေါသတွေ ထောင်းခနဲဖြစ်သွားရပြီး...

"ဒီမှာ ရှင်ဘယ်လိုလူလဲ၊ ရှင့်စကားတွေက ကျွန်မရဲ့သည်းခံနိုင်မှု အတိုင်းအတာကို ကျော်နေပြီဆိုတာ ရှင်သိရဲ့လား၊ ရှင်သိအောင် ကျွန်မပြောလိုက်မယ်၊ ကျွန်မဘဝမှာ ဖေဖေက်လွဲပြီး ဘာမှအရေးမကြီးဘူး၊ ဖေဖေ့အတွက် အသက်ပေးဆိုရင်တောင် ကျွန်မပေးဖို့ အသင့်၊ အဲဒီလောက် ဖခင်အပေါ် ချစ်လွန်းတဲ့သမီးတစ်ယောက်က ဖေဖေ့ကို ဆေးမကုဘဲနေမလားဆိုတာ ရှင်တွေးကြည့်ပါဦး"

ထင်ရက်လေခြင်း၊ ပြောရက်လေခြင်းဆိုသည့် မုန်းချင်စိတ်

www.burmeseclassic.com



အတွေး နာကြည်းဒေါသများဖြင့် စံမိုမိုမှာ ပြောရင်းက ဝမ်းနည်းဒေါသတွေကြောင့် အသံလေးများပင် လှိုက်ဖြာတုန်ယင်လာရသည်။

ဝေသီလာသော မျက်ရည်တွေနှင့် အဖျားသတ်တုန်ယင်သွားရသော စံမိုမိုအသံကို ခန့်သွေးနောင် သတိထားမိလိုက်တော့ မှားသွားပြီဟုသောအသိနှင့် သူ့စကားများအတွက် စိတ်မကောင်းဖြစ်သွားရသည်။

သူ့စကားအတွက် သူမလေး သိပ်ကိုခံစားသွားရရှာပါလား။

"တောင်းပန်ပါတယ် စံမိုမို၊ ကျွန်တော် စကားမှားသွားတယ်"

"စကားကို လွယ်လွယ်နဲ့ပြောပြီး လွယ်လွယ်နဲ့တောင်းပန်တတ်တဲ့လူကို ကျွန်မဘဝမှာ အမုန်းဆုံးပဲ"

"ပြောပါ စံမိုမို၊ စံမိုမိုကျေနပ်တဲ့အထိ ကျွန်တော့်ကိုပြောပါ၊ ဒါပေမယ့် စံမိုမို ကျွန်တော့်ကိုတော့ ခွင့်လွှတ်ပါ"

"ဒီပြင်စကားအတွက်နဲ့ဆို ရှင့်ကို ကျွန်မ ခွင့်လွှတ်ကောင်း ခွင့်လွှတ်လိမ့်မယ် ဦးခန့်သွေးနောင်၊ ဒါပေမယ့် ဖေဖေနဲ့ပတ်သက်တဲ့ ရှင့်ရဲ့ ဒီစကားကိုတော့ ကျွန်မ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူးမှတ်ပါ"





နုသစ်သော အလှအပပေါင်းစုံ ဖွဲ့တည်ထားသော ဤမိန်းမချောလေး၏ စကားများသည် တကယ်ပင် ရင်ထဲကလာသည့် စကားများဆိုတာ ခန့်သွေးနောင်သည် တင်းမာခက်ထန်နေသော သူမ မျက်နှာလေးကိုကြည့်တာနှင့် သိလိုက်တော့ သူ့ရင်မှာ ထိတ်လန့်တုန်လှုပ်သွားရသည်။

"ကျွန်တော် သိပ်ကိုမှားသွားပြီ စံမိုမို၊ ကျွန်တော့်စကားက စံမိုမိုအပေါ် ဘယ်လိုသဘောထားနဲ့မှ မေးလိုက်တာမဟုတ်ဘူးဆိုတာတော့ စံမိုမို ယုံပါဗျာ"

"ကျွန်မ ဖေဖေ့အပေါ်ထားတဲ့ မေတ္တာကို ရှင်သိမှာမဟုတ်ပါဘူး ဦးခန့်သွေးနောင်၊ ဖေဖေ ခံစားနေရတဲ့ ရောဂါဝေဒနာတွေသာ ခုချိန်ပျောက်ကင်းပြီး ကျန်းမာလာမယ်ဆိုရင် ကျွန်မ ဘာကိုပဲ ပေးဆပ်ရ ပေးဆပ်ရ ဘာကိုမှ မှုနေမယ့်သူမဟုတ်တာ ဖေဖေ့အပေါ်ထားတဲ့ ကျွန်မရဲ့မေတ္တာနဲ့ စေတနာပါ၊ ဒါကို ရှင်က အပေါ်ယံကြည့်ပြီး ကျွန်မ ဖေဖေ့ကို ဆေးမကုဘူးထင်တာကတော့"

"စံမိုမို"

"စံမိုမိုရယ် ကျွန်တော်သိပ်ကိုမှားသွားခဲ့ပြီဗျာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပါတော့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်ထက် ဖြတ်ခနဲ ကြွေကျသက်ဆင်းလာရသော မျက်ရည်စများကို မြင်ရလေ ခန့်သွေးနောင် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ပါလေတော့။

ဖခင်အပေါ် ချစ်နိုင်လွန်းသူ၊ စေတနာထားနိုင်လွန်းသူလေးကိုမှ သူ့ဘာကြောင့် ဒီစကားပြောမိသွားရတာပါလိမ့်။

ပါးပြင်ပေါ်မှ မျက်ရည်များကို လက်ဖမိုးလေးနှင့် ခပ်ကြမ်းကြမ်းပွတ်သုတ်နေသူလေးကို ခန့်သွေးနောင်သည် စိတ်မကောင်းစွာကြည့်ရင်း…

"စံမှီမှီ"

"ရှင် ကျွန်မကို မခေါ်ပါနဲ့"

"ကျွန်တော် ဘယ်လိုတောင်းပန်ရမလဲဗျာ"

"ဘယ်လိုမှ မတောင်းပန်နဲ့၊ ရှင့်ကို ကျွန်မမကျေဘူး"

"တောင်းပန်ရင် ကျေသင့်ပါတယ်ဗျာ"

"ရှင့်လိုလူကို သေတောင်မကျေဘူးသိလား"

အရှိန်ပြင်းသည့် မျက်စောင်းအားနှင့် စံမှီမှီသည် နှုတ်ခမ်းဖူးဖူးလေးကို သွားစွယ်လေးများဖြင့် ခပ်နာနာဖိကိုက်ကာ နေရာမှ ချာခနဲလှည့်ထွက်မည်အလုပ်





"ခဏနေပါဦး စံမှီမှီ"

"အို"

"ရှင်"

ရုတ်ခြည်း သူမသွားမည့်ရှေ့ ပိတ်ရပ်လာသော ခန့်သွေးနောင်ကြောင့် စံမှီမှီသည် သူနှင့် ရင်ချင်းအပ်မိမတတ်ဖြစ်သွားရသော သူမကိုယ်လေးကို နောက်သို့ ခြေလှမ်းအမြန် ပြန်ဆုတ်လိုက်ပြီး…

"ရှင်…ရှင် ဘယ်လိုလုပ်လိုက်တာလဲဟင်၊ ကျွန်မသွားမယ့်ရှေ့ကဖယ်ပါ"

သူမနှင့် မျက်နှာချင်းဆိုင်တွင် မားမားကြီးရပ်လျက် သူမမျက်နှာလေးအား အုပ်မိုးကာ တည်တည်စူးစူးကြီး ကြည့်နေသော ခန့်သွေးနောင်ကို စံမှီမှီသည် မျက်နှာရဲရဲလေးနှင့် ကြည့်ကာ ပြောလိုက်သည်။

"ကျေးဇူးပြုပြီး ကျွန်တော်ပြောတာကို နားထောင်ပေးပါ စံမှီမှီ၊ စံမှီမှီနဲ့ကျွန်တော် ခုလိုပြဿနာဖြစ်နေရင် စံမှီမှီဖေဖေ ဦးလေးထွန်းပဲ စိတ်ဆင်းရဲရလိမ့်မယ်"

"ပြဿနာဖြစ်အောင် ဘယ်သူလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်စကားများသွားတာကို ဝန်ခံပါတယ်၊ ဒါပေမယ့် အဲဒီစကားက စံမှီမှီကို ဘယ်လိုမှ ထိခိုက်စေချင်တဲ့စိတ် မရှိတာလည်း အမှန်ပါပဲ၊ ဒါကြောင့် ကျေပါလို့ပဲ ကျွန်တော်ပြော ပါရစေ"

"မကျေဘူး၊ အပြောခံရတဲ့လူက ရှင်မှမဟုတ်ဘဲကိုး"

ဖူးဖူးစိုစို နှုတ်ခမ်းရဲရဲလေးကို ကလေးတစ်ယောက်နှယ် အစွမ်းကုန်စူပြီး မကျေနပ်သော မျက်လုံးကလေးနှင့် အကြည့်စွေ စွေလေးကြည့်ကာ ရန်တွေ့နေသော စံမှီမှီကိုကြည့်ပြီး ခန့်သွေးနောင် မျက်နှာချောချောကြီးမှာ အလိုလိုပြုံးရောင်သန်းလာရသည်။

ကြည့်စမ်း…စံမှီမှီဆိုတဲ့ ဒီမိန်းကလေးသည် အပေါ်ယံ ကြည့်ပါက လူကြီးလေးတစ်ယောက်လို တည်ငြိမ်ရင့်ကျက်လာ သောအလှ။ နေထိုင်ပြောဆိုမှုများနှင့် တကယ့်လူကြီးမလေး တစ်ယောက်လို ရှိနေတတ်သော သူမက အခုလိုဆိုပြန်တော့လည်း သူ့အား မျက်စောင်းတရွယ်ရွယ်၊ နှုတ်ခမ်းတစူစူနှင့် ချာတိတ်မ တစ်ယောက်အဝိုင်းပင်ဖြစ်သည်။

"ရှင်က ပြောလိုက်ရတဲ့သူဆိုတော့ ကျေနိုင်မှာပေါ့၊ ကျွန်မ မှာသာ"





အသံလေးတိမ်ဝင်ကာ မျက်ရည်တွေ ရစ်ဝိုင်းလာပေမယ့် စံမှီမှီသည် သူ့ရှေ့ နောက်ထပ်မျက်ရည်မကျချင်တော့သည်မို့ မျက်ဝန်းမှ မျက်ရည်စများကို မျက်တောင်ရှည်ရှည် ထူထူကော့ ကော့ကြီးများနှင့် ပုတ်ခတ်သိမ်းဆည်းလိုက်လေသည်။

ထိုစဉ်…

"ကြည့်စမ်း…လူလေးက ဒီရောက်နေတာကိုး"

"ဟင်"

"ဦးလေးထွန်း"

"ဖေဖေ"

"ဟား…ဟား ဘယ်လိုလဲကွ လူလေးရ၊ လက်မှာ ည်း ပေါက်တူးကြီးနဲ့ပါလား၊ ကြည့်ရတာတော့ သမီးက သူ့ခြံ အတွက် လူလေးကို လုပ်အားပေးခိုင်းနေပြီနဲ့တူတယ်"

"အို…ဖေဖေကလည်း"

သူတို့နှစ်ဦးရှိရာ ခြံထဲသို့ဆင်းလာသော ဦးလေးထွန်းစကား ကြောင့် စံမှီမှီမှာ မျက်နှာလေးပျက်သွားရသည်။

"အဟွန်း…ဟွန်း…ဟွန်း စံမှီမှီက ကျွန်တော့်ကို မခိုင်း ဘူး ဦးလေးထွန်း၊ ကျွန်တော့်ဘာသာ ကျွန်တော့်သဘောနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လုပ်အားပေးနေတာပါ''

''အေး...ကောင်းပါ့ကွာ၊ ကောင်းပါ့၊ ဦးလေးထွန်းက တော့ လူလေးမြင်တဲ့သိတဲ့အတိုင်းပဲကွာ၊ သမီးကို ကူညီချင်ပေမယ့် ဦးလေး ကျန်းမာရေးက ကိုယ့်ကိုယ်ကိုတောင် နေလားညလားမသိတဲ့ အခြေအနေ''

''ဖေဖေကလည်း ဘာတွေပြောနေတာလဲ''

ဖခင်ကြီး၏ စကားကြောင့် ညှိုးနွမ်းသွားရသော မျက်နှာလေးနှင့် မလိုလားစွာပြောလိုက်သော စံမှီမှီကို ခန့်သွေးနောင်သည် ရင်မှာ ကိုယ်ချင်းစာမိရကာ...

''ဟုတ်သားပဲ ဦးလေးထွန်းရာ၊ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို အားငယ်တဲ့စကားတွေ ပြောနေရတာလဲ၊ ဦးလေးထွန်း အခြေအနေက အများကြီးကောင်းပါတယ်၊ ပြီးတော့ ဦးလေးထွန်းကို ဆေးဝါးပြည့်ပြည့်စုံစုံနဲ့ သေချာဂရုစိုက်ပြီး ကုမယ်ဆိုရင် ဦးလေးထွန်းအခြေအနေက ဒီထက်ပိုပြီးကောင်းလာမှာ ကျွန်တော်သိတယ်၊ ဒါကြောင့် ဦးလေးထွန်းကို ကျွန်တော် ရန်ကုန်ခေါ်သွားဖို့ စီစဉ်ပြီး ပြီ''

''ဟင်''





မထင်မှတ်ဘဲ ကြားလိုက်ရသည့် ခန့်သွေးနောင်စကား ကြောင့် စံမှီမှီ အံ့ဩစွာ သူ့ကိုကြည့်လိုက်မိသည်။

ခန့်သွေးနောင်ကတော့ သူမအကြည့်ကို သတိမထားမိပါ။ ဦးမောင်ထွန်း လက်တစ်ဖက်ကို ဆုပ်ကိုင်ရင်း...

''ရန်ကုန်မှာ ကျွန်တော့်အသိမိတ်ဆွေ ဆရာဝန်ကြီးတွေ အများကြီးရှိတယ် ဦးလေးထွန်း ဘာမှစိတ်မပူနဲ့၊ ဦးလေးထွန်း ကျန်းမာရေးကို အကောင်းဆုံးဖြစ်အောင် ကျွန်တော်ကုမယ်၊ အဲဒါမှ ဦးလေးထွန်းရယ် ကုန်ကုန်ပြောမယ်၊ နောက်ဆုံး ဦးလေးထွန်း အတွက် နိုင်ငံခြားမှာတောင် ဆေးသွားကုဖို့ ကျွန်တော်စီစဉ်ထား တယ်''

''လူလေးရယ်''

ခန့်သွေးနောင်စကားကြောင့် ဦးမောင်ထွန်းရင်ထဲ ဘယ် လောက်ထိ ဝမ်းသာပီတိဖြစ်သွားရသည်မသိပါ။ ခန့်သွေးနောင် တော်ကြီးကို တင်းတင်းပြန်လည်ဆုပ်ကိုင်ရင်းက...

''ကျေးဇူးပါပဲကွယ်၊ လူလေးဆီက ဒီစကားမျိုးကြားရ တာတောင် ဦးလေးထွန်း သေပျော်ပါပြီ''

''ဖေဖေရယ် ဘာလို့ ဒီသေစကားကြီးပဲ အထပ်ထပ်ပြော



www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ၊ ဖေဖေ့ကျန်းမာရေးကကောင်းနေတာပဲ၊ ဖေဖေမသေနိုင်ပါဘူးရှင်”

“ဟုတ်ပါတယ် ဦးလေးထွန်း၊ ဦးလေးထွန်းအတွက် ဘာမှ စိုးရိမ်စရာမရှိပါဘူး၊ ကျွန်တော့်ဘဝမှာ ဖေဖေပြီးရင် ဦးလေးထွန်းက ကျွန်တော့်ရဲ့ ဒုတိယဖခင်ဆိုလည်း မမှားပါဘူး၊ ဒါကြောင့် ဦးလေးထွန်း စိတ်ချမ်းချမ်းသာသာနေပါနော်”

ဖခင်တစ်ယောက်အပေါ် သားရင်းတစ်ယောက်၏ ဆက်ဆံမှုမျိုးဖြင့် နွေးထွေးကြင်နာစွာ ဖေဖေ့အပေါ် အားပေးပြောဆိုနေသော ခန့်သွေးနောင်ကို စံမှီမှီသည် ဒီတစ်ခါတော့ဖြင့် စိတ်မှာကြိတ်၍ ကျေးဇူးတင်သွားရသည်။

သူ့စကားများသည် ဖေဖေ့အပေါ် ဘယ်လောက်ထိ လေးနက်နက်ရှိုင်းမှန်းလည်း သူ၏နွေးထွေးကြင်နာသော မျက်ဝန်းများနှင့် အပြုအမူများက သက်သေခံနေသည်ပဲလေ။

ခန့်သွေးနောင်၏ အားပေးစကားများကြောင့် ဦးမောင်ထွန်း ဘယ်လောက်ထိ အားတက်သွားရသည်မသိပါ။

ရောဂါဝေဒနာ ဖိစီးနှိပ်စက်မှုဖြင့် မလန်းနိုင်သည့် မျက်နှာက ခုတော့ လန်းလန်းဆန်းဆန်းနှင့် ဘာရောဂါဝေဒနာမှ မခံစားရ





သည့် လူကောင်းတစ်ယောက်လိုပင်။

ဖခင်ကြီး ယခုလို စိတ်ချမ်းသာလန်းဆန်းနေရသည်ကိုမြင်တော့ ဒါ ခန့်သွေးနောင်ကြောင့်ပါလား ဆိုသောအတွေးနှင့်အတူ သူ့အပေါ် မကြည်မလင် မကျေမနပ်ဖြစ်ခဲ့ရသည့် စောစောကစိတ်တို့သည်လည်း ခုတော့ ဘယ်ဆီလွင့်စင်ပျောက်ကွယ်သွားမှန်းပင် သူမ မသိလိုက်တော့ပါ။

စံမှီမှီဆိုတာ ဖခင်ကြီး ပြုံးပျော်နေလျှင် သူမပြုံးပျော်နေပြီး ဖခင်ကြီး မျက်နှာညှိုးနွမ်းနေလျှင် သူမ စိတ်ဆင်းရဲရသူဖြစ်သည်။

ဘာပဲပြောပြော ဖေဖေ့အား ယခုလို စိတ်ချမ်းသာအောင် အားပေးပြောဆိုပေးသည့် ခန့်သွေးနောင်ကို စံမှီမှီတစ်ယောက် စိတ်မှာကြိတ်၍ ကျေးဇူးတင်နေမိလေတော့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"အမယ်လေး"

"ဖေဖေ"

"ဖေဖေ"

"ဟာ"

"ဦးလေးထွန်း…ဦးလေးထွန်း"

စံမိုမို၏အော်သံကြောင့် အိမ်ရှေ့ခန်းတွင် ဖုန်းနှင့် ရန်ကုန်တွင်ကျန်ခဲ့သည့် အလုပ်ကိစ္စများကို ညွှန်ကြားပြောဆိုနေသော ခန့်သွေးနောင် ဘာများဖြစ်သည့်လည်း အတွေးနှင့် အခန်းထဲသို့ ပြေးဝင်အလာ မြင်လိုက်ရသည့်မြင်ကွင်းက ခန့်သွေးနောင်အတွက် စိုးရိမ်ထိတ်လန့်ချင်စရာ။ ဦးလေးထွန်းသည် အခန်းထဲရှိ ကြမ်းခင်းထက်တွင် လဲကျနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးထွန်း"

"ဦးလေးထွန်း"

ခန့်သွေးနောင်မှာ ဦးမောင်ထွန်းကိုယ်ကြီးကို ပွေ့ယူရင်းက ဦးမောင်ထွန်းကိုယ်ကြီးအား လှုပ်ကာခေါ်လိုက်သလို စံမှီမှီမှာလည်း

"ဖေဖေ"

"ဖေဖေ"

ဖခင်အတွက် စိုးရိမ်ထိတ်လန့်ပူပင်စွာ ဦးမောင်ထွန်း၏မေးကို လှုပ်ကိုင်လျက် အဆက်မပြတ်ခေါ်နေလေသည်။

"ဦးခန့်သွေးနောင်၊ လုပ်ပါဦး ဖေဖေ၊ ဖေဖေဘာဖြစ်တာလဲ"

စံမှီမှီ ဘာလုပ်လို့လုပ်ရမှန်းမသိ အားကိုးရာမဲ့နေသောသူတစ်ယောက်ကို ခန့်သွေးနောင်အား ညှိုးငယ်စွာကြည့်ကာပြောရင်း မျက်ရည်တွေသာ ပါးပြင်ပေါ်တွင်တွင်ကျနေရတော့သည်။

ခန့်သွေးနောင်မှာ စံမှီမှီအတွက် စိတ်မကောင်းဖြစ်ရပေမယ့် နှစ်သိမ့်စကားမဆိုနိုင်အားသေးပါ။

မျက်ဝန်းအစုံကို မှိတ်လျက် နှလုံးခုန်သံတွေ အရှိန်မြန်နေ





သော ဦးလေးထွန်းကိုသာ စိုးရိမ်စွာဖြင့် ကြည့်ရင်း ဦးလေးထွန်းအား သက်သာစေရန် နားလည်သလောက် ပြုစုရင်း ဦးလေးထွန်းကိုယ်ကြီးအား ခုတင်ပေါ် ပွေ့တင်လိုက်သည်။

"ဦးလေးထွန်း…ဦးလေးထွန်း သတိရပြီလား၊ သတိရရင် မျက်လုံးဖွင့်ကြည့်ပါဦး"

ခန့်သွေးနောင်၏ ပြုစုမှုက အတော်ပင် ထိရောက်ဟန်တူပါ၏။ ဦးမောင်ထွန်းတစ်ယောက် သိပ်မကြာခင်မှာပင် အသက်ရှူနှုန်း ပုံမှန်ဖြစ်လာပြီး မျက်ဝန်းများဖွင့်လာလေသည်။

"ဖေဖေ….ဖေဖေ"

"ဖေဖေသတိရလာပြီနော်"

"သမီး"

"ရှင် ဖေဖေ"

"လူလေး"

"ဗျာ…ဦးလေးထွန်း"

"ဖေဖေတော့နေရတော့မယ်မထင်ပါဘူး သမီးရယ်"

"အို ဖေဖေကလည်း ဘာတွေပြောနေတာလဲ၊ မပြောကောင်းမဆိုကောင်း ဖေဖေရယ်၊ အဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



မျက်စိမျက်နှာပျက်စွာ●ရင်း စံမှီမှီသည် ဖအောင့်အီးနိုင်စွာ တအင့်အင့်နှင့် ငိုချလိုက်တော့သည်။

ဦးမောင်ထွန်းမှာ သမီးဖြစ်သူ၏ မျက်နှာကို ရီဝေစွာကြည့်ရင်း…

"ဖေဖေ့ကိုယ် ဖေဖေသိပါတယ် သမီးရယ်၊ ဖေဖေ့ရောဂါအခြေအနေက တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာပြီ၊ ဖေဖေ့အတွက် အချိန်ဆိုတာမရှိတော့ဘူးသမီး"

"ဟင့်အင်း…ဟင့်အင်း ဖေဖေ ဒီစကားတွေမပြောရဘူး၊ ဖေဖေ နေပြန်ကောင်းလာမှာပါ"

"ဦးလေးထွန်းရယ်၊ ဟုတ်ပါတယ်၊ ဆရာဝန်တွေလည်း ဦးလေးထွန်းကို နေ့တိုင်းလာကြည့်နေတာပဲ၊ ဦးလေးထွန်း နေပြန်ကောင်းလာမှာပါ၊ ဦးလေးထွန်း နေကောင်းပြီး ခရီးသွားနိုင်ပြီဆိုတာနဲ့ ကျွန်တော် ဦးလေးထွန်းကို ရန်ကုန်ခေါ်သွားတော့မှာ၊ ဦးလေးထွန်း အားတင်းထားပါနော်"

ဦးမောင်ထွန်းသည် ခန့်သွေးနောင်စကားကို ခေါင်းခါယမ်းရင်းက…

"လူလေးရယ် ဦးလေးထွန်း မင်းနောက်ကိုလိုက်နိုင်မယ်





မထင်တော့ပါဘူးကွယ်၊ ဦးလေးထွန်းအခြေအနေကို ဦးလေးထွန်းသာ အသိဆုံးပါ"

ဖျော့တော့တိုးညင်းသော လေသံသဲ့သဲ့နှင့်အတူ မျက်ဝန်းထောင့်မှ မျက်ရည်စအချို့က ဦးမောင်ထွန်း မျက်ဝန်းအိမ်မှတစ်ဆင့် ခေါင်းအုံးဖြူဖြူလေးထက် ကျသွားရလေသည်။

"ဖေဖေရယ်"

ဖခင်ရှေ့ မငိုမိအောင် ထိန်းထားပါသော်လည်း မိန်းမသားပီပီ အသည်းနုသူမို့ ဖခင်ကြီး၏အဖြစ်ကို မမြင်ရက်၊ မကြည့်ရက်သလို စံမှီမှီသည် အံကြိတ်ကာ တင်းခံနေသည့်ကြားက သူမကိုယ်တိုင်လည်း မျက်ရည်တွေက ပါးပြင်●ထက် ရွဲရွဲစို●လူးနေရသည်။

ဦးမောင်ထွန်းမှာ သမီးဖြစ်သူ၏ အငိုမျက်နှာကို ရီဝေဖျော့တော့နေသော မျက်ဝန်းနှင့် စိတ်မကောင်းစွာကြည့်လျက်

"မငိုနဲ့၊ မငိုပါနဲ့သမီးရယ်၊ ဖေဖေ့သမီးဟာ ဖေဖေ့အပေါ်မှာ အများကြီး တာဝန်ကျေတဲ့ သမီးလေးပါ၊ တာဝန်မကျေတာက ဖေဖေပါ"

"အို ဖေဖေရယ်၊ စကားမပြောပါနဲ့ မောနေပါ့မယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မပြောလို့မဖြစ်တော့ဘူး သမီး၊ ဒီစကားတွေ မပြောရဘဲနဲ့ ဖေဖေအသေဖြောင့်မှာမဟုတ်ဘူး၊ ဒါကြောင့် ဖေဖေ့ကို စကားပြောခွင့်ပြုပါသမီးရယ်"

"အဟင့်…ဟင့်…ဟင့်"

မျှော်လင့်ချက် ကုန်ခန်းတော့မည့် လူတစ်ယောက်လို စကားတွေဆိုနေသော ဖခင်ဖြစ်သူကို စံမိုမို ဘယ်လိုစကားမျိုးနှင့် နှစ်သိမ့်ရမည်မှန်း မသိတော့ပါ။

ခုချိန် သူမရင်ထဲတွင် ခံစားနေရသည်မှာ နေဆယ်စင်း အပြိုင် ပေါ်နေသည့်အလား ရင်မှာပူလောင်တောက်လောင်ကျွမ်းနေရခြင်းပင် ဖြစ်သည်။

ဖေဖေသည် သူခံစားနေရသည့် ရောဂါဝေဒနာ၏ အတိမ်အနက်ကို သိနေရသည်တဲ့လား။

စံမိုမို မျက်ရည်မဆည်နိုင်တော့ပါ။ လောကတွင် ပြေးကြည့်မှ ဒီအဖေနှင့် ဒီသမီးနှစ်ယောက်တည်းသာ ရှိသည့်ဘဝတွင် စံမိုမိုသည် ဖခင်ကြီးကို အားကိုးတွယ်တာ ချစ်နိုင်လွန်းသူလည်းဖြစ်သည်။

ဖေဖေသာ သူမကို တစ်ယောက်တည်းထားသွားပါက





စံမိုမို မတွေးရဲတော့ပါ။

"လူလေး"

"ပြောပါ ဦးလေးထွန်း"

"စာ…စာ"

ပြောလည်းပြော ဦးမောင်ထွန်းသည် ကြမ်းခင်းထက်တွင် ရှိနေသော စာလေးတစ်စောင်ကို လှမ်းပြလေ၏။

ထိုအခါမှ သူရော စံမိုမိုပါ ထိုစာလေးကို သတိထားမိသွားရသည်။

စံမိုမိုသည် စာလေးကိုယူကာ ဖခင်လက်ထဲ ထည့်ပေးလိုက်ပြီး…

"ဘာစာများလဲ ဖေဖေ၊ ဘယ်သူ့ဆီကလဲဟင်"

ဦးမောင်ထွန်းသည် သမီးဖြစ်သူ စံမိုမို၏ စကားကို ရုတ်တရက်မဖြေသေးဘဲ ရီဝေမှုန်တော့သော မျက်ဝန်းများနှင့်သာ သမီးဖြစ်သူ၏ အပြစ်ကင်းစင်သည့် မျက်နှာနုနုလေးကို ငေးစိုက်ကြည့်ရင်း…

"လူလေး ဒီစာကိုဖတ်ကြည့်ပါဦး"ဟုဆိုကာ ခန့်သွေးနောင်လက်ထဲသို့ စာလေးထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ခန့်သွေးနောင် ကြောင်သွားရပေမယ့် ဦးလေးထွန်းဆိုတာ ကိစ္စတစ်ခုကို အလကားအကြောင်းမဲ့ လုပ်ကိုင်တတ်သူမဟုတ်မှန်း သိတာမို့ သူ့အားကမ်းပေးနေသည့် ဦးလေးထွန်းလက်ထဲမှစာကို ယူကာဖတ်လိုက်သည်။

"အန်ကယ်ဦးမောင်ထွန်း

ကျွန်တော့်ဆီမှာ အန်ကယ်အိမ်နဲ့ခြံ ပေါင်ထားတဲ့ကိစ္စ ကျွန်တော့်ကတိအတိုင်း အန်ကယ်တို့ပြန်ပြီးရွေးနိုင်မယ့်အချိန်ထိ အချိန်တွေပေးခဲ့ပေမယ့် အန်ကယ်တို့ဘက်က ဘာအကြောင်းပြန်မှုမှ မရှိလာခဲ့ဘူး။ အခုဆို အန်ကယ်တို့ကို အချိန်တစ်နှစ်တိတိ ကျွန်တော်ပေးခဲ့ပြီးပြီ၊ ဒါကြောင့် ကျွန်တော့်ဘက်က တာဝန်ကျေပြီလို့ ကျွန်တော်ထင်ပါတယ်၊ ဒီခြံနဲ့အိမ်ကို အန်ကယ်တို့သားအဖ သိပ်မြတ်နိုးတယ်ဆိုတာလည်း ကျွန်တော်သိတယ်၊ ဒါကြောင့် အန်ကယ့်ကို အခွင့်အရေးတစ်ခု ထပ်ပေးတဲ့အနေနဲ့ ကျွန်တော့်ဘက်က တောင်းဆိုစရာရှိတာကိုလည်း တောင်းဆိုရပါလိမ့်မယ်။ အဲဒါ တခြားတော့မဟုတ်ပါဘူး၊ ကျွန်တော့်ကို အန်ကယ့်ရဲ့သမီး စံမှီမှီနဲ့ လက်ထပ်ခွင့်ပြုဖို့ပါပဲ၊ ဒါကို အန်ကယ်သဘောတူလိမ့်မယ်လို့လည်း ကျွန်တော် ယုံကြည်ပါတယ်၊ ဒီကိစ္စကို အန်ကယ်





သဘောတူမယ်ဆိုရင် အန်ကယ်ရဲ့သမီး စံမှီမှီကို ကျွန်တော် ငွေသားသိန်းငါးဆယ် တင်တောင်းမယ့်အပြင် အခု အန်ကယ်တို့နေတဲ့ ခြံနဲ့အိမ်ကိုလည်း အန်ကယ်တို့လက်ထဲ ပြန်ပြီးလွှဲပြောင်းပေးပါမယ်၊ အဲဒါကိုမှ အန်ကယ်ဘက်က သဘောမတူဘူးဆိုရင်တော့ ရက်မဆိုင်းဘဲ အိမ်ပေါ်မှဖယ်ပေးရန် ရေးထားသည့်စာနှင့်အတူ အောင်နိုင်ဆိုသည့် နာမည်။

ရေးထားသည့်စာကိုဖတ်ပြီး ခန့်သွေးနောင်တစ်ယောက် မျက်နှာကြီးနီရဲလျက် အံကိုတင်းတင်းကြိတ်ကာ လူကြီးဖြစ်သူ ဦးမောင်ထွန်းရှေ့တွင် တက်မခေါက်မိရန် သတိထားနေလိုက်ရသည်။

"အောင်နိုင်ဆိုတာ ဘယ်သူလဲဦးလေးထွန်း"

သိချင်စိတ်ကို မမျိုသိပ်နိုင်ဘဲ ခန့်သွေးနောင် မေးလိုက်သည်။

"စာထဲကပါတဲ့အတိုင်းပါပဲ ရှူလေးရယ်၊ အောင်နိုင်ဆိုတာ ဦးလေးထွန်းတို့သားအဖ အခုနေတဲ့ခြံနဲ့အိမ်ကို ပေါင်ထားတဲ့သူပေါ့၊ တကယ်တော့ ဒီလိုဖြစ်ရတာတွေအားလုံးဟာ ဦးလေးထွန်းရဲ့အပြစ်တွေပါ၊ ဝင်ငွေမရှိတော့တဲ့ ဦးလေးထွန်းဟာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ရေးကြောင့် ဒီခြံနဲ့အိမ်ကို အမြတ်ကြီးစားလုပ်၊ ဂုတ်သွေးစုပ်တဲ့ အောင်နိုင်လိုလူလက်ထဲ ပေါင်ခဲ့ရတယ်၊ အစကတော့ ကျန်းမာရေးပြန်ကောင်းလာရင် အလုပ်လေးလုပ်ပြီး ဦးလေးထွန်း ပြန်ရွေးဖို့ပါပဲကွယ်၊ ဒါပေမယ့် ဦးလေးထွန်းကျန်းမာရေးက ဦးလေးထွန်းထင်သလို မသက်သာလာတဲ့အပြင် တစ်နေ့ထက်တစ်နေ့ ပိုပိုဆိုးလာခဲ့တယ်၊ ငွေလိုတိုင်း အောင်နိုင်ဆီယူရတော့ ကြာတော့ ဦးလေးထွန်းတို့မှာ အတိုးနဲ့အရင်းပေါင်းပြီး ဒီအိမ်နဲ့ခြံလေးကို ပြန်မရွေးနိုင်ဘဲ ဆုံးခဲ့ရတယ်၊ ဒါကို အောင်နိုင်က ဦးလေးထွန်းတို့ကို သနားသဖြင့် အခွင့်အရေးပေးတဲ့အနေနဲ့ ဒီမှာဆက်နေခွင့်ပေးခဲ့တယ်၊ ခုတော့ သူ့ရဲ့ဇာတိရုပ်က ပေါ်လာခဲ့ပြီလေ၊ ဦးလေးထွန်းမှာ သူတောင်းဆိုထားသလို ဘယ်လိုလုပ် လက်ခံနိုင်မှာလဲလူလေးရယ်၊ အောင်နိုင်ဆိုတာ ဒီမြို့လေးရဲ့ မြို့မျက်နှာဖုံးတစ်ယောက်ဆိုပေမယ့် သူ့မှာ သားကြီးမယားကြီးအပြင် မထင်မရှားအငယ်အနှောင်းတွေကလည်း အများကြီး၊ ဒီလိုလူရုပ်လူပွေတစ်ယောက်က သမီးလေးလို ဘာအပြစ်မှမရှိတဲ့ ဖူးဖူးနုနု ဖြူဖြူစင်စင်မိန်းကလေးကို တောင်းရဲတယ်ဆိုတာ ဦးလေးထွန်းကို သူစော်ကားလိုက်တာနဲ့ အတူတူပဲ”

“ဟင်”





ဦးမောင်ထွန်းမှာ သူ့ရောဂါကိုပင် သူဂရုမစိုက်နိုင်တော့ပါ။ သမီးဇာနှင့်အတူ မခံချင်စိတ်၊ စော်ကားရက်လေခြင်း၊ မိုက်ရိုက်ရက်ခြင်းဆိုသည့် မခံချိမခံသာ အတွေးဒေါသစိတ်များဖြင့် ရင်အစုံမှာ နိမ့်ချည်မြင့်ချည် လှိုက်ခုန်နေရကာ စိတ်လှုပ်ရှားမှုတို့ကြောင့် အသက်ရှူနှုန်းများပင် မမှန်ချင်တော့ပါ။

စံမှီမှီမှာ ဖခင်ကြီး ရုတ်တရက် ဘာကြောင့် ဒီလိုဖြစ်သွားရသည်ကို သဘောပေါက်လာရမှုနှင့်အတူ ဖခင်ကြီးပြောစကားများကို နားထောင်ပြီး အခြေအနေအရပ်ရပ်ကို နားလည်လာရသည့်အခါ သူမကိုယ်သူမ လေဟာနယ်ထဲ ရောက်သွားရသလိုလို အသိနှင့်ကိုယ်ပင် လွတ်သွားရသလိုလိုနှင့် ဆောက်တည်ရာမဲ့သွားသူတစ်ယောက်လို ခံစားလိုက်ရလေသည်။

သတိကောင်းသူပီပီ စံမှီမှီသည် လွတ်သွားရသည့်စိတ်များကို ပြန်လည်ထိန်းချုပ်ယူလိုက်သည်နှင့် မျက်ရည်တွေက ပါးပြင်ထက် ပိုးပိုးပေါက်ပေါက် ကျဆင်းလာရတော့သည်။

ရုတ်ခြည်း တိတ်ဆိတ်သွားရသည့် အခန်းလေးထဲ စံမှီမှီ၏ ရှိုက်သံလေးများက အရှိန်ပြင်းသည့် မုန်တိုင်းတစ်ခုနှယ် ထွက်ပေါ်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး…သမီးလေးရယ် မငိုပါနဲ့ကွယ်၊ ဒါတွေ အားလုံးဟာ ဖေဖေရဲ့အပြစ်မို့ ဖေဖေကိုသာ သမီးခွင့်လွှတ်ပါတော့"

သမီးဖြစ်သူ၏ လက်လေးကို ထွေးဆုပ်ကိုင်ရင်းက ဦးမောင်ထွန်းသည် မချိသည့်ရင်အစုံ နာကျင်လှိုက်မောသည့် ခံစားမှုများဖြင့် တစ်ဦးတည်းသော အချစ်ဆုံးသမီးလေးအတွက် နှလုံးသားများ ကွဲကြေမတတ် ခံစားရင်းက သမီးဖြစ်သူအား တောင်းပန်စကား ဆိုလိုက်လေသည်။

စံမှီမှီမှာ ဖခင်ကြီး၏ ရင်ဘတ်ပေါ် ခေါင်းတင်ကာ အားပါးတရ ငိုရှိုက်လိုက်ပြီးမှ…

"သမီးကို မတောင်းပန်ပါနဲ့ ဖေဖေရယ်၊ ဒါတွေအားလုံး ဟာ ဖေဖေ့အပြစ်မှမဟုတ်ဘဲ၊ သမီးတို့ကံကိုက ဆိုးလွန်းတာပါ၊ သမီးတို့ ဘယ်လိုလုပ်ကြမလဲ ဖေဖေ၊ အောင်နိုင်က လူယုတ်မာ၊ သူပြောရင် ပြောသလိုလုပ်တတ်တာ ဖေဖေလည်းသိတာပဲ၊ သမီးတို့ တော့ ဒုက္ခရောက်ပြီနဲ့တူပါတယ် ဖေဖေရယ်၊ အဟင့်…ဟင့်… ဟင့်"

အသက်ကြီးကာမှ ဒုက္ခရောက်ရတော့မည့် ဖခင်ဖြစ်သူ အတွက် စံမှီမှီမှာ ဝမ်းနည်းကြေကွဲနာကျင်မှုတွေနှင့် ငိုလို့သာနေပါ





တော့သည်။

မျက်ရည်တွေ ဖြိုင်ဖြိုင်ကျကာ ဝမ်းနည်းကြေကွဲစွာ ငိုနေသော စံမှီမှီ၏ ဖြူဖျော့နွမ်းလျနေသော နွမ်းလျလျ မျက်နှာအလှကို ကြည့်ပြီး ခန့်သွေးနောင်ရင်ထဲ နင့်ခနဲဖြစ်သွားရသည်။

သည်မိန်းကလေး၏ မျက်ရည်များသည် သူ့ရင်ကို နာကျင်ထိခိုက်စေလွန်းပါသည်။ ထို့အတူ သူ့အနေနှင့်လည်း သူမ မျက်ရည်များကို ဘယ်လိုမှ မြင်ရက်ကြည့်နိုင်စွမ်း မရှိတော့ပါ။

"မငိုပါနဲ့ စံမှီမှီ၊ ဦးလေးထွန်း စိတ်မကောင်းဖြစ်နေပါ့ မယ်၊ ဒီကိစ္စကို ကျွန်တော်ရှင်းပေးပါ့မယ်၊ ဦးလေးထွန်းနဲ့ စံမှီမှီ စိတ်အေးအေးထားပြီးနေပါလို့ပဲ ကျွန်တော်ပြောပါရစေ"

"လူလေးရယ်…ဒီကိစ္စက ရှင်းလို့ရပါ့မလားကွယ်"

"ဘာလို့မရရမှာလဲ ဦးလေးထွန်း၊ ကျွန်တော့်မှာငွေရှိတာ ပဲ၊ သူ့အပေါင်ခံထားတဲ့ ဦးလေးထွန်းရဲ့ ခြံနဲ့အိမ်ကို ကျွန်တော် ငွေနှစ်ဆပေးပြီး ပြန်ရွေးလိုက်ရင် ဒီကိစ္စက ပြေလည်သွားမှာပဲ"

အောင်နိုင်သည် ဘယ်လိုလူစားဆိုတာ ခန့်သွေးနောင်မသိ၍ ဒီစကားပြောနေမှန်း ဦးလေးထွန်း သိပါ၏။ ခန့်သွေးနောင်မသိ သော်လည်း အောင်နိုင်အကြောင်း အသိဆုံးဖြစ်သည့် ဦးမောင်ထွန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မသက်သာစွာ ခေါင်းကိုခါယမ်းလိုက်ပြီး…

"လူလေးပြောသလိုလွယ်ရင်တော့ သိပ်ကောင်းတာပေါ့ကွယ်၊ ဒါပေမယ့် အဲဒီလိုမလွယ်ဘူးဆိုတာလည်း ဦးလေးထွန်းသိနေတယ်"

ဦးလေးထွန်းစကားကို ခန့်သွေးနောင်သည် နားမလည်သလို မျက်ခုံးကြီးတွန့်ကြုတ်သွားရရင်း…

"ဦးလေးထွန်း ဘာပြောချင်တာလဲ၊ ကျွန်တော့်ကို ရှင်းရှင်းပြောပါ ဦးလေးထွန်း"

"ဟင်း"

သက်မတစ်ချက်ကို ဦးမောင်ထွန်းသည် ခက်ခဲပင်ပန်းစွာ ချလိုက်ပြီး…

"အောင်နိုင်ဟာ လူလေးထင်သလို လွယ်တဲ့လူတစ်ယောက်မဟုတ်ဘူးကွဲ့၊ ဒီလူဟာ အင်မတန်ကောက်ကျစ်တယ်၊ ယုတ်မာစရာရှိပြီဆိုလည်း သူများထက်ပိုပြီး ကောက်ကျစ်ယုတ်မာတတ်တဲ့လူစားမျိုး၊ ခု လူလေးပြောသလိုမျိုး အိမ်နဲ့ခြံကို ငွေနှစ်ဆပေးပြီး ပြန်ရွေးယူနိုင်တယ်ထား အောင်နိုင်က အလွတ်ပေးမှာမဟုတ်တော့ဘူး၊ ပြောရရင် အောင်နိုင်ဟာ မစားရတဲ့အမဲသဲနဲ့ပက်တတ်



တဲ့လူမျိုးပဲ၊ ဒါကြောင့် လူလေး အိမ်နဲ့ခြံကိုပြန်ရွေးလည်း သူပေးမှာမဟုတ်တော့ဘူး၊ အဲဒါမျိုးဖြစ်အောင်လည်း သူက ဦးလေးထွန်းတို့သားအဖကို လုပ်ထားပြီလေ၊ အဓိကကတော့ သမီးလေးကိုပဲပေါ့"

"ရှင်"

သွေးဆုတ်သွားရသည့် လူတစ်ယောက်လို စံမိုမို မျက်နှာလေးမှာ ဖြူဖျော့လျက် ပျက်ယွင်းသွားရသည်။

"ဒီပုံအတိုင်းဆို အောင်နိုင်ဟာ တစ်နေ့မဟုတ်တစ်နေ့မှာတော့ သမီးလေးကို သူသိမ်းပိုက်ဖို့ ကြိုးစားမှာအမှန်ပဲ"

ရောဂါဝေဒနာတွေ ခံစားနေရသည့်ကြားက ဦးမောင်ထွန်းသည် သမီးအတွက် စိုးရိမ်စိတ်မချမှု ပူပန်မှုတွေနှင့် ဆိုလိုက်သည်။

စံမိုမိုသည် မျက်ရည်ကျရုံမှတစ်ပါး ဘာစကားမှမဆိုနိုင်အောင်ပင် ရင်မှာထိခိုက်ကြေကွဲနေရသည်။

ခန့်သွေးနောင်မှာ အပိုင်အနိုင်နှင့် ကိုင်ထားသည့် ယုတ်မာကောက်ကျစ်လွန်းသော အောင်နိုင်ဆိုသည့်လူ၏ မျက်နှာကို သက်သီးနှင့်သာ ထိုးချင်နေရတော့သည်။

သက်ကြီးရွယ်အို မကျန်းမာသည့်လူတစ်ယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လောကအကြောင်း ဘာမှနားမလည်သည့် မိန်းကလေးကိုမှ အနိုင်ယူရက်လေခြင်းဆိုသည့် စိတ်နှင့်လည်း အောင်နိုင်ကို မမြင်ဖူးသေမယ့် ခန့်သွေးနောင်မှာ သူ့အပေါ် အခဲမကျေနိုင်အောင် ဖြစ်နေရ၏။

နှုတ်ခမ်းဖူးဖူးလေးကို ခပ်တင်းတင်းစေ့ကာ ခေါင်းလေးငုံ့ မျက်ရည်တွေကို သုတ်နေဟန်လေးက ရင်မှာပေါက်ကွဲမတတ် ခံစားနေရသည့် ခံစားမှုများကို အတတ်နိုင်ဆုံး မျိုသိပ်ထိန်းချုပ်ထားရသည့်ဟန်။

ကြည်စင်နေသော မျက်နှာလေးသည် မှုန်မှိုင်းလျက် ညှိုးရော်နေသည့်အလှတပင် ပျက်ပြယ်သွားခြင်းမရှိသည့် စံမှီမှီ မျက်နှာလေးကို ခန့်သွေးနောင်သည် ခပ်စူးစူး တစ်ချက်ကြည့်ကာ သူ့ရင်မောသွားရသည်။

ဦးမောင်ထွန်းသည် မျက်ဝန်းအစုံကို အတန်ကြာမှိတ်လျက် ငြိမ်သက်နေရာမှ ဖျတ်ခနဲဆိုသလို မျက်ဝန်းများကို ပြန်လည်ဖွင့်လာပြီး…

"လူလေး"

"ပြောပါဦးလေးထွန်း"

သူပြောပါဆိုပေမယ့်လည်း ဦးမောင်ထွန်းသည် စကား





ရုတ်တရက် တော်တော်နှင့်မပြောဘဲ ငြိမ်သက်နေလေသည်။

ခန့်သွေးနောင်မှာ ဦးမောင်ထွန်းကို ကြည့်ကာ အားမလို အားမရကြီး ဖြစ်လာရသည်မို့…

"ကျွန်တော့်ကို ဦးလေးထွန်းစိတ်ထဲမှာ ကိုယ့်တူကိုယ့်သားလို သဘောထားရင် ပြောစရာရှိတာကိုလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောစေချင်ပါတယ် ဦးလေးထွန်း"

ဦးမောင်ထွန်းသည် အားအင်စုစည်းလိုက်ဟန်နှင့် နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ပြီး…

"ဦးလေးထွန်း ခုပြောမယ့်စကားကို လူလေးအနေနဲ့ တစ်မျိုးမမြင်စေချင်ဘူး၊ မမြင်ပါနဲ့လို့လည်း ဦးလေးထွန်း ကြိုပြီး တောင်းပန်ပါရစေ"

"ဦးလေးထွန်းရယ်…ကျွန်တော့်ကို အဲဒီလောက်ထိ ပြောနေဖို့မလိုပါဘူးဗျာ၊ ကျွန်တော် ဦးလေးထွန်းအပေါ်မှာ ကိုယ့်သွေးသားရင်းတစ်ယောက်လို သဘောထားခဲ့တာလည်း ဦးလေးထွန်းသိနေတာပဲ၊ နိုင်ငံခြားကို ထွက်သွားလို့ ဦးလေးထွန်းနဲ့ ကျွန်တော် ဝေးခဲ့ရပေမယ့် ဦးလေးထွန်းဟာ ကျွန်တော့်စိတ်ထဲမှာ အမြဲရှိနေတဲ့ လူတစ်ယောက်ပါ၊ ဒါကြောင့်လည်း နိုင်ငံခြားက ပြန်ရောက်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးထွန်းရှိတဲ့နေရာကို ကျွန်တော်အရောက်လာခဲ့တာပေါ့"

"ဟုတ်ပါတယ် လူလေးရယ်၊ လူလေးရဲ့သံယောဇဉ်ကို ဦးလေးထွန်း သိပါတယ်ကွယ်၊ ဦးလေးထွန်းကိုယ်တိုင်ကလည်း လူလေးအပေါ်မှာ ကိုယ့်တူကိုယ်သားရင်းတစ်ယောက်လို သဘောထားခဲ့တဲ့သူပါ၊ ဦးလေးထွန်းမှာ အချိန်မရှိတော့ပါဘူး၊ ဒီအချိန်ဟာ ဦးလေးထွန်းရဲ့ နောက်ဆုံးအချိန်ဆိုတာလည်း ဦးလေးထွန်းကိုယ် ဦးလေးထွန်းသိတယ်"

"ဖေဖေရယ် မပြောပါနဲ့ရှင်၊ အဟင့် ဟင့် ဟင့်"

နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ကာ နာကျင်ကြေကွဲနေသော သနားစဖွယ်မျက်နှာလေးနှင့် ဖခင်ဖြစ်သူ၏စကားကို ကြားရက်နိုင်စွမ်းမရှိသလို ရှိုက်ကြီးတငင် ငိုကြွေးနေသော စံမိုမိုကို ခန့်သွေးနောင် မငိုပါနှင့်လို့လည်း မတားချင်တော့ပါ။

ဦးမောင်ထွန်းသည် ကိုယ့်အခြေအနေကို ကိုယ်သိနေသူတစ်ယောက်ပမာ သူ၏နောက်ဆုံးအချိန်များအတွက် ကြိုတင်ပြင်ဆင်ထားသည့်နှယ် ပြောနေသောစကားများအတွက် ခန့်သွေးနောင်ကိုယ်တိုင် ရင်မှာမချိနိုင်အောင်ပါ။

သွေးစုပ်သလို ဖြူဖျော့နွမ်းလျနေသော ဦးလေးထွန်း





အတွက် နောက်ဆုံးအချိန်ဆိုတာကိုလည်း ခန့်သွေးနောင် နားလည်နေရပြီဖြစ်သည်။

"လူလေး"

"ဗျာ"

"ဦးလေးထွန်းမရှိရင် လောကအလယ်မှာ တစ်ယောက်တည်းကျန်ခဲ့မယ့် သမီးလေးအတွက် ဦးလေးထွန်း စိတ်မချနိုင်ဘူး"

"ဦးလေးထွန်းရယ်"

ဖခင်တစ်ယောက်၏ စေတနာမေတ္တာဆိုတာကို ခန့်သွေးနောင်သည် ကိုယ်ချင်းစာစိတ်နှင့် သိနားလည်ပါသည်။

"ဆွေမျိုးသားချင်းဆိုတာ မရှိ၊ တစ်ကောင်ကြွက် တစ်မျက်နှာနဲ့ ကျန်ရစ်ခဲ့မယ့် သမီးလေးအတွက် ဦးလေးထွန်း ရင်လေးမိတာ မလွန်ပါဘူးနော်"

ဦးလေးထွန်းပြောသည်မှာ မလွန်ပါ။ အမိမဲ့ အဖမဲ့ ကွယ်ရာမဲ့သည့်ဘ၀မှာ အရွယ်ငယ်ငယ် သိပ်လှသော မိန်းကလေးတစ်ယောက်အတွက် ဘယ်လိုလုပ်၍ စိတ်ချနိုင်မှာသည်တဲ့လဲ။

စံမိုမိုသည် ဖခင်ဖြစ်သူ၏စကားများအတွက် ရင်မှာမချိနိုင်အောင် နာကျင်ကြေကွဲ ၀မ်းနည်းမှုတွေနှင့် အံကို စေ့ကြိတ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

သူမအဖြစ်သည် အဘယ်မျှ ဝမ်းနည်းကြေကွဲဖွယ်ကောင်းသည့်အဖြစ်ပါလဲ။

စံမိုမိုဆိုသည့် သူမဘဝတွင် ဖခင်ကြီး၏ အရိပ်အာဝါသမှလွဲ၍ တခြားမှီခိုတွယ်တာ နားခိုစရာ ဆွေမျိုးရယ်လို့မှ မရှိသည့်ဘဝ။

"ဦးလေးထွန်း အသေဖြောင့်ချင်တယ် လူလေးရယ်"

"ပြောပါ ဦးလေးထွန်း၊ ဦးလေးထွန်း ဘာဖြစ်ချင်လဲ၊ ဦးလေးထွန်း ဖြစ်ချင်တာအားလုံး ကျွန်တော် မဖြစ်ဖြစ်အောင် လုပ်ပေးပါ့မယ်"

"ကျေးဇူးပါပဲ လူလေးရယ်၊ ဦးလေးထွန်းဆန္ဒကတော့ သမီးလေးကို လူလေးလက်ထဲ အပ်ခဲ့ချင်တာပါပဲ"

"ဟင်"

ဖခင်ကြီး၏စကားကို ကြားပြီး စံမိုမိုကိုယ်လေး ဆတ်ခနဲ တုန်ခါသွားရသည်။

"ဦးလေးထွန်းပြောတာ"

"သမီးလေးကို လူလေး လက်ထပ်ပြီး တစ်သက်လုံး





စောင့်ရှောက်ပေးဖို့ပါပဲ"

"အို"

ကမ္ဘာမြေကြီး ချာချာလည်မတတ် ဖြစ်သွားရသည်ဆိုတာ စံမိုမိုခံစားရသည့် ဒီအဖြစ်ကိုများ ပြောသည်လားမသိတော့ပါ။

ဖေဖေသည် သူမ၏ရှေ့ရေးကို တွေးပူကာ ဦးခန့်သွေးနောင်လက်ထဲ ယုံယုံကြည်ကြည် ထည့်ခဲ့ရက်သည်တဲ့လား။

"လူလေးကို ဦးလေးထွန်း ဒီစကားပြောရတာ ယုံကြည်အားကိုးတဲ့စိတ်အပြင် သမီးဘဝ စိတ်ချရမယ်ဆိုတာ ဦးလေးထွန်းသိလို့ ပြောရတာပါကွယ်၊ သမီးအတွက် ဦးလေးထွန်း တစ်ခုခုစိုးရိမ်ရတဲ့ အသေဖြောင့်မှာမဟုတ်ဘူးဆိုတာလည်း ဦးလေးထွန်းသိတယ်၊ လူလေးအနေနဲ့ကလည်း ဦးလေးထွန်းရဲ့ အဖြစ်ချင်ဆုံးဆန္ဒကို လိုက်လျောပေးနိုင်ပါ့မလားကွယ်"

မဖြစ်နိုင်ပါ။ မလိုက်လျောနိုင်ပါဟု ခန့်သွေးနောင် ဘယ်လိုသောအင်အားနှင့် ပြောထွက်နိုင်မှာတဲ့လဲလေ။

သေအံ့မူးဆဲဆဲ နောက်ဆုံးအချိန်ရောက်နေသည့် လူမမာတစ်ယောက်၏ အဖြစ်ချင်ဆုံး နောက်ဆုံးဆန္ဒကို ခန့်သွေးနောင် ချက်နှလွဲငြင်းပစ်ဖို့ဆိုတာ သူ့အနေနှင့် ဘယ်လိုမှ မဖြစ်နိုင်သည့်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်။

သည့်အဖြစ်ကို သူ့အနေနှင့်လည်း ငြင်းရန်အင်အားရှိနိုင်သည်မဟုတ်ပါ။

ဦးလေးထွန်းဆိုတာကဲ ဖေဖေပြီးရင် သူ့အတွက် ဖခင်နေရာထား၍ ချစ်ခင်သံယောဇဉ်ရှိရသူဖြစ်သည့်အပြင် ဝေဒနာနှိပ်စက်မှုကြောင့် သေအံ့မူးဆဲဆဲ လူတစ်ယောက်၏ နောက်ဆုံးဆန္ဒကို သူ့အနေနှင့် မျက်ကွယ်ပြုငြင်းဖို့ဆိုတာ ပို၍မဖြစ်နိုင်သည်ပဲ။

"လူလေး"

သူ့ထံမှအဖြေကို မျှော်လင့်ကြီးစွာ စောင့်မျှော်နေသော ဦးလေးထွန်းထံကို ခန့်သွေးနောင်သည် စိတ်မကောင်းကြီးစွာကြည့်ရင်း...

"ဦးလေးထွန်းဖြစ်ချင်တဲ့ ဆန္ဒအတိုင်း အားလုံးဖြစ်ရပါစေမယ်လို့ ကျွန်တော်ကတိပေးပါတယ် ဦးလေးထွန်း"

"အို...လူလေးရယ်၊ ဒါ ဒါ တကယ်ပဲလားကွယ်"

ဝမ်းသာဝမ်းနည်းစိတ်ကြောင့်ပင် မျက်ဝန်းထောင့်မှ မျက်ရည်များစီးကျကာ ခန့်သွေးနောင်လက်ကို တင်းတင်းဆုပ်ကိုင်လျက် မယုံနိုင်စွာ မေးနေသော ဦးလေးထွန်းကို ခန့်သွေးနောင်





လှိုက်လှိုက်လှဲလှဲပြုံးပြလိုက်ပြီး...

"တကယ်ပါ ဦးလေးထွန်းရယ်၊ တကယ်ပါ၊ ဦးလေးထွန်း စိတ်ချမ်းသာရပါစေမယ်၊ ပြီးတော့ ဦးလေးထွန်း အင်မတန်ချစ်တဲ့ ဦးလေးထွန်းရဲ့သမီး စံမှီမှီကို ကျွန်တော် သေတပန်သက်တဆုံး ရိုးမြေကျပေါင်းပါ့မယ်လို့ ကတိထပ်ပေးပါတယ်"

"လူလေးရယ်"

ချိနဲ့နေသည့်ကြားက တုန်ခါသွားရသည့် ဦးမောင်ထွန်းအသံကို ခန့်သွေးနောင် သတိပြုမိလိုက်ရတော့ ရင်မှာ နင့်သည်းဖြာဝေသွားရသည်။

တစ်ဆက်တည်း သူ့ကြောင့် လူတစ်ဖက်သား စိတ်ချမ်းသာသွားရပါလားဆိုသောအသိက စိတ်မကောင်းကြီးစွာ ဖြစ်နေရသည့်ကြားက ရင်မှာ သိမ့်ခနဲ ငြိမ့်စီးသွားရသည်။

ခန့်သွေးနောင်မှာ သူ့ဆုံးဖြတ်ချက်အတွက် သူနောင်တမရချင်တော့ပါ။ မျက်ဝန်းထဲတွင် တစ်စုံတစ်ယောက်သောသူ၏ပုံရိပ်က ပေါ်လာရတော့ သူသည် မျက်ဝန်းအစုံကို မှိတ်ကာသက်မတစ်ချက်ကို ချလိုက်လေသည်။

ထိုခဏ သူ့ရင်ထဲ ပွဲတင်သံတမ်းချင်းတွေ ထပ်ညွှန်းရ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ခုချိန် သူ့ရင်ထဲ ထိုအရာတွေထက် ကြီးစိုးနေရသည်က ဝေဒနာအပြင်းအထန် ခံစားနေရရှာသည့် သေမင်းနှင့်အပြိုင် စစ်ခင်းနေရသည့် ဦးလေးထွန်းကိုပင် ဖြစ်သည်။

သူကြားချင်သည့် စကားများကို ကြားရပြီဖြစ်သော ရင်မှာဖြစ်စေချင်သည့်အတိုင်း ဆန္ဒတွေပြည့်ဝသွားရပြီဖြစ်တဲ့ ဦးမောင်ထွန်းမှာ သမီးအတွက် စိတ်အေးသွားရသလို စကားရှည်ကြီးများ ပြောလိုက်ရသဖြင့် အနားယူလိုက်ဟန် မျက်ဝန်းအစုံကို မှိတ်လျက် နှမ်းလျလျမျက်နှာတွင် အပြုံးများနေရာယူလျက် ကျေနပ်မှုများဖြင့် ငြိမ်သက်နေသည်။

လူကငြိမ်သက်ပါသော်လည်း စိတ်မငြိမ်သက်နိုင်သူက ခန့်သွေးနောင်နှင့် စံမှီမှီသာဖြစ်ပါသည်။

"စုသဲရယ်၊ ကိုယ့်ကိုခွင့်လွှတ်ပါတော့ဗျာ" ဟု ဆိုလျက် နှုတ်ခမ်းပါးပါးနီနီလေးနှင့် မျက်ခုံးလေးပင့်ချီ မျက်ဝန်းလေး ထောင့်ကပ်ကာ စကားဆိုတတ်သော ဖြူဖြူသွယ်သွယ် လှပချစ်စရာကောင်းသည့် ညို့အလှပိုင်ရှင်မလေး စုသဲကို စိတ်မှနေ တိတ်တခိုးကြိတ်၍ တောင်းပန်စကား ဆိုနေလိုက်သလို…

စံမှီမှီမှာလည်း ဖခင်ကြီး၏ မထင်မှတ်သည့် အစီအမံ





များကြောင့် ရင်ဝယ် ရုက်ကြောက်တုန်လှုပ်ခြောက်ခြားမှုများစွာနှင့် သူမဘဝကို သူမတွေးလျက် ဝမ်းနည်းမဆုံးဖြစ်ကာ ရင်မှာငိုနေမိတော့သည်။

ဖခင်တစ်ယောက်၏ ကြီးမားသည့်မေတ္တာဖြင့် ဝေဒနာတွေအလူးအလဲ နှိပ်စက်ခံနေရသည့်ကြားက လောကအလယ်တွင် တစ်ယောက်တည်း မျက်စိသူငယ် နားသူငယ်နှင့် ကျန်ခဲ့မည့် သမီးဖြစ်သူအတွက် ဖခင်တစ်ယောက်၏ တာဝန်ကျေစွာ သူမ၏ ရှေ့ဆက်ရမည့်အနာဂတ်ကိုပါ စီစဉ်ပေးသွားရှာသည့် ဖေဖေ၏ ကြီးမားသော မေတ္တာကို စံမှီမှီသည် ဆပ်၍မကုန်တော့သည့်တိုင် ရင်မှာတော့ ခန့်သွေးနောင်ဆိုသည့် လူကြီးကို အမှုမသိဘမသိ လက်ထပ်ရမည့် အဖြစ်အတွက် စိတ်မှာ လေးလံနောက်ကျိရှုပ်ထွေးနေရသည်က အမှန်ပင်ဖြစ်တော့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ဦးမောင်ထွန်းတစ်ယောက် သူ့ဆန္ဒတွေ ပြည့်ဝသွားခဲ့ရပြီမို့ သမီးဖြစ်သူကို စိတ်ချကာ လောကကြီးထဲမှ တကယ်ပင် အပြီးအပိုင် ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

စံမှိုမှိုနှင့် ခန့်သွေးနောင် လူကြီးစုံရာရှေ့တွင် လက်ထပ်ပြီးမကြာပါ ဦးမောင်ထွန်းသည်လည်း သူ့အင်မတန်ချစ်သည့် သမီးအတွက် စိတ်ချသွားရကာ ထိုနေ့မှာပင် ရောဂါဝေဒနာတွေ အလူးအလ[illegible]ခံစားရသည့်ကြားက သမီးဖြစ်သူအတွက် ကျေနပ်ပြုံးနှင့်ပင် ကွယ်လွန်သွားရှာသည်။

ဒီအဖေနှင့် ဒီသမီး နှစ်ယောက်တည်းရှိသည့်ဘဝမှာ ဖခင်ဖြစ်သူသည် သူမကို ခွဲခွာသွားခဲ့ပြီမို့ စံမှိုမှိုမှာ ဖြေဆည်အားမရနိုင်သည့် သောကတွေနှင့် အလူးအလဲခံစားနေရကာ ကျော်ရှည်

www.burmeseclassic.com

www.burmeseclassic.com



နှင့်မျက်နှာ ပြတ်သည်မရှိအောင် နင့်နင့်သည်းသည်း ခံစားနေရသလို…

ခန့်သွေးနောင်တစ်ယောက်မှာလည်း သူ့ဘဝတွင် ဖခင်ကြီးတစ်ယောက်ပမာ သံယောဇဉ်ထား အတွယ်တာရဆုံးဖြစ်သည့် ဦးလေးထွန်းအတွက် ခံစားနေရပေမယ့် ယောကျ်ားသားမို့ ရင်မှာခံစားရသည့်အတိုင်း ဖွင့်မပြခဲ့သော်လည်း ဦးလေးထွန်း၏ ကိစ္စအဝဝကို သူကိုယ်တိုင် ဦးစီးဦးရွက်လုပ်ကိုင်လျက် ဦးလေးထွန်း၏ နောက်ဆုံးခရီးလမ်းကို ခန့်သွေးနောင်မှာ အကောင်းဆုံးနှင့် အလှပဆုံးဖြစ်စေခဲ့လေသည်။

အဆိုးထဲကအကောင်းလို့ ဆိုရမည်က စံမှီမှီအတွက် ခန့်သွေးနောင်သည် သူမရှေ့က မားမားမတ်မတ် ရပ်တည်ရှိနေ၍သာ တော်ပါတော့သည်။ မဟုတ်ပါက ငယ်ငယ်ရွယ်ရွယ် မိန်းမငယ်တစ်ယောက်ဖြစ်သည့် စံမှီမှီအတွက် ယခုကဲ့သို့ ဦးလေးထွန်း၏ နောက်ဆုံးခရီးတွင် အကောင်းဆုံးဖြစ်အောင် စီစဉ်လုပ်ကိုင်နိုင်ခဲ့မည်မဟုတ်ပါ။

သူမတတ်နိုင်သည့် အင်အားလေးနှင့် အကောင်းဆုံးလုပ်သွားနိုင်မည်ဆိုသော်လည်း ငယ်ရွယ်ချောမောလှပသော မိန်းမ





ငယ်သူမအား ကူညီတာနှင့်မတန် အခွင့်အရေးယူချင်ကြသောကြီးငယ်မရွေး ယောကျ်ားများ၏ အန္တရာယ်ကလည်း မသေးလှပါ။

ဘာပဲပြောပြော သူမအတွက် ခန့်သွေးနောင် သူမရှေ့မားမားမတ်မတ်ရှိနေခြင်းက အများကြီးကံကောင်းသည်လို့ ဆိုရပါမည်။

စံမှီမှီတစ်ယောက်တည်းဆိုပါက ယောင်ချာချာနှင့်တစ်ယောက်တည်း ဘာလုပ်လို့လုပ်ရမည် မသိသလို လက်ထဲတွင် ငွေအင်အားကလည်း မရှိသည့်ဘဝ။

သည်လိုအခြေအနေမှာ ခန့်သွေးနောင် ရှိနေခြင်းသည် စံမှီမှီအတွက်တော့ အရာအားလုံး ဖန်ဆင်းပေးမည့် တန်ခိုးရှင်တစ်ယောက်ရှိနေသည့်အလားပင် ဖြစ်သည်။

ဖခင်အတွက် ပူဆွေးသောကတွေနှင့် ငိုရလွန်းသောကြောင့် သူမအဖို့ ငိုရန် မျက်ဝန်းမှမရှိတော့သလိုပင်။

သည်ကြားထဲ ဖခင်ဖြစ်သူမှ ရက်မလည်သေး သူမအား အိမ်ပေါ်မှဆင်းပေးရန် မျက်နှာပြောင်ပြောင်နှင့် လာပြောနေသော အောင်နိုင်ကြောင့် စံမှီမှီတစ်ယောက် ဝမ်းနည်းဒေါသတွေနှင့် ကျိတ်မနိုင်ခဲမရပါ။



www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင်သည် သူမရှေ့တွင် ခန့်သွေးနောင်ရှိနေ၍ ဘာမှ မပြောသော်လည်း အကြည့်ရှိုင်းတွေကတော့ သူမတစ်ကိုယ်လုံးထံ စူးစူးရဲရဲရှိလျက် စားမတတ်ဝါးမတတ်ပုံပင်ဖြစ်သည်။

ဒါတွေသိ၍လည်း ဖခင်ကြီးသည် သူမကွယ်လွန်မီ သူမအား ယခုကဲ့သို့ စီစဥ်ပေးသွားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

တွေးလေလေ ဖေဖေ့ကျေးဇူးတရားတွေက ကြီးမားလေလေမို့ မျက်ရည်တွေက သူမပါးပြင်ထက် အလိုလိုစီးကျလာရပြန်လေသည်။

"ဟာကွာ…မျက်ရည်တွေက ဘာလို့ကျနေရပြန်တာလဲ"

"ဟင်"

အနားသို့ရောက်လာကာ ကရုဏာဒေါသဟန်နှင့် ပြောလာသော ခန့်သွေးနောင်ကို စံမှီမှီသည် မျက်တောင်ရှည်ကြီးများပင့်မကာ မျက်ဝန်းအိမ်တွင် ပြည့်လျှံနေရသော မျက်ရည်စတွေနှင့် ကြည့်လာရင်း…

"ကျွန်မရင်မှာ ဖေဖေ့အတွက် မဖြေနိုင်ဘူး ဦးခန့်သွေးနောင်၊ အဲဒီအတွက် မျက်ရည်ကလည်း အမြဲကျနေမှာပဲ၊ ဒါကို



မကျပါနဲ့လို့လည်း ရှင်မတားပါနဲ့၊ တားလည်း ရမှာမဟုတ်ဘူး သိလား၊ အဟင့်…ဟင့်…ဟင့်"

ငိုချင်ရက်လက်တို့ဆိုသလို ပြောကာမှ ပို၍ပင်ငိုနေသော စံမှီမှီကို ခန့်သွေးနောင် မငိုပါနှင့်လို့လည်း မပြောချင်တော့ပါ။ ပြောလို့လည်း ဒီမိန်းကလေးသည် ရမည့်သူမဟုတ်ပါ။

ငိုချင်သည့်သူမလေးကို သူ့အနေနှင့် ငိုရန်ခွင့်ပြုထားရုံကလွဲလို့ ဘာမှတတ်နိုင်မည်မဟုတ်။

တတ်နိုင်သည်ထား ဖခင်အား သိပ်ချစ်တတ်သည့် သမီးတစ်ယောက်အနေနှင့် သူမခံစားရမှုကို သူနားလည်စိတ်နှင့် ထိုယ်ချင်းစာရုံသာရှိပါသည်။

နှာသီးဖျားလေးတွေရဲလာ  မျက်ဝန်းလေးများ မို့အစ်ဆောင်းပြည့်နေအောင် နေ့ညရှိသ၍လည်း မျက်ရည်နှင့်မျက်နှာ ပြတ်သည်မရှိသော သူမလေးကို ခန့်သွေးနောင်အနေနှင့် ချော့မော့နှစ်သိမ့်ရန်လည်း မလွယ်ကူလှပါ။

တရားဝင်လက်ထပ်ထားသည့် ဇနီးသည်တစ်ယောက်ဆိုသော်မယ့် စံမှီမှီနှင့်သူဆိုတာက ဘယ်လိုမှ ရင်းနှီးပတ်သက်ခြင်းမရှိသည့် အစိမ်းသက်သက်လူနှစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ကြုံခဲ့သည့် ခဏတာအချိန်လေးမှလွဲ၍ တစ်ယောက်အကြောင်းကို တစ်ယောက် သေချာမသိကြသေးပါ။

သို့ကြားက နှုတ်ရေးသည့်ဖူးစာကြောင့် ဇနီးခင်ပွန်းအနေနှင့် လာပတ်သက်နေရပေမယ့် သူတို့နှစ်ဦးဆိုတာက တွေ့စကတည်းက စကားအချေအတင် အဆင်မပြေဘုနှင့်ဆောက်ဖြစ်ခဲ့ရသူနှစ်ဦး။

သည်လိုအခြေအနေကြားက ဖြုန်းခနဲဆိုသလို မထင်မှတ်ဘဲ လက်ထပ်လိုက်ရသည့်အတွက် တစ်ယောက်နှင့်တစ်ယောက် အနေခက်ခက် တစ်မျိုးကြီးဖြစ်နေရလေသည်။

သို့သော် တစ်အိမ်လုံးကြည့်ပါမှ ရှိသည့်လူကလည်း ဒီလူနှစ်ယောက်တည်းသာမို့ တစ်ယောက်နှင့်တစ်ယောက် ဘယ်လောက်ပဲ မျက်နှာပူအနေခက်ခက် မခေါ်မပြောလို့ကလည်း မဖြစ်သည့်အခြေအနေ။

"ဟင်း"

တွေးရင်းက ခန့်သွေးနောင်သည် သက်မတစ်ချက်ကို ချလိုက်ပြီး…

"သိပ်ဝမ်းနည်းနေလား စံမှီမှီ"





သူ့စကားကြောင့် စံမှီမှီသည် ငိုရင်းရှိုက်ရင်းက ဖျတ်ခနဲဆိုသလို သူ့အား မျက်ရည်တွေနှင့် ခပ်စူးစူးလေးကြည့်လာပြီး…

"ရှင်ဘယ်လိုမေးလိုက်တာလဲဟင်၊ လောကကြီးမှာ မွေးကြည့်လို့မှ ဒီအဖေနဲ့ ဒီသမီး နှစ်ယောက်တည်းရှိတဲ့ဘဝမှာ ဖေဖေ့အတွက်မှ ကျွန်မဝမ်းမနည်းရရင် ဘယ်သူ့အတွက် ကျွန်မ ဝမ်းနည်းရဦးမှာလဲ"

"စံမှီမှီဝမ်းနည်းလို့ မျက်ရည်ကျတာကို ကျွန်တော်မတားပါဘူး၊ သမီးတစ်ယောက်အနေနဲ့ စံမှီမှီ ဒီထက်မကလည်း ခံစားသင့်ပါတယ်၊ ဒါပေမယ့်ဗျာ ဘယ်လိုပြောမလဲ စံမှီမှီ အခုလို ထမင်းမစား ဟင်းမစားနဲ့ ကျန်းမာရေးထိခိုက်တဲ့အထိ တစ်ယောက်တည်း ကြိတ်ခံစားနေတာကို ဦးလေးထွန်းသာသိရင် သူစိတ်ကောင်းနိုင်မှာမဟုတ်ဘူး၊ ဦးလေးထွန်းက သူ့သမီးကို သူသိပ်ချစ်တယ်လေ၊ သူသိပ်ချစ်တဲ့သမီးက သူ့ကြောင့် အခုလို ကျန်းမာရေးထိခိုက်လောက်အောင် ခံစားနေတာကိုသိရင် ဘာပြောမလဲ၊ ဦးလေးထွန်း တမလွန်ကမြင်ရင်လည်း သူစိတ်ချမ်းသာပါစေ စံမှီမှီ၊ ခုဆိုကြည့်စမ်း ထမင်းမစားဟင်းမစားနဲ့ ဒီအတိုင်း ရှေ့ဆက်သွားရင် ခင်းကျန်းမာရေး ထိခိုက်လာမှာ ကိုယ်ပြောရဲတယ်"

www.burmeseclassic.com

www.burmeseclassic.com



စံမှီမှီသည် သူ့စကားကို ဘာမှပြန်မဆိုဘဲ ငိုရှိုက်၍သာ အတန်ကြာငြိမ်သက်နေရာမှ နှုတ်ခမ်းလေးကို ဖိကိုက်ပြီး…

"ကျွန်မ ကျွန်မ ဘယ်လိုစားဝင်မှာလဲ ဦးခန့်သွေးနောင်၊ ဖေဖေ ကျွန်မကို တစ်ယောက်တည်းထားသွားခဲ့ပြီလေ"

ရင်မှာခံစားရလွန်းသောကြောင့် ဘယ်လိုမှ မထိန်းချုပ်နိုင်ဘဲ စံမှီမှီ ဝမ်းပန်းတနည်းပြောကာ ငိုရှိုက်မိလေ၏။

ခန့်သွေးနောင်မှာ သူ့မျက်ရည်များကို မြင်ရလေ မျက်နှာ ပျက်လာရလေနှင့် မျက်ခုံးထူထူကြီး တွန့်ကြုတ်လာရပြီး…

"ဦးလေးထွန်းအပေါ်မှာ သမီးတစ်ယောက်အနေနဲ့ မင်းဘက်က အစွမ်းကုန်တာဝန်ကျေခဲ့ပြီ စံမှီမှီ၊ ပြီးတော့ မင်းရဲ့ရှေ့မှာ ဦးလေးထွန်း မရှိတော့ပေမယ့် ကိုယ်ရှိနေပါသေးတယ်"

"ရှင်"

ရုတ်ခြည်း စံမှီမှီထံမှ ငိုရှိုက်သံလေးများ ပျောက်ကွယ်သွားရသည်။

ဘုရားရေ။

သူမဒီအဖြစ်ကို လုံးလုံးမေ့လျော့နေခဲ့သည်ပါလား။ ဖေဖေ့အတွက် တစ်ချိန်လုံး ခံစားနေခဲ့ရသည်မို့ ဦးခန့်သွေးနောင်နှင့်သူမ





၏ လက်ရှိအနေအထားနှင့် ပတ်သက်မှုကိုလည်း စံမှီမှီ လုံးဝမေ့နေရသည့်အဖြစ်။

တကယ်တော့ ဦးခန့်သွေးနောင်နှင့် သူမဆိုတာ ဖေဖေ မကွယ်လွန်မီ ဖေဖေ့ရှေ့မှာပင် လူကြီးစုံရာနှင့် တရားဝင်လက်မှတ်ရေးထိုး လက်ထပ်ခဲ့သည့်သူဖြစ်သည်။

အတွေးနှင့် စံမှီမှီမှာ မျက်နှာလှလှလေး ရဲပဒေါင်းခတ်သွားရ၏။ ထို့အတူ သူ့မျက်နှာချောချောကြီးကိုလည်း မကြည့်ရဲတော့ပါ။

"စံမှီမှီ"

"ဟင်"

သူ့ခေါ်သံက ရှက်သွေးများဖြင့်ရှိနေသော စံမှီမှီအား တုန်လှုပ်သွားစေရသည်။

"ထမင်းကို ဝင်သလောက်စားလိုက်ပါ၊ စားဖို့ ကိုယ် အားလုံး ပြင်ဆင်ထားတယ်"

"အို"

စံမှီမှီမှာ ရှက်ရွံ့အနေခက်မှုတွေနှင့်အတူ သူ့အား အားနာသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦး။

ဖေဖေဆုံးပြီးကတည်းက သူမသည် ကစ်လှျှက်လုံး သူ့ကို ချည့်သည့်တစ်ယောက်ရှယ်လို့မှပင် သတိမရတော့ဘဲ သူ့အတွက် စားရေးသောက်ရေးများကိုပင် သူမဘက်က လစ်ဟင်း ပျက်ကွက်ခဲ့သည်မှာ ဒီနေ့ထိတိုင်ပင်ဖြစ်သည်။

ဒီလိုပျက်ကွက်ခဲ့သည့် သူမကို သူကပြန်၍ အိမ်ရှင် တစ်ယောက်ပမာ ကျွေးမွေးချည့်ခံနေသည်မို့ စံမိုမိုသည် သူမ၏ ပျက်ကွက်ခဲ့မှုအတွက် အားနာအနေခက်မှုတွေနှင့် သူ့ရှေ့တွင် ခေါင်းမဖော်နိုင်တော့ပါ။

ဒါကို ခန့်သွေးနောင်ရိပ်မိတော့ မျက်နှာချောချောကြီးမှာ ပြုံးလွန့်လွန့်ဖြစ်သွားရပြီး…

"ဘာလဲ စားဖို့ကိုယ်ပြင်ဆင်ထားတယ်ဆိုလို့ အားနာနေတာလား၊ အဟွန်း ဘာမှအားနာစရာမလိုပါဘူးကွာ၊ ကိုယ်က အစားအသောက် ကြေးများတဲ့သူမဟုတ်ဘူး၊ နောက်ပြီး ကိုယ်က အချက်အပြုတ်လည်း နည်းနည်းပါးပါးတော့ ဖြစ်တယ်၊ ကဲ ကိုယ့်လက်ရာ ဘယ်လိုနေတယ်ဆိုတာ စံမိုမိုစားပြီး ဝေဖန်ပါဦး၊ ကိုယ်က အဲလိုဝေဖန်တာကို သီပ်ပြီးသဘောကျတာကွ"

လူကို အခုပဲ ဆွဲခေါ်တော့မလိုလို သူမ မလာမချင်း





အနားကခွာမည့်ပုံမရ။ ခွတ်ရောအတင်းပါ သူ့လက်ရာ ထမင်းဟင်းများ စားသောက်ရန်ခေါ်နေသည့် ခန့်သွေးနောင်ကို စံမိုမိုမှာ ခက်ပါလားဆိုသော အတွေးနှင့် မျက်ဝန်းလေး ထောင့်ကပ်ကာ ကြည့်ပြီး

"ကျွန်မ မစားချင်ဘူး"

"ဟိတ်…မရဘူးနော်၊ မစားလို့တော့မရဘူး၊ ဘာမှမစားဘဲ မင်းဒီပုံအတိုင်းနေရင် မကြာခင် လဲသွားမှာသေချာတယ်၊ အဲလိုဆော့ ကိုယ်က အဖြစ်ခံမှာမဟုတ်ဘူးနော်၊ ဦးလေးထွန်းက သူ့သမီးကို သေချာစောင့်ရှောက်ဖို့ ကိုယ့်ကိုမှာသွားတာဗျ"

"ဟင်"

ဖေဖေ့အကြောင်း ပါလာတော့ စံမိုမို မျက်နှာလေးပျက်သွားရလျက် မျက်နှာလှလှလေးမှာ ချက်ချင်းလို ညှိုးနွမ်းသွားရတာ…

"ဖေဖေ ကျွန်မတို့ကို ခွဲသွားတာ ခုဆို တစ်ပတ်ပြည့်တော့မယ်နော်"

ခန့်သွေးနောင်မှာ သူ့စကားမှားသွားရသည့်အတွက် စိတ်မကောင်းဖြစ်သွားရှာ…

"စံမိုမိုရယ် စိတ်မကောင်းစရာတွေ ဘာလို့ပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲဗျာ၊ ရက်လည်မှာ ဦးလေးထွန်းအတွက် ကောင်းမှုကုသိုလ်တွေ ပြုဖို့ကိုပဲ စံမှီမှီ စဉ်းစားပါ၊ နောက်ပြီး ဦးလေးထွန်းရက်လည်ပြီး တာနဲ့ ကိုယ်တို့ ရန်ကုန်ကိုသွားရတော့မယ်လေ"

သူမမေ့ထားပါသည့်အကြောင်း သတိရလာပြန်တော့ စံမှီမှီ နှလုံးသားတွေ ကွဲကြေနာကျင်သွားရပြန်သည်။

ဖေဖေ့ရက်လည်အထိ နေပါရစေဆိုသည့်စကားဖြင့် စံမှီမှီသည် ဒီအိမ်လေးမှာ ဆက်နေဖို့အရေး အောင်နိုင်အား မနည်း တောင်းပန်ထားခဲ့သည်မှာ မနက်ဖြန်ဆိုလျှင် ဖေဖေ့ရက်လည်ပင် ပြည့်ခဲ့ပြီဖြစ်သည်။

နက်ဖြန်တစ်နေ့ဆိုသည့်အချိန် ပြီးဆုံးခဲ့သည်နှင့် စံမှီမှီသည် မေမေထားခဲ့သည့် ဖေဖေ အင်မတန်မြတ်နိုးပါသည့် ဒီအိမ် ဒီခြံအတွင်းမှနေ ဖယ်ခွာပေးရတော့မည်ဖြစ်သည်။

အောင်နိုင်သည် ယုတ်မာကောက်ကျစ်သူပီပီ ဖေဖေပြောခဲ့ သလို ငွေနှစ်ဆပေးကာ ရွေးယူခဲ့ပေမယ့် သူလက်ဝယ်ရှိနေသည့် ဒီခြံအိမ်လေးကို သူမအား ပြန်မပေးတော့ပါ။

ငွေကြေးချမ်းသာသည့် ခန့်သွေးနောင်၏ အခြေအနေကို ကြည့်ပြီး အောင်နိုင်သည် မစားရသည့် အမဲ





သဲနှင့်ပက်ခဲ့ပြီဖြစ်သည်။

သူမနေထိုင်ကြီးပြင်းခဲ့သည့် ဖေဖေနှင့်မေမေ၏ မင်္ဂလာဦး အိမ်ခြံလေးကို စံမှီမှီသည် ထာဝရလက်လွှတ်ဆုံးရှုံးရတော့မှာပါလား ဆိုသော အတွေးအသိက နုနုနယ်နယ် နှလုံးသားကို ဓားထက် ထက်နှင့် အထိုးခံလိုက်ရသလို နာကြည်းမှု၊ ကြေကွဲမှုတွေနှင့် သွေးစိမ်းရှင်ရှင် ကျစေရသည့်အဖြစ်။

"စံမှီမှီ"

"ဟင်…ရှင်"

အတွေးများဖြင့် နာကျင်သွားရသော စံမှီမှီမှာ တစ်ချိန်က မိသားစုသုံးယောက် ပျော်ပျော်ရွှင်ရွှင်နေထိုင်ခဲ့သည့်အဖြစ်ကို သတိရ သွားကာ လက်ရှိအခြေအနေကို မေ့သွားရသည်မို့ ခန့်သွေးနောင်၏ ခေါ်သံကြားမှ သတိပြန်ဝင်လာရသည်။

"ဘာတွေတွေးနေတာလဲ စံမှီမှီ၊ ကိုယ်မင်းကိုခေါ်နေတာ ကြာပြီ"

"တောင်းပန်ပါတယ်၊ ကျွန်မ ဖေဖေနဲ့မေမေကို သတိရ သွားလို့ပါ"

"စံမှီမှီရယ်"



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားရင့်မာကြီးဖြစ်သည့် ခန့်သွေးနောင်ပင် စံမှီမှီ အဖြေစကားကြောင့် ရင်မှာ ထိထိခိုက်ခိုက်နှင့် ကြေကွဲသွားရသည်။

ခုချိန် သူမအတွက် အားပေးဖော်သည် သူမှလွဲ၍ တခြား မရှိတာကိုလည်း ခန့်သွေးနောင် ကရုဏာစိတ်နှင့် တွေးမိကာ…

“သိပ်လည်းစိတ်အားမငယ်ပါနဲ့ စံမှီမှီ၊ စံမှီမှီဆိုတဲ့ မင်းဟာ ဘယ်အရာမဆို ကြံ့ခိုင်တဲ့စိတ်ရှိတဲ့ မိန်းမတစ်ယောက်ပဲ၊ ဦးလေးထွန်းမရှိတော့ပေမယ့် ဦးလေးထွန်းရှိစဉ်ကအတိုင်းပဲ လောကကြီးကို မင်း ရင်ဆိုင်ရဲလိမ့်မယ်လို့ ကိုယ်ယုံကြည်တယ်၊ ဦးလေးထွန်းသာသိရင်လည်း အဲဒီအတိုင်း စံမှီမှီကို ဖြစ်စေချင်မှာပဲ”

ခန့်သွေးနောင်စကားက ကျလုကျခင်ဖြစ်နေရသည့် ပြိုယိုင်လဲချင်နေရသော စံမှီမှီ၏စိတ်ကို ပြန်၍ ခိုင်မာမားမတ်သွားစေရသည်။

စံမှီမှီမှာ ပါးပြင်ပေါ်မှ မျက်ရည်စများကို ကုန်စင်အောင် သုတ်ပစ်လိုက်၏။

ဖေဖေသည် စံမှီမှီမျက်ရည်ကျသည်ကို မကြိုက်ပါ။ မျက်ရည်ကျတာဟာ အရှုံးပေးတာနှင့် အတူတူပဲဆိုသည့် ဖေဖေ့စကားသံက စံမှီမှီနားထဲ ပြန်ကြားယောင်လာရသလို စိတ်အားငယ်





ပျော့ညံ့တွေဝေမှုကိုလည်း မကြိုက်တတ်သော ဖေဖေအား စံမှီမှီသည် သူမ၏ ယခုအဖြစ်ကိုလည်း မမြင်စေလိုတော့ပါ။

တမလွန် ကောင်းရာဘဝတွင် ရောက်ရှိနေမည့် ဖေဖေ့ကို စံမှီမှီသည် သူမကြောင့် နောက်ဆံမတင်းစေလိုတော့။

စံမှီမှီဆိုတာ ဖြစ်လာသည့်ဘဝ၊ ရင်ဆိုင်ကြုံလာရသည့် အခြေအနေမှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုသာ ဦးစားပေး စဉ်းစားလုပ်ကိုင်သွားတတ်သူတစ်ယောက်ဟု ဖေဖေ ပြောခဲ့သည့် အတိုင်း ယခုလည်း စံမှီမှီသည် ဖေဖေ့အတွက် သောကတွေနှင့် ခြေမဆည်နိုင်ပေမယ့် သူမအနေနှင့် ဖြစ်သင့်တာကိုပဲ လုပ်ရတော့မည်မို့ ရင်မှာ တင်းကြပ်နေသည့် စိတ်တို့ကို လျှော့ချပစ်လိုက်ပြီး

“ဦးခန့်သွေးနောင်”

“ပြောလေ စံမှီမှီ”

“ကျွန်မကိုခွင့်လွှတ်ပါ”

“ဘာအတွက်လဲ စံမှီမှီ”

“ရှင့်အပေါ် ကျွန်မ တာဝန်မကျေနိုင်ခဲ့တဲ့အတွက်ပါ”

စံမှီမှီစကား ဘာကိုဆိုလိုမှန်း ခန့်သွေးနောင် နားလည်တော့ မချိပြုံး ပြုံးမိသွားကာ…



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း… ကိုယ့်ကိုတောင်းပန်စရာ မလိုပါဘူးဗျာ၊ ကိုယ် စိုးရိမ်တာ စံမှီမှီအတွက်ပါပဲ"

"ရှင်၊ ကျွန်မအတွက် ဟုတ်လား"

"ဟုတ်တယ်၊ ခုလိုမစားမသောက်ပုံနဲ့ စံမှီမှီသာ တစ်ခုခု ဖြစ်သွားရင် တမလွန်က ဦးလေးထွန်းကို ကိုယ်ဘယ်လိုမျက်နှာ ပြရမလဲဆိုတာ စံမှီမှီ စဉ်းစားပေးဦးမှပေါ့"

"ကျွန်မ"

"ကိုယ်နားလည်ပါတယ် စံမှီမှီ၊ ဒါပေမယ့် ကိုယ့်ရဲ့ နားလည်မှုဟာ အတိုင်းအတာတစ်ခုအထိပဲ ရှိပါရစေတော့၊ ကိုယ့် စေတနာကို စံမှီမှီ နားလည်မယ်ဆိုရင် စံမှီမှီအနေနဲ့ ကိုယ့်လက်ရာ ကို အများကြီးမဟုတ်တောင် ဝင်သလောက်တော့ နည်းနည်းစား စေချင်တယ်"

"ဦးခန့်သွေးနောင်ရယ်"

သူမအား မစားစားအောင် စေတနာစကားတွေနှင့် လှည့် ပတ်ပြောနေသော ခန့်သွေးနောင်ကို စံမှီမှီ မငြင်းရက်တော့ပါ။

သောကတွေနှင့် ဘယ်လိုမှ စားဝင်မည်မဟုတ်ဆိုတာ သိနေပေမယ့် သူမအား စားစေချင်သူ၏ စေတနာကိုလည်း စံမှီမှီ





ငြင်းလိုက်ပါက စော်ကားသလိုဖြစ်သွားမှာကိုလည်း စိုးရွံ့မိပါသည်။

စံမှီမှီမှာ ဝေခွဲရခက်နေသော စိတ်တို့နှင့် နောက်ဆုံး ခန့်သွေးနောင်ကျေနပ်စေရန် နည်းနည်းစားလိုက်ပါမည်ဆိုကာ ထမင်းစားစားပွဲရှေ့ ရောက်လာခဲ့ရပေမယ့် လူကတော့ စိတ်နှင့် ကိုယ် ကင်းကွာလျက် သူမ၏စိတ်အတွေးအားလုံးတို့သည် ဖခင်ဖြစ် သူထံကိုသာ စိတ်ရောက်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ရထားပြတင်းတံခါးမှတစ်ဆင့် တိုးဝင်တိုက်ခတ်လာသော လေကြောင့် ရထားပြတင်းတံခါးနားကပ်ကာ ထိုင်နေသော စံမိုမို၏ ရှည်လျားနက်မှောင်သော ဆံနွယ်တို့က လေမှာ တလူးလူး တလွင့်လွင့်နှင့် လွင့်မျောနေသည်မှာ သူမဘေးတွင် ထိုင်နေသော ခန့်သွေးနောင် မျက်နှာချောချောကြီးကို သူမ၏ဆံနွယ်များက လာရောက်တိုးဝှေ့ကျီစယ်သွားရသည့်အထိပင် ဖြစ်သည်။

စံမိုမိုမှာ သူမ၏ဆံနွယ်များ ခန့်သွေးနောင် မျက်နှာထက်ဆီသို့ တိုးဝှေ့ရောက်သွားလေတိုင်း အားနာအနေခက်ဟန်လေးနှင့် သူမ၏ဆံနွယ်များကို လက်ကလေးနှင့် သိမ်းယူဖယ်ရှားတတ်လေသည်။

ရီဝေဆွေးမြေ့နေသော မျက်ဝန်းလေးနှင့် ရထားပြတင်း



www.burmeseclassic.com

www.burmeseclassic.com



တံခါးမှတစ်ဆင့် တရိပ်ရိပ်ကျန်ခဲ့သည့် ပတ်ဝန်းကျင်ကိုကြည့်ရင်း သူမနေထိုင်ခဲ့ရာ မြို့လေးနှင့် ဝေးကွာခဲ့ပါလားဆိုသော အသိက ရင်ကို နာကျင်စွာ ထိုးနှက်နှိပ်စက်လာရသည်။

စံမိုမိုသည် ဖေဖေခေါင်းချခဲ့သည့် မြို့လေးနှင့် သူမ နေထိုင်ကြီးပြင်းခဲ့ရာ နေရာလေးကို တကယ်ပင် ခွဲခွာခဲ့ရပါလားဆို သော အတွေးနှင့် ရင်မှာ ဆွတ်ကျင်သွားရ၏။

ခွဲခွာလာရစဉ်က စံမိုမိုသည် သူမနေထိုင်ကြီးပြင်းသော မိဘနှစ်ပါး ခေါင်းချခဲ့သည့် ဒီမြို့နေရာလေးကို ခွဲခဲ့ရသည့်အတွက် မျက်ရည်တွေ ဖြေမဆည်နိုင်အောင် ကျခဲ့ပါသော်လည်း ထိုမြို့လေး မှ တဖြည်းဖြည်း ဝေးကွာလာခဲ့လေလေ သူမ၏ မျက်ရည်များ သည် ခမ်းခြောက်ကာ ရင်မှာ မခံရပ်နိုင်အောင် နာကျင်လာရလေ နှင့် ခံစားရတာကြောင့် နှလုံးသားတစ်ခုလုံး ကြေကွဲမ်းလုမတတ် ဖြစ်ခဲ့ရသည့်အထိပင်။

ဒီမြို့ ဒီနေရာ၊ ဒီအိမ်ခြံဝင်းလေးထဲက ခွဲရတော့မည်ဆို ကတည်းက ငိုနေသော စံမိုမိုကို ခန့်သွေးနောင် မငိုရန်လည်း မတားမိပါ။

ထို့အတူ သူမအငိုတိတ်ရန်လည်း ခန့်သွေးနောင်





ဘာစကားမှမဆိုမိ။

နောက်ဆုံး နှုတ်ဆက်ခွဲခွာခြင်းအနေနှင့် သူမလေး ငိုချင် သလောက် ငိုစမ်းပါစေတော့ဆိုသည့် စိတ်နှင့် ခန့်သွေးနောင်သည် အတိုင်းပင် သူမအား လွှတ်ထားလိုက်မိသည်မှာ ရန်ကုန်သို့ ဦးတည်ခုတ်မောင်းနေသော ရထားကြီးသည် ဘူတာစဉ်များကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်ခဲ့ရပြီဖြစ်သည်။

ပါးပြင်ထက် မျက်ရည်တွေ ခမ်းခြောက်သွားရပြီ ဖြစ်ပေ ယ့်လည်း နှာသီးဖျားလေးရဲကာ မျက်ခွံလေးမို့လျက် ဆိတ်ဆိတ် ငြိမ်သက်နေရသော စံမိုမိုကို ဘာရယ်မဟုတ် ခန့်သွေးနောင်သည် ပတ်ဝန်းတည်တည်စူးစူးကြီးနှင့် စိုက်ခနဲ ကြည့်မိသွားရသည်။

နယ်မှာနေသည်ဆိုပေမယ့် ဝင်းဝါအိညက်သော အသား ဘ နီနှစ်ရောင်သန်းလျက် ကြည်စင်ဝင်းပနေရသလို ခန္ဓာကိုယ် ပြည့်ပြည့်တင်းတင်းလေးကလည်း သူ့နေရာနှင့်သူ ရှိက်ကြီးဖိုငယ် သွယ်သွယ်နှင့် ကျော့ရှင်းလှပနေလေသည်။

မြင့်သောအရပ်၊ သွယ်လျပြေပြစ်လှပသော ခန္ဓာကိုယ်နှင့် နုနယ်နယ် ဖူးဥနုထွေးနေသော မျက်နှာလေးကို ငိုထားရသော ကြောင့် သနပ်ခါးမှုန်မှုန်လေးသာ ရှိတော့ပေမယ့် ထိုအလှကလည်း



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသူကို မျက်စိမလွှဲနိုင်အောင် လှလွန်းနေသူလေး။

သည်မိန်းကလေးသည် သူတရားဝင်လက်ထပ်ခဲ့သည့် သူ့ဇနီးသည်ပါလားဆိုသောအသိက ခန့်သွေးနောင်၏ တည်ငြိမ်နေသည့် နှလုံးသားကို လှုပ်ခတ်သွားစေရသည်။

ခန့်သွေးနောင်သည် လှုပ်ရှားသွားရသည့် စိတ်ကို တည်ငြိမ်အောင် ပြန်ထိန်းလိုက်ရင်း သူ့အကြည့်များကို စံမှိုမှိုထံမှ လွှဲလိုက်လေသည်။

ပြောရလျှင် ခန့်သွေးနောင်သည် ဒီမိန်းကလေးနှင့် ပတ်သက်ပြီး စိတ်လှုပ်ရှားမှုမျိုး မလိုချင်ပါ။

သူ့အနေနှင့် ထိုသို့ဖြစ်ရန်လည်း မသင့်ပါ။ သူ့နှလုံးသားထဲတွင် အချိန်များစွာကတည်းက ရှိနေရသူမှာ စုသဲသာဖြစ်လေသည်။

စုသဲဆိုသည့် နာမည်လေးကို ခေါ်မိလိုက်တာနှင့် ခန့်သွေးနောင်သည် သူ့မအား ရင်မှာ ပြင်းပြင်းထန်ထန် သတိရသွားရသည်။

စုသဲသာ ဒီအဖြစ်တွေကို သိပါက သူ့အား ဘယ်မျှထိ သူမလေး နာကြည်းမုန်းတီးသွားရှာမည်နည်း။

ခန့်သွေးနောင် မတွေးရဲတော့ပါ။





ချစ်ခဲ့ကြသည့် ချစ်ခရီးသက်တမ်း ငါးနှစ်ကျော်အတွင်းမှာ စုသဲသည် သူ့အပေါ် သစ္စာရှိရှိ စောင့်နေရှာသူလေးဖြစ်သည်။

ချစ်သူဖြစ်ပြီး သိပ်မကြာခင်မှာပင် သူ့နိုင်ငံခြားကို ထွက်သွားခဲ့သည့် ငါးနှစ်အတွင်း စုသဲသည် သူ့အပေါ် မေတ္တာမပျက်စွာဘဲ ချစ်ခြင်းများစွာဖြင့် သူ့အား စောင့်ကြိုနေခဲ့သည်။

လူက ခေတ်ရှေ့ပြေးနေပေမယ့် မေတ္တာတရားကိုတော့ လေးနက်စွာ တန်ဖိုးထားတတ်သူလေးကိုမှ ခန့်သွေးနောင် နာကျင်အောင် ပြုရက်စေခဲ့သည့်အဖြစ်။

"ကိုယ့်ကိုခွင့်မလွှတ်ပါနဲ့ စုသဲရယ်၊ ကိုယ်ဟာ မင်းမေတ္တာနဲ့ ထိုက်တန်သူတစ်ယောက် မဟုတ်ပါဘူး၊ ကိုယ်ကိုယ် မင်းကို ဟား စုသဲရယ်"

သစ္စာမဲ့သူ၊ သစ္စာပျက်ရက်သူအဖြစ် ခန့်သွေးနောင်သည် သူ့ကိုယ်သူ အပြစ်ရှိသူတစ်ယောက်လို ခံစားရင်း ချစ်ဦးသူ စုသဲကိုသာ စိတ်မှာ တောင်းပန်နေလိုက်သည်။

"ဦးခန့်သွေးနောင်"

"ဟင်"

"ကျွန်မခေါ်နေတာကြာပြီ၊ ရှင်ဘာတွေစဉ်းစားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ကိုယ်အတွေးလွန်သွားလို့နဲ့တူတယ်၊ ကဲ ပြောပါဦး၊ ကိုယ့်ကိုခေါ်တာ ဘာပြောမလို့လဲဆိုတာ"

"ရန်ကုန်ရောက်ရင် ကျွန်မ ဘယ်မှာနေရမှာလဲဆိုတာ သိချင်လို့ပါ"

"ဗျာ"

"ဟောဗျာ"

"အဟွန်း…ဟွန်း…ဟွန်း"

ရုတ်ခြည်း သူမစကားကို နားလည်သလိုဖြစ်သွားနေပြီးမှ ခန့်သွေးနောင်သည် သူမစကားကို တဖြည်းဖြည်းသဘောပေါက်လာရကာတော့ ရင်မှာခံစားနေရသည့်ကြားက မျက်နှာကြီးပြုံးလွန်းလွန်းနှင့် သွားစွယ်ဖွေးဖွေးလေးများ ပေါ်အောင်ပင် ရယ်လိုက်မိပါတော့သည်။

"အို ရှင်ဘာရယ်တာလဲ"

"အဟွန်း…မင်းစကားကို သဘောကျလို့ပါ"

"ကျွန်မမေးတာ မှားသွားလို့လား"

စံမိုမိုစကားကြောင့် ခန့်သွေးနောင် အကြည့်စူးစူးတစ်ချက်က သူမမျက်နှာလေးထက် စူးခနဲရောက်ရှိသွားပြီး…

"ဒါတော့ မင်းဘာသာမင်းပဲ စဉ်းစားကြည့်ပေါ့၊ မင်းရဲ့ ကိုယ်ရဲ့ ပတ်သက်မှုက ဘယ်လိုလဲဆိုတာ"





"အို"

သူ့ဒီလိုဆိုပြန်တော့ စံမိုမိုမျက်နှာလေး ရှက်ရိပ်သန်းသွားတာ ပန်းနုရောင်မျက်နှာလေးနှင့်

"ဒါဆို ကျွန်မ ရှင်နဲ့အတူ လိုက်နေရမှာပေါ့နော်၊ ဟုတ်လား"

"ဘာလဲ မင်းက ကိုယ်နဲ့အတူ လိုက်မနေချင်ဘူးလား"

"အို…မဟုတ်ပါဘူး"

"မပူပါနဲ့ စံမိုမို၊ မင်းဟာ ခန့်သွေးနောင်ရဲ့ ဇနီးတစ်ယောက်ဖြစ်နေပြီမို့ ခန့်သွေးနောင်ရှိတဲ့နေရာ မင်းရှိနေရမယ့် နေရာပါပဲ"

မျက်နှာလေးရဲရဲနှင့် စံမိုမိုသည် ဘာစကားမှ မဆိုနိုင်တော့ပါ။ ခုချိန်မှာတော့ ပေါက်သည့်နဖူး မထူးတော့ပါ။ ဖြစ်လိုရာဖြစ်စမ်းပါစေတော့ဆိုသည့်စိတ်နှင့် စံမိုမိုသည် ဖြစ်လာသမျှ ရင်ဆိုင်ရန်သာ ဆုံးဖြတ်ရင်း ခုတ်မောင်းနေသည့် ရထားကြီးနှင့်အတူ တရိပ်ရိပ်ကျန်ခဲ့သည့် ပတ်ဝန်းကျင်ကိုသာ ငေးကြည့်နေမိတော့၏။

● ● ●

www.burmeseclassic.com

www.burmeseclassic.com

"ခန့်သွေးနောင် မင်းကွာ၊ ဘယ်လိုလုပ်လိုက်တာလဲ၊ အိမ်ထောင်တစ်ခုပြုတာ မင်း ဒီလောက်ပဲ လွယ်ရသလားကွာ"

"ငါအိမ်ထောင်ပြုတာ အပြစ်ကြီးလုပ်တာမှမဟုတ်ဘဲ သူရ"

"မင်းဘယ်လိုပြောလိုက်တာလဲ ခန့်သွေးနောင်၊ မင်းခုလုပ်ခဲ့တဲ့ကိစ္စက အပြစ်ကြီးတစ်ခုလုပ်တာထက်တောင် ဆိုးသေးတယ်ဆိုတာ မင်းကိုယ်မင်းရော သိရဲ့လား၊ ပြီးတော့ စုသဲ"

"စုသဲ"

"ဪ…ဒီလိုဆိုတော့လည်း မင်း စုသဲကို သတိရသေးသားပဲ၊ စုသဲကိုရော မင်းထည့်မတွက်တော့ဘူးလား ခန့်သွေးနောင်"

သူရစကားက ခန့်သွေးနောင်နှလုံးသားကို တုန်လှုပ်လှုပ်ရှားသွားစေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကိုရောက်ပြီး သူပိုင်ဆိုင်သည့် ချမ်းမြေ့ရိပ်မြုံတွင် စံမိုမိုအား သူ၏ဇနီးမယားဘဝဖြင့် တည်ရှိစေခဲ့ပြီးနောက် ခန့်သွေး နောင်သည် ကုမ္ပဏီသို့ပြန်ရောက်သည်နှင့် သူ၏လုပ်ဖော်ကိုင်ဖက် ငယ်သူငယ်ချင်းဖြစ်သည့် သူရအား သူ့အကြောင်းတွေ ပြောပြရာ မှ သူရသည် ခန့်သွေးနောင်အား ယခုကဲ့သို့ ပြင်းပြင်းထန်ထန် ဝေဖန်လာခြင်းဖြစ်သည်။

စုသဲနှင့် သူ့အကြောင်း သူရသည် သိထားသူပီပီ စုသဲ နှင့် သူရသည် ခင်မင်ရင်းနှီးသူများလည်း ဖြစ်သည့်အလျောက် စုသဲအတွက် သူရသည် ယခုကဲ့သို့ မခံမရပ်နိုင် အခံရခက်ခက်နှင့် ခန့်သွေးနောင်အား ပြောနေသမျှ ခန့်သွေးနောင်သည် ဘာစကား ပြန်မဆိုပါဘဲ အကြည့်တွေ ရှူးရှူးနစ်နစ်နှင့်သာ ငေးငေးငူငူကြီး ရှိနေရသည်။

"မင်းရဲ့အိမ်ထောင်ရေးကို ငါမဝေဖန်ချင်ပါဘူး ခန့်သွေး နောင်၊ ဒါပေမယ့် မင်းလုပ်ရပ်ကို မှန်တယ်လို့လည်း ငါမထောက်ခံ ချင်ဘူး၊ စုသဲသာ မင်းဘဝမှာ မရှိခဲ့ရင် မင်းကို ငါ ဒီလိုစကားမျိုး လည်း ပြောဖြစ်မှာမဟုတ်ဘူး၊ ခုဟာက စုသဲဘက်က ငါ မခံမရပ် နိုင်လွန်းလို့ ပြောနေရတာ၊ စုသဲသာ ဒီကိစ္စသိရင် သူဘယ်လောက်





စိတ်ထိခိုက်ရှာမလဲ၊ ဒါကို မင်းတွေးမိရဲ့လား၊"

ခန့်သွေးနောင်သည် ခေါင်းကို ခါယမ်းလိုက်ရင်းက...

"ငါမတွေးမိဘဲ နေပါ့မလား သူရရာ၊ လူတစ်ယောက်ရဲ့ နောက်ဆုံးဆန္ဒကို ငါဘယ်လိုအင်အားနဲ့ ငြင်းနိုင်မှာလဲ၊ ငါ့နေရာမှာ မင်းဝင်ပြီး ကိုယ်ချင်းစာကြည့်ပါဦး သူရ"

"ငါ အခု မင်းကိုပြောနေတာ ကိုယ်ချင်းမစာလို့ ပြောနေ တာမဟုတ်ဘူး ခန့်သွေးနောင်၊ မင်းအပေါ် သစ္စာရှိရှိနဲ့ ချစ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ခံစားမှုအတွက် ငါပြောနေတာ"

"ဒါကို ငါမသိဘဲနေပါ့မလား၊ မတွေးဘဲနဲ့ရော နေပါ့ မလားသူရ၊ တွေးခဲ့၊ စဉ်းစားခဲ့တာမှ ရှူးမတတ်ပါပဲ၊ ဒါပေမယ့် ငါပြောခဲ့ပြီးပြီရော သေအံ့မူးဆဲဆဲ လူတစ်ယောက်ရဲ့ နောက်ဆုံးဆန္ဒ နဲ့ ဖြစ်ချင်တဲ့စိတ်ကို ငါ လူသားတစ်ယောက်အနေနဲ့ မငြင်းနိုင်ခဲ့ဘူး၊ ငြင်းပယ်ဖို့လည်း ငါ့မှာ အင်အားမရှိခဲ့ဘူးဆိုတာ"

"ဒါဟာ မင်းရဲ့အကြောင်းပြချက်လို့ပဲ ငါပြောချင်တယ် ခန့်သွေးနောင်၊ အဲဒီနေရာမှာ မင်းမရှိခဲ့ရင်ကော ဘာဖြစ်မလဲ"

ဘာဖြစ်မလဲတဲ့။ သူရစကားက သူ့ရင်ကို အရိုက်ထိသွား စေရသလို အဲဒီနေရာမှာ သူမရှိရင် ဘာဖြစ်မလဲဆိုသည့်အမေး၏



www.burmeseclassic.com

www.burmeseclassic.com



နောက်ကွယ်အဖြေကတော့ ရှင်းပါသည်။ စံမှီမှီသည် သားကောင်ကိုချောင်းနေသည့် မုဆိုးတစ်ယောက်လို အောင်နိုင်လက်ထဲ ကျရောက်သွားမည်သာဖြစ်သည်။

ခန့်သွေးနောင်သည် ထိုစကားကို သူရအား မပြောဖြစ်တော့ပါ။ စံမှီမှီသည် သူ၏ဇနီးမယားဘဝတွင် ရှိနေရပြီမို့ သူ့အနေနှင့် ပြောရန်လည်း မသင့်တော့။

"စုသဲခများ မင်းနိုင်ငံခြားက ပြန်ရောက်လို့မှ ကောင်းကောင်းမပျော်ရရှာသေးဘူး၊ ခု ရင်နာစရာကြုံရပြီ၊ မင်းလုပ်ခဲ့တာတွေက စုသဲအတွက် စိတ်ထိခိုက်စရာတွေပဲ ခန့်သွေးနောင်"

"သူရ တော်ပါတော့ကွာ"

"ငါနဲ့တွေ့တိုင်း စုသဲက မင်းမလာသေးဘူးလားလို့ အမြဲမေးနေတာ"

"ငါ...ငါ သိပ်မှားသွားပြီလား၊ စုသဲအပေါ် အဲဒီလောက်တောင် ငါ ရက်စက်မိသွားပြီလားကွာ"

"ရက်စက်တယ်ဆိုတာထက် စုသဲသာ ဒီအကြောင်းသိရင် ရင်ကွဲပြီး သေသွားမလားပဲ"

"တော်...တော်ပါတော့ သူရ"





"ငါ မင်းခံစားရအောင် ပြောနေတာမဟုတ်ဘူး ခန့်သွေးနောင်"

"သူရ"

"ပြော သူငယ်ချင်း"

"ငါဘာလုပ်ရမလဲ"

"ခုချိန်မှာမှမေးတော့ ငါဘာပြောတတ်တော့မှာလည်းကွာ၊ လူတစ်ယောက်ရဲ့ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းခဲ့တဲ့အနေနဲ့ မင်းမိန်းကလေးတစ်ယောက်ကို လက်ထပ်ခဲ့ပြီးပြီ၊ တစ်ဖက်ကလည်း မင်းကြောင့် မိန်းကလေးတစ်ယောက် ခံစားရမယ်၊ ဒီအနေအထားမှာ မင်း ဒီထက်ပိုပြီး ဘာတတ်နိုင်ဦးမှာလဲ"

မချင့်မရဲ ကျိတ်ကာ ဆေါ်သဖြစ်နေရသော သူရစကားကို ခန့်သွေးနောင် ဘာတစ်ခုမှ ပြန်မပြောနိုင်ပါ။ ပြောရန်အင်အားလည်း သူ့တွင်မရှိတော့။

သူရပြောသမျှအားလုံး အမှန်တွေပဲမို့ သူ့အနေနှင့် ခေါင်းငုံ့ခံရုံကလွဲလို့ တခြားမရှိတော့။

သူရသည် သူငယ်ချင်းအတွက် အားမလိုအားမရပြောရင်း ခန့်သွေးနောင်ကို ကြည့်လိုက်တော့ ခန့်သွေးနောင်သည် မျှနိုင်



www.burmeseclassic.com

www.burmeseclassic.com



မကယ်နိုင်ဖြစ်ရသည့် သူ့အဖြစ်အတွက် မချိတင်ကဲဖြစ်စွာ မေးရိုးကြီးများကားလျက် အံကိုတင်းတင်းကြိတ်ထားသည်မို့ သူ့ရှမှာ သူငယ်ချင်းကိုကြည့်ကာ ကရုဏာသက်သွားရသည်။

လုပ်သင့်လုပ်ထိုက်တာကို လုပ်ခဲ့ပြီမို့ အပြစ်လို့လည်း မဆိုသာချင်တော့ပါ။

ပြောရန်လည်း သူ့အနေနှင့် မသင့်တော့။ ကရုဏာနှင့် ပြစ်တင်ဝေဖန်ရှုံ့ချခြင်းများအစား သူ့အနေနှင့် ဖြစ်လာသမျှကို အကောင်းဆုံး အကြံပေးရန်သာရှိတော့သည်မို့…

"ကဲပါကွာ…ပြီးခဲ့တာတွေလည်း ပြန်ပြောမနေချင်တော့ပါဘူး၊ ခု မင်း ရှေ့ဆက်ဘယ်လိုလုပ်မယ် စဉ်းစားထားလဲ၊ အဲဒီမိန်းကလေးရော မင်းနဲ့အတူ တစ်ခါတည်းပါလာခဲ့ပြီလား"

ခန့်သွေးနောင် ခေါင်းညိတ်ပြလိုက်သည်။

"နာမည်က ဘယ်လိုခေါ်လဲ၊ လူကရော ချောရဲ့လား"

ပုံမှန်ဆိုပါက ခန့်သွေးနောင်သည် သူ့ရှ၏စကားကို ပြုံးစေ့စေ့နှင့် တုံ့ပြန်လိုက်မည်ဖြစ်ပေမယ့် အခုချိန်မှာတော့ သူဘာမှမပြောချင်တော့လောက်အောင် ခန့်သွေးနောင်ရင်မှာ မွန်းကြပ်နေရကာ…

"နာမည်က စံမိုမိုတဲ့၊ ရုပ်ကတော့ မဆိုးပါဘူး"





ပြောရင်း စံမိုမို၏ ဝင်းဝင်းဖန့်ဖန့်ရုပ်သွင် နုနုလေးက သူ့မျက်ဝန်းထဲ ပေါ်လာရသည်။

စံမိုမိုဆိုတာ ခန့်သွေးနောင်ဘဝထဲ အမှတ်မထင် ဝင်ရောက်လာသည့် မိန်းကလေး။ ဒီမိန်းကလေးအပေါ် ခန့်သွေးနောင်သည် ဇနီးတစ်ယောက်ရယ်လို့ ပေါင်းသင်းခြင်းမရှိခဲ့သလို စိတ်ရိုင်းများဝင်ခဲ့ခြင်းလည်း မရှိပါ။

အားကိုးရာဖခင်ကြီး ဆုံးပါးသွားသည့် ငယ်ရွယ်သူမိန်းမပျိုလေးတစ်ယောက်။ လှပဖူးစင်သော အလှတွေနှင့်ပေမယ့် နွမ်းလျနေသည့် မျက်နှာလေးက ကရုဏာသက်ချင်စရာ။

လက်ထပ်ခဲ့မိတာ မှားပြီဟူ၍လည်း စိတ်ထိခိုက်လောက်အောင် သူနောင်တမရခဲ့မိပါ။

သေလူတစ်ယောက်၏ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးခဲ့သောအနေနှင့် ကျေနပ်မိသည်ကလွဲပြီး စိတ်ကို နာကျင်မှုတွေဖြစ်စေလိမ့်မည်ဟု ခန့်သွေးနောင် သူ့ကိုယ်သူလည်း မထင်ခဲ့ပါ။

ချစ်သူအပေါ် သစ္စာဖောက်မိခဲ့ပြီဆိုသော နက်ရှိုင်းသည့် ခံစားမှုကလွဲပြီး ဒီထက်ခံစားမှုများ ရှိလာလိမ့်မည်ဟု သူမထင်ခဲ့သည်က ခန့်သွေးနောင် အရာအားလုံးကို လျှော့တွက်မိ၍များလား



www.burmeseclassic.com

www.burmeseclassic.com



မသိပါ။

ခုတော့ သူ့ဆုံးဖြတ်ချက်ကြောင့် ကြားထဲကနေ အပြစ်မဲ့သည့် မိန်းကလေးနှစ်ယောက် ခံစားမှုတွေကိုယ်စီနှင့် ကြေကွဲရစေသည့်အဖြစ်က ခန့်သွေးနောင်ရင်ထဲ ရှုပ်ထွေးပွေလီလျက် ခံစားမှုတွေကို ရောထွေးနောက်ကျိစေရသည့်အဖြစ်။

တကယ်တော့ သူ့အဖြစ်က လွယ်မယောင်နှင့်ခက်စေရသလို တိမ်မယောင်နှင့်လည်း နက်စေရသည့်အဖြစ် ဒီအဖြစ်တွေကို စံမိုမိုနှင့်စုသဲ သိနိုင်မှာတဲ့လားလေ။

"ဟား"

ခေါင်းကြီးဒိုက်စိုက်ချလျက် အင်အားကုန်ခမ်းသွားရသည့် လူတစ်ယောက်လို စိတ်ကို လျှော့ချလိုက်ရင်း လှုပ်ရှားနေသောစိတ်တို့ကို တည်ငြိမ်အောင် ထိန်းလိုက်ပါတော့သည်။

● ● ●



## အခန်း (၆)

မျက်လွှာလေးချလျက် သူ့ရှေ့က ကော်ဖီခွက်ကို ယူကာ ခရားထဲက ကော်ဖီကို ငှဲ့ထည့်ပေးနေသော စံမိုမို၏မျက်နှာနွမ်းနွမ်းလေးကို ခန့်သွေးနောင် တစ်ချက်ကြည့်လိုက်ပြီး...

"ဒီမှာနေရတာ မင်းအတွက် အဆင်ပြေရဲ့လား စံမိုမို"

"ဟုတ်ကဲ့၊ ပြေပါတယ်၊ ဦးခန့်သွေးနောင်ကိုလည်း ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး စံမိုမို၊ မင်းအဆင်ပြေတယ်ဆိုရင် ကိုယ်ကျေနပ်ပါတယ်၊ ခန့်သွေးနောင်ရဲ့ ဇနီးတစ်ယောက်အနေနဲ့ ချမ်းမြေ့ရိပ်မှာရှိနေပေးတဲ့အတွက်လည်း မင်းကို ကိုယ်က ကျေးဇူးတင်ပါတယ်"

ထိုစကားကို ခန့်သွေးနောင်သည် မတည်မပြုံး မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တည်တည်ကြီးနှင့် ရင်ထဲမှာ ရှိသည့်အတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

စံမီမီမှာ သူ့စကားကြောင့် မျက်နှာလေး နီရဲသွားရပြီး…

"ကျွန်မ ဦးခန့်သွေးနောင်ကို တစ်ခုပြောပါရစေ"

ဘာများပါလိမ့်ဆိုသော အကြည့်နှင့် ခန့်သွေးနောင်သည် မျက်ခုံးထူထူကြီးကို ပင့်တင်လိုက်ရင်း သူ့အကြည့်စူးစူးက စံမီမီ မျက်နှာလေးထက် ရောက်ရှိလာကာ…

"ဘာများလဲ စံမီမီ၊ ကိုယ့်ကို မင်းဘာပြောစရာရှိလို့လဲ"

သူ့စကားကြောင့် စံမီမီမှာ မဝံ့မရဲဟန်လေးနှင့် မျက်လွှာလေး ပင့်ကာကြည့်လာရင်း…

"ဟို…တခြားမဟုတ်ပါဘူး ဦးခန့်သွေးနောင်၊ ကျွန်မလေ"

"အင်း…မင်းဘာဖြစ်လဲ စံမီမီ"

ပြောရင်းက စကားရပ်သွားရသည့် စံမီမီကို ခန့်သွေးနောင်သည် ဝင်ကာ စကားထောက်ပေးလိုက်သည်။

သူ့မစကားကို စိတ်ဝင်စားဟန်ပြလာသော ခန့်သွေးနောင်ကြောင့် စံမီမီတစ်ယောက် အားတက်သွားရပြီး…





"ဟိုလေ…ကျွန်မပြောချင်တာ တခြားမဟုတ်ပါဘူး၊ ဦးခန့်သွေးနောင်အိမ်မှာ ကျွန်မ ဒီအတိုင်းနေနေမယ့်အစား ကျွန်မနဲ့ သင့်တဲ့အလုပ်လေးတစ်ခု လုပ်ရရင်"

"တော်စမ်း"

"ရှင်"

စကားမှ မဆုံးသေး မီးတောက်မတတ် ဒေါသမျက်ဝန်းတွေနှင့် ခက်ထန်မာကျောစွာ ထွက်ပေါ်လာသော ခန့်သွေးနောင် စကားသံကြောင့် စံမီမီသည် လိပ်ပြာလွင့်မတတ် လန့်သွားရသည်။

တစ်ဆက်တည်း သူ့အား ကြောက်ရွံ့သွားရသည်။ သူမ ဘာများမှားသွားပါလိမ့်ဟူသော အတွေးနှင့် ခန့်သွေးနောင်၏ ဒေါသ မျက်နှာကြီးကို မဝံ့မရဲမော့ကြည့်ရင်း…

"ကျွန်မ…ကျွန်မ ပြောတာ ဘာမှားသွားလို့လဲဟင်"

"မှားတယ်၊ သိပ်ကိုမှားတယ်၊ မှားပါတယ်ဆိုတဲ့လူ တောင် မင်းလောက်မှားမှာမဟုတ်ဘူး စံမီမီ"

"ရှင်"

သောက်လက်စ ကော်ဖီကိုပင် မသောက်နိုင်တော့ဘဲ တယ့်ကို ဒေါသတကြီး မျက်နှာရဲရဲနှင့် မျက်ဝန်းတည်တည်စူးစူး

www.burmeseclassic.com



ကြီးနှင့် စိုက်ကြည့်ကာ ပြောလိုက်သည့် ခန့်သွေးနောင်စကားအောက်တွင် စံမှီမှီသည် ကြောက်ရွံ့မှုတို့ဖြင့် လှုပ်မလှုပ်ရဲပါတော့။

သူ့ဆန်စားမှုရဲ့ရမည့်ဘဝတွင် စံမှီမှီသည် သူ့မျက်နှာကို ကြည့်ကာ နေရသည်မို့ စကားလေးများတာကအစ သူ့အား ကြောက်ရွံ့နေရသည်မှာ ဟိုတုန်းက သူ့အား ရန်ဆောင်ရန်တွေ့ခဲ့သည့် သူမဟုတ်ပါရဲ့လားဟု စံမှီမှီကိုယ့်ကိုယ်ကို ပြန်၍အံ့သြနေရသည်။

"ပြောစမ်း စံမှီမှီ၊ အခု မင်းမှာ ဘာတွေလိုအပ်နေလို့ မင်းအလုပ်လုပ်ချင်နေရတာလဲ၊ ဘာလဲ ငါ မင်းကိုထားတာ မပြည့်စုံလို့လား"

"ဟင့်အင်း…ရှင်ထင်သလိုမဟုတ်ပါဘူး ဦးခန့်သွေးနောင်၊ ကျွန်မ…ကျွန်မပြောတဲ့သဘောက အိမ်မှာ ဒီအတိုင်းနေနေ မယ့်အစား"

"လာပြန်ပြီ ဒီစကား၊ မင်း ချမ်းမြေ့ရိပ်မြုံတစ်ခုလုံး စီမံအုပ်ချုပ်နေရုံမကဘူး ကိုယ်တိုင်အလုပ်တွေလုပ်နေတာ ဒါအလုပ်မဟုတ်ဘူးလို့ မင်းကိုယ်မင်း သတ်မှတ်နေတာ နေစမ်းပါဦး မရှင်းလို့မေးပါရစေ၊ မင်း ဘာကြောင့် ဒီလော အလုပ်လုပ်ချင်နေရတာလဲ စံမှီမှီ"





"ဦးခန့်သွေးနောင် ကျွန်မကြောင့် တာဝန်မပိုစေချင်လို့ပါ"

"ဘာ…ဘာပြောတယ်"

နေရာမှာပင် မထိုင်နိုင်တော့ဘဲ ခါးကြီးထောက်ကာ မျက်မှောင်ကြီးကြုတ်လျက် မေးလိုက်သည့် ခန့်သွေးနောင်ကို စံမှီမှီ မကြည့်ရဲတော့ပါ။

ခန့်သွေးနောင်မှာ စိတ်တွေတိုလျက် ဒေါသတွေနှင့် ပေါက်ကွဲချင်နေရကာ…

"မင်းကြောင့် တာဝန်မပိုစေချင်လို့၊ ဟုတ်လား စံမှီမှီ"

စံမှီမှီ မဖြေတော့ပါ။

သူ့ စိတ်တွေအရမ်းတိုနေရသည်ကို သိနေစွာ နှုတ်ဆိတ်နေလိုက်သည်။

"ချမ်းမြေ့ရိပ်မြုံရဲ့သခင် ခန့်သွေးနောင်ရဲ့ ဇနီးမယားဘဝ ရောက်နေတဲ့မင်းဟာ မင်းကြောင့် ကျုပ်မှာ တာဝန်ပိုနေတယ် ဘာကြောင့်ထင်ရတာလဲ စံမှီမှီ၊ ဒီမှာ မင်းသိထားဖို့က ကျုပ်ဆို ကျုပ်ဟာ ဘယ်ကိစ္စ ဘယ်အလုပ်ကိုမဆို ကျုပ်တာဝန်မဟုတ် ဘဲနဲ့၊ ဘာမှမလုပ်ဘူးဆိုတာပဲ၊ မင်းဟာ ခု ကျုပ်ဇနီးဖြစ်နေပြီ၊

www.burmeseclassic.com



ကျောင်းကို ကျုပ်တာဝန်ယူရမယ်၊ ယူလည်းယူခဲ့တယ်၊ ဒါနဲ့တောင် မင်းက မင်းကိုယ်မင်း ချမ်းမြေ့ရိပ်မြုံနဲ့ မသက်ဆိုင်သလို ခန့်သွေးနောင်ရဲ့ ဇနီးမယားဘဝကိုမေ့နေပြီ၊ ခန့်သွေးနောင်ဆိုတဲ့ ကျုပ်နဲ့ မဆိုင်သလို ပြောနေတာကတော့ ကျုပ်ရဲ့သိက္ခာကို စော်ကားနေသလိုပဲ စံမိုမို"

"အို... မဟုတ်ပါဘူး၊ ဦးခန့်သွေးနောင်ထင်သလို မဟုတ်ပါဘူး၊ ကျွန်မ ကျွန်မ မှားသွားပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါ"

နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်လျက် အပြစ်ရှိသူတစ်ယောက်ပမာ ငြိမ်သက်သွားရသော စံမိုမိုကိုကြည့်ပြီး ခန့်သွေးနောင် စကား တင်းတင်းမာမာတွေ ရှေ့ဆက်မပြောဖြစ်တော့ပါ။

သည်မိန်းကလေး၏ အသိထဲတွင် လုပ်ချင်တာ ပြောချင်တာကိုလွှဲလို့ သူမအနေနှင့် တခြားစဉ်းစားမိဟန်လည်းမတူ။

အရမ်းကို တုန်လှုပ်သွားရသည့်ပုံစံလေးနှင့် ဖြူဖျော့ထိတ်လန့်သွားရသော စံမိုမိုထံမှ အကြည့်များအား ခန့်သွေးနောင် လွှဲလိုက်ပြီး...

"အလုပ်လုပ်ဖို့ မင်းခေါင်းထဲက ဖယ်လိုက်ပါ စံမိုမို၊ ပြီးတော့ မင်းကျောင်းဆက်တက်ဖို့ စဉ်းစားပါ"





"ဟင်"

အံ့သြလွန်းသဖြင့် စံမိုမို နှုတ်ခမ်းဖူးဖူးလေး ပွင့်ဟသွားရသည်။ သူမပင် မေ့ထားခဲ့သည့် ပညာရေးကို ခန့်သွေးနောင်ဆိုသည့် သူသည် သတိတရနှင့် သူမအား ကျောင်းတက်ခိုင်းနေပါရောလား။

"မင်း ဆယ်တန်းအောင်ပြီးပြီနော်"

"ဟုတ်ကဲ့၊ ကျွန်မ ပထမနှစ်အောင်ပြီးပါပြီ"

"ဒီမှာဆက်ပြီး ကျောင်းဆက်တက်ဖို့ မင်းစီစဉ်ပါ၊ ပိုက်ဆံအခက်အခဲရှိရင် ကျုပ်ကိုပြော"

"ဟို"

"ဘာလဲ ကျောင်းဆက်မတက်ချင်တော့ဘူးလို့တော့ ကိုယ့်ကိုမငြင်းနဲ့နော်၊ ငြင်းလို့လည်း ရမှာမဟုတ်ဘူး၊ ခန့်သွေးနောင်ရဲ့ ဇနီးဟာ လူအများကြား ဝင်တိုးရဲတဲ့သူတစ်ယောက် ဖြစ်ရမယ်"

မျက်နှာပျက်သွားရသူက စံမိုမိုဖြစ်သည်။ ကြည့်စမ်း သူ့စကားကို ဘာအဓိပ္ပါယ်နှင့် ပြောလိုက်တာပါလိမ့်။ သူ့ဇနီးမယားအဖြစ်တွင် ရှိနေသည့် စံမိုမိုသည် သူ့ဂုဏ်အရှိန်အဝါနှင့် တင့်တယ်အောင် သူနှင့်အတူ သူ့အသိုင်းအဝိုင်းကြားမှာ တိုးဝင်နိုင်စွမ်းမရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက် ဖြစ်နေသည်တဲ့လား။

အားငယ်မှုတွေနှင့် စံမှီမှီ သူမဘဝကို သူမ ဝမ်းနည်းသွား ရသလို မတူညီသည့် ဘဝနှစ်ခုကို ရှေ့ဆက်ခရီးဆက်ရန်လည်း စံမှီမှီ ရင်လေးသွားရသည်။

"ရန်ကုန်ပြန်ရောက်ကတည်းက ကိုယ်လည်း ကိုယ့် အလုပ်နဲ့ကိုယ် ရှုပ်နေတာနဲ့ မင်းကို ဘယ်မှမပို့ရသေးဘူး၊ ကဲ မင်းသွားပြီးပြင်ဆင်ချေ၊ မင်းအတွက် လိုအပ်တာတွေဝယ်ရင်း ကိုယ်တို့သွားကြတာပေါ့"

"ကျွန်မအတွက် ဘာမှမလိုပါဘူး ဦးခန့်သွေးနောင်၊ ဦးခန့်သွေးနောင် ကျွန်မကို ခုလိုလက်ခံထားတာပဲ ကျွန်မ ကျေးဇူး တင်လှပါပြီ"

"တော်စမ်း စံမှီမှီ၊ ဒီစကားမျိုး မင်း ရှေ့ဆက်ဘယ်တော့မှ မပြောနဲ့၊ မင်းဟာ ခန့်သွေးနောင်ရဲ့ဇနီး၊ ဒါကို မင်း မေ့မထားနဲ့"

မျက်နှာတည်တည်ကြီးနှင့် ပြောပြီး ထမင်းစားခန်းထဲမှ ခြေလှမ်းကျဲကြီးများနှင့် ထွက်သွားသော ခန့်သွေးနောင်ကို စံမှီမှီ သည် လှည့်မကြည့်မိအောင် ကြိုးစားရင်း သူမကြိုက်သည့် စကား ကိုမှ ပြောမိသွားရသည့် သူမကိုယ်သူမလည်း တစ်ယောက်တည်း





ကြိတ်ကာ ဒေါသတွေ ဖြစ်နေရတော့သည်။

သူနှင့်ပြေလည်စေချင်ပါသည်ဆိုကာမှ သူစိတ်ဆိုးမည့် စကားများကို တမင်ရွေးပြောသလို ရှိနေရသည့်အတွက်လည်း စံမှီ မှီသည် ခန့်သွေးနောင် လူချောကြီးကို အားနာနေရ၏။

ထိုအတွေးသည် စံမှီမှီရင်ထဲတွင် ကြာကြာတော့ဖြင့် မရှိ နိုင်အားပါ။

အပြင်သွားရန် ပြင်ဆင်ထားပါဆိုသော ခန့်သွေးနောင် စကားကြောင့် စံမှီမှီသည် သူမအခန်းဆီ တက်လာခဲ့ပြီးနောက် သူမကိုယ်သူမ အလှပဆုံးဖြစ်အောင် ပြင်ဆင်လိုက်လေသည်။

ဖေဖေ မကျန်းမာကတည်းက မပြင်ဖြစ်ခဲ့သည့် သူမ၏ မျက်နှာလေးကို စံမှီမှီ အနုစိတ်ပြင်ဆင်ခြယ်သလိုက်ပြီး သွယ်လျ ကျော့ရှင်းသော ကိုယ်လေးထက် အသားပျော့ပျော့နှင့် ချယ်ရီရောင် ဂါဝန်စုံလေးကို ထက်အောက်ဆင်တူ ဝတ်ဆင်ကာ မဟူရာမိုးသား နှယ် တောက်ပြောင်နေသည့် ဆံနွယ်ရှည်ကြီးများကိုတော့ ခပ်မြင့် မြင့်လေး စုစည်းလိုက်သည်နှင့် စံမှီမှီအလှက ပြိုင်သူကင်းမဲ့စွာ ထွန်းစွာလှပသွားရသည်။

စံမှီမှီသည် မှန်ထဲတွင် မြင်နေရသည့် သိပ်လှလွန်းသော



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာလေးကို သူမပြန်ကြည့်ရင်း မနေတတ်အောင် ဖြစ်သွားရသည်။

မှန်ထဲတွင် မြင်နေရသည်က ဝင်းဝင်းမွတ်မွတ်နှင့် နုထွေးလှပသည့် လွန်စွာချစ်စဖွယ်ကောင်းသော မိန်းကလေးတစ်ယောက်။ မျက်ခုံးထူထူနက်နက်တန်းတန်းလေးကို ခပ်ပြေပြေကြုတ်လျက် အနေခက်ရှက်ရွံ့နေဟန် နှုတ်ခမ်းဖူးဖူးလေးကို ခပ်စူစူလေးဖြစ်နေသော သူမလေးသည် သက်ရှိရွှေရုပ်လေးအလား လွန်စွာမှ လှပနိုင်သူလေးလည်းဖြစ်သည်။

တကယ်တော့ စံမိုမိုမှာ သူမကိုယ်သူမ ယခုကဲ့သို့ ပြုပြင်ရခြင်းကို လွန်စွာရှက်ပါသည်။

သို့သော်လည်း မပြင်လို့ကား မရပါ။ ချမ်းမြေ့ရိပ်မြုံ၏ အရှင်သခင် ခန့်သွေးနောင်၏ ဇနီးမယားတစ်ယောက်အနေနှင့် တည်ရှိနေရပြီဖြစ်သော စံမိုမိုသည် ခန့်သွေးနောင်၏ ဂုဏ်သိက္ခာကို ငဲ့ကွက်ကာ ယခုကဲ့သို့ ပြုပြင်ခြယ်သပြင်ဆင်ရခြင်းသာ ဖြစ်ပါသည်။

ခန့်သွေးနောင် လက်ထပ်ထားသော ဇနီးတစ်ယောက်သည် သူနှင့်ယှဉ်လို့မှမတင့်တယ်။ လူတောမတိုးဝံ့သည့် ခပ်နုံနုံ





အအ မိန်းမတစ်ယောက်အဖြစ်နှင့် သူ့အား လူပုံအလယ် သိက္ခာကျဆင်းစေမည့်အဖြစ်မျိုးကို စံမိုမို မလိုလားပါ။

သူမကြောင့် ဂုဏ်မတက်သွားခဲ့ရင်တောင်မှ သူမကြောင့်တော့ ဂုဏ်မကျဆင်းစေချင်တာ ခန့်သွေးနောင်အပေါ်ထားသည့် စံမိုမို၏ စေတနာပင်ဖြစ်ပါသည်။

စံမိုမို အောက်ထပ်သို့ရောက်ချိန်မှာတော့ ခန့်သွေးနောင်သည် ဧည့်ခန်းထဲတွင် အခန့်သားထိုင်လျက် သူမအလာကိုစောင့်နေလေသည်။

လှေကားထစ်များမှ တစ်ထစ်ချင်းဆင်းလာသော မိန်းကလေးကို ခန့်သွေးနောင် အကြည့်များ မလွှဲဘဲ ရူးရူးစိုက်စိုက် ငေးကြည့်မိသွားရသည်။

ကြည့်စမ်း. . . သိပ်လှတဲ့မိန်းကလေးတစ်ယောက်ပါလား။ ဒါ သူသိသည့် စံမိုမိုတဲ့လား။

ချယ်ရီရောင် ထက်အောက်ဝတ်စုံလေးနှင့် ကြည်စင်နုထွေး ငင်းမွတ်စွာ သိပ်လှနေသော သူမလေးသည် သူလက်ထပ်ခဲ့သည့် သူ၏ဇနီးလေးတဲ့လား။

ရုတ်ခြည်းတော့ ခန့်သွေးနောင် သူ့မျက်ဝန်းများထိုပင်



www.burmeseclassic.com

www.burmeseclassic.com



သူမယုံနိုင်အောင် ဖြစ်သွားရသည်။

စံမှီမှီ လှသည်ဆိုတာကို သိပေမယ့် နည်းနည်းလောက် ပြင်ဆင်ထားရုံနှင့် ယခုလောက်လှလိမ့်မည်လို့ ခန့်သွေးနောင် မထင်မိခဲ့ပါပေ။

ခုတော့ မထင်မှတ်ဘွာ သူမလေး၏အလှတွေက မြင်ရသူ ရင်ကို သိမ်းကျုံးဆွဲငင်သွားရသလို အကြည့်များ မလွှဲလောက်နိုင် သည့်အထိ ရင်ကို ရူးရှနက်ရှိုင်း စိုက်ဝင်သွားရပုံကတော့ ခန့်သွေး နောင်ဘဝတွင် ဒီတစ်ကြိမ်သာရှိပါလိမ့်မည်။

အချစ်ဦးဖြစ်သည့် စုသဲနှင့်တုန်းကတောင် သူ့ရင်ထဲ ဒီလို ခံစားမှု၊ နက်ရှိုင်းမှုတွေ မရှိခဲ့သည့် ခန့်သွေးနောင်တစ်ယောက် ခုတော့ သူမနှင့်ကြမှ သူဘာဖြစ်ရတာပါလိမ့်။

သေချာသည်ကတော့ လူချောကြီး ခန့်သွေးနောင် တစ်ယောက် စံမှီမှီ၏အလှများအောက်တွင် ယစ်မူးသွားရကာ ရင်ခုန် သံတွေ ကသောင်းကနင်းကြီး ဖြစ်သွားရခြင်းပင်ဖြစ်သည်။

ထွင်းဖောက်မတတ် ရူးရှူးလွန်းသည့် အကြည့်တွေနှင့် သူမ အား တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသူတစ်ယောက်လို အကြည့်များ မလွှဲတမ်း ရူးရှူးစိုက်စိုက်ကြည့်နေသော ခန့်သွေးနောင်၏ အကြည့်





များကြောင့် စံမှီမှီမှာ ရဲပနေသော မျက်နှာလေးနှင့် ခြေလှမ်းများ ရှေ့ဆက်ရန်ပင် အခက်တွေ့သွားရသည်။

ဘုရားရေ။

ဦးခန့်သွေးနောင် သူဘာဖြစ်တာပါလိမ့်။

သူမအား မမြင်မတွေ့ဖူးသူလည်း မဟုတ်ပါဘဲ ရူးရှူးရဲရဲ ကြီး ကြည့်နေပုံက ထူးခြားလှချည်လား။

ခန့်သွေးနောင်အကြည့်တွေကြောင့် စံမှီမှီ သူမကိုယ်သူမ မလုံမလဲလေး ဖြစ်သွားရသည်။

သူမဝတ်စားပြင်ဆင်ထားတာ ဘာတွေဘယ်လိုဖြစ်နေလို့ ဦးခန့်သွေးနောင် သူမအား ဒီလောက်ထိ ကြည့်နေရတာပါလိမ့်။

စံမှီမှီသည် ခြေလှမ်းမဆက်တော့ဘဲ အနေခက်သလို မျက်လွှာလေးချ၊ ခေါင်းလေးငုံ့သွားရသည်ကို မြင်မှ ခန့်သွေးနောင် သူ့အကြည့်များ လွန်သွားပြီမှန်း သိလိုက်သည်။

မျက်နှာရဲရဲကြီးနှင့် ခန့်သွေးနောင်သည် ချက်ချင်းဆိုသလို အကြည့်များလွှဲလိုက်ပြီးနောက် လှုပ်ရှားသွားရသော စိတ်တို့ကို ငြိမ်ထိန်းကာ…

“ပြီးပြီလား၊ ပြီးရင်သွားမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ စံမိုမိုအား နောက်သို့ တစ်ချက်မှ လှည့်မကြည့်တော့ပါပဲ ရှေ့ကနေ ခြေလှမ်းကျဲကြီးနှင့် လှည့်ထွက်ကာ ကားပေါ် တက်သွားလိုက်သည်။

စံမိုမိုမှ သူဖွင့်ပေးထားသည့် ကားတံခါးမှနေ ကားထဲသို့ ဝင်ထိုင်လိုက်သည်နှင့် ခန့်သွေးနောင်ကားလေးသည် ခြံထဲမှ ထွက်လာခဲ့လိုက်သည်။

တစ်လမ်းလုံး ကိုယ်စီ ဘာစကားမှမဆိုလာခဲ့သော စံမိုမိုနှင့် ခန့်သွေးနောင်သည် ဗိုလ်ချုပ်ဈေးသို့ ရောက်လာခဲ့လေသည်။

ထိုအချိန်ထိ သူတို့နှစ်ဦးမှာ စကားမဆိုမိသေး။ ခန့်သွေးနောင်သည် ကားကို တစ်နေရာတွင် ထိုးရပ်လိုက်ပြီးနောက် ကားပေါ်မှ ဆင်းလိုက်ပြီး…

"ဆင်းလေ"ဟုဆိုကာ စံမိုမိုဘက်မှ ကားတံခါးကို ဖွင့်ပေးလျက် ဆင်းစေလိုက်သည်။

လူချော လူဖြောင့်ကြီး ခန့်သွေးနောင်နောက်တွင် မဝ့်မရဲ ဟန်လေးနှင့် မျက်နှာလေး ယန်းသွေးရောင်ပြေးကာ သိပ်လှနေသော စံမိုမိုကို လူအားလုံး၏အကြည့်များက စုပြုံရောက်ရှိနေရသည်။

ခေါင်းလေးငုံ့လျှောက်လာသော စံမိုမိုမှာ ထိုအကြည့်များ



ကို သတိမထားမိပေမယ့် သတိထားမိသည့် ခန့်သွေးနောင်ကတော့ အလိုမကျမှုတွေနှင့် ကျဲမြီးတိုနေရကာ စိတ်မှာ အလိုမကျနိုင်အောင် ရှိနေရတော့သည်။

တကယ်တော့ သူ ဒီလိုဖြစ်ရသည်လည်း မလွန်ပါ။ ရွှေစင်ရုပ်လေးပမာ သိပ်လှသော ချယ်ရီရောင်မင်းသမီးလေးကို ကြည့်သည့်အကြည့်များထဲတွင် ကြီးငယ်မရွေး ပုရိသများ၏ အကြည့်စူးစူးတို့က ပိုများတာကို သတိပြုမိနေရသည့်သူမှာ ရင်မှာ မနာလိုဝန်တိုစိတ်များနှင့် လူက မျက်နှာကြီး ရှုတည်တည်၊ ခပ်တင်းတင်းဖြစ်နေရလေပြီ။

စံမိုမိုဆိုတာ သူနဲ့ တရားဝင်လက်ထပ်ထားရုံကလွဲပြီး တစ်ယောက်နဲ့တစ်ယောက် ဘာရင်းနှီးပတ်သက်မှုမှ မရှိထားသေးသည့် အမည်ခံ ဇနီးမောင်နှံနှစ်ဦးသာ ဖြစ်ပါသည်။

သို့သော် ဘယ်လိုပဲ အမည်ခံဇနီးမောင်နှံ ဖြစ်နေပါစေ ကိုယ်တရားဝင်လက်ထပ်ထားသည့် ဇနီးသည်တစ်ဦးကို ကိုယ်မဟုတ်သည့် တခြားသူစိမ်းယောကျာ်းများ ငေးမောကြည့်ရှုနေသည့် အဖြစ်ကိုတော့ သူမှမဟုတ် ဘယ်ယောကျာ်းမှ လက်ခံလိမ့်မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသားတွေ တမင်မကြည့်ကြည့်အောင် ပြင်ဆင်ထားသည့် မဟုတ်ပါဘဲနှင့်ကို ဝင်းမွတ်နုထွေးသော အလှတွေနှင့် ထူးကဲစွာလှနေသည်က သူမ၏ဘဝဆုတောင်းကောင်းမှုကြောင့်သာ ဖြစ်ပါလိမ့်မည်။

တကယ်တော့ သူ ဗိုလ်ချုပ်ဈေးကို လာရခြင်းက မမနုကို လာတွေ့ခြင်းဖြစ်သည်။ သူ့အစ်မရင်းတစ်ယောက်လို ခင်မင်ရသော မမနုသည် ဒီမှာဆိုင်ဖွင့်ထားသူလည်းဖြစ်သည်။

စံမိုမိုအတွက် လိုအပ်သည့်ပစ္စည်း အသုံးအဆောင်များဝယ်ရန် သူ မမနုကို အားကိုးလျက် ရောက်လာရခြင်းလည်းဖြစ်၏။

သူအားကိုးသည့်အတိုင်းလည်း မမနုသည် စံမိုမိုဘယ်သူဆိုတာ မိတ်ဆက်ပေးပြီးသည်နှင့် သူဘာကိုဆိုလိုသည်ကို အကင်းပါးသူပီပီ ချက်ချင်းနားလည်ကာ စံမိုမိုကိုခေါ်လျက် သူမအတွက် လိုအပ်တာများကို သူမကိုယ်တိုင် လိုက်၍စီစဉ်ဝယ်ပေးရှာလေသည်။

မမနုက ပစ္စည်းရွေး၊ ခန့်သွေးနောင်က ငွေထုတ်နှင့် သူမအတွက် လိုအပ်သည့် အဝတ်အထည် ပစ္စည်းအသုံးအဆောင်များ ဝယ်လာသည်မှာ သုံးယောက်သား လက်နှင့်မဆန့်နိုင်တော့ပါ။



သူမအတွက် ငွေတွေ တစ်ခါရှင်းလိုက်တိုင်း မျက်စိမျက်နှာလေး ပျက်လျက် အနေခက်သွားရသော စံမိုမိုမှာ တော်ပါတော့လို့ တားလိုက်ချင်ပေမယ့် တကယ်တမ်းလည်း သူမမတားရဲပါ။

နဂိုကမှ သိပ်စိတ်မရှည်တတ်သည့် လူဖြောင့်စိတ်တိုသမားကြီး ခန့်သွေးနောင်ကို စံမိုမိုအနေနှင့် မပြောရဲသည်မှာမဆန်း။

ဆန်းနေတာက ခန့်သွေးနောင်ဖြစ်သည်။ ခန့်သွေးနောင်ဘဝတွင် ယခုအသက်အရွယ်ရောက်တဲ့အထိ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ယခုလို ကိုယ်တိုင်ကိုယ်ကျ လိုက်၍ ဈေးဝယ်ပေးခဲ့သည့်အဖြစ်မျိုး မရှိခဲ့ပါ။

ယုတ်စွအဆုံး ကွယ်လွန်သွားသည့် မာမီ့အတွက်ပင် ခန့်သွေးနောင် ယခုလိုမျိုး ကိုယ်တိုင်ကိုယ်ကျ မဝယ်ပေးခဲ့ဖူးပါ။

သို့ပါလျက် ယခု စံမိုမိုအတွက်ကိုတော့ ခန့်သွေးနောင်သည် စိတ်လိုလက်ရ ကိုယ်တိုင်ကိုယ်ကျ ဝယ်ပေးနေရသည့်အဖြစ်။

သည်အဖြစ်ကို မာမီသာသိပါက သူ့ကို ဘာပြောလိမ့်မည်မသိပါ။ သူမနှင့်ပတ်သက်ကာ ကိုယ့်ကိုကိုယ် ဘာရယ်သေချာမသိသည့် ခံစားမှုတွေနှင့် ခန့်သွေးနောင်သည် စံမိုမိုအတွက် ပစ္စည်းများ တစ်ပွေ့တစ်ပိုက်နှင့် မမနုကို နှုတ်ဆက်ကာထွက်အလာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"ဟင်"

ရင်းနှီးလွန်းသည့် ခေါ်သံက ခန့်သွေးနောင်၏ ခြေလှမ်းများကို အလိုလိုရပ်တန့်သွားစေရသည်။

"ကိုကို ကိုကိုမဟုတ်လား"

"စုသဲ"

ခြေသံတဖျတ်ဖျတ်နှင့်အတူ နောက်ပါးဆီမှ အပြေးလေးလျှောက်လာသော သူလေးကို ခန့်သွေးနောင် လှည့်မကြည့်ပါဘဲနှင့် ဘယ်သူဆိုတာ သိနေရပြီဖြစ်သည်။

"ကြည့်စမ်း စုသဲထင်တဲ့အတိုင်း တကယ်ပဲ ကိုကိုဖြစ်နေတာကိုး"

ပန်းသွေးရောင် နှုတ်ခမ်းပါးပါးလေးနှင့် မျက်ဝန်းလေးထောင့်ကပ်ကာ ရယ်ရွှင်နစ်လိုဖွယ်ကောင်းသော ချစ်စဖွယ် အပြုံးလှလှလေးနှင့် ခန့်သွေးနောင်လက်မောင်းကြီးကို ခိုတွဲလာသူလေးကို ခန့်သွေးနောင် မရှိပြုံးဖြင့် ပြုံးပြလိုက်ပြီး

"စုသဲတစ်ယောက်တည်းလား"

"အင်းပေါ့ ကိုကိုသိပ်ဆိုးတယ်ကွာ၊ ပြန်ရောက်တာကို





စုသဲလည်း အသိမပေးဘူး၊ ကိုကိုကို စုသဲတကယ်စိတ်ဆိုးတယ်သိလား"

လူတွေနဲ့ဆိုတာလည်း သတိမထားမိနိုင်ဘဲ နှုတ်ခမ်းလေးနှ မျက်စောင်းလေးထိုးနှင့် ဘာကိုမှမမှုသည့် ကလေးတစ်ယောက်လို ဆိုးနွဲ့မှုတွေနှင့် ပြောချင်ရာပြောနေသော စုသဲကိုကြည့်ပြီး ခန့်သွေးနောင် ရုတ်တရက် ဘာစကားပြောရမှန်း မသိပါ။

အချိန်ကြာမြင့်စွာ ခွဲနေရသည့် ချစ်သူကို တွေ့နေပါရက်နှင့် သူ့အဖို့ ချစ်သူကို ပိုင်ပိုင်ခေါ်နိုင်ခွင့်မရှိတော့သည်ဘဝ။

ယခုချိန်ထိအောင်လည်း သူ့အနားတွင်ရှိနေသည့် စံမှီမှီကို သူမသတိထား ဂရုမစိုက်မိဟန်မတူပါ။

ယခုလောလောဆယ် စုသဲအသိထဲ ရှိနေရသည်က ချစ်သောကိုကို တစ်ယောက်တည်းရယ်သာ ဖြစ်ပါသည်။

ဒါကို ခန့်သွေးနောင်သည် နားလည်သည်မို့

"စုသဲ ခု ကိုယ်သွားစရာရှိသေးတယ်၊ နောက်မှ စုသဲနဲ့ ကိုယ် အေးအေးဆေးဆေး တွေ့ကြတာပေါ့"

"ဟင် စုကိုကိုက ဘယ်သွားမလို့လဲ"

မမြင်တာကြာပြီဖြစ်တဲ့ ချစ်သူကို မခွဲနိုင်သေးဟန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



စုသဲသည် မကျေနပ်သလိုဆိုလိုက်ရင်း သူမအကြည့်များကလည်း ခန့်သွေးနောင် နောက်တွင်ရှိနေသည့် စံမှီမှီကို ယခုမှ သတိထား ကြည့်မိသွားရသည်။

"သူကဘယ်သူလဲ ကိုကို"

"စံမှီမှီတဲ့၊ ကိုယ်တို့နောက်မှဆုံကြတာပေါ့ စုသဲ၊ ကိုယ့်ကိုခွင့်ပြုဦးနော်"

မဖယ်ခွာချင်ပေမယ့် ခန့်သွေးနောင်သည် ချစ်သူအနား ဖယ်ခွာလာခဲ့သည်။ ရင်မှာတော့ နာကျင်နေရသည်။

လှိုက်ခုန်သောရင် လှုပ်ရှားလွန်းသောစိတ်တို့နှင့် ချစ် သူ့အနားက ရင်နာနာနှင့် လှည့်ထွက်ခဲ့ရသော ခန့်သွေးနောင်ရင် ခံစားမှုတွေ ပေါက်ကွဲမတတ် နာကျင်နေရသည်မို့ နှုတ်ခမ်း တင်းတင်းစေ့ပိတ်လျက် အံကိုကြိတ်ရင်း ခြေလှမ်းကျဲကြီး တ လှမ်းနှင့် ဘာကိုမှ ဂရုမစိုက်တော့ဘဲ သွားနေသည်မှာ စော သူမအပေါ် ဂရုစိုက်ခဲ့သည့်သူမှ ဟုတ်ပါရဲ့လားလို့ ထင်စရာ

ချစ်သူအပေါ် သစ္စာဖောက်ခဲ့သူအဖြစ် ကိုယ့်ကို ခွင့်မလွှတ်နိုင်စွာ စက်ဆုပ်မုန်းတီးခြင်းတွေနှင့် ခါးသီးသော မှုတွေကြောင့် ခန့်သွေးနောင်ကိုယ်ထဲ သွေးများလည်းပတ်



နေမှုက မြန်ဆန်နေရသည်။

ကားထဲသို့ ပစ္စည်းများထိုးသွင်းထည့်ပြီးနောက် ကားပေါ် တက်ကာ ကားတံခါးကို ခပ်ကြမ်းကြမ်းဆွဲပိတ်လိုက်တော့ စံမှီမှီ ထိတ်လန့်သွားကာ သူ ဘာများဖြစ်သည်လည်းဆိုသောအတွေးနှင့် ကားပေါ်ရောက်ခဲ့သည်။

သူမ ကားပေါ်ရောက်သည်ဆိုရင်ပဲ ခန့်သွေးနောင်သည် နေရာမှ ကားကို ခပ်ကြမ်းကြမ်းလေး မောင်းထွက်ခဲ့လိုက်သည်။

မျက်နှာကြီး တည်တင်းခက်ထန်နေသော ခန့်သွေးနောင်ကို ဘာဖြစ်တာလဲလို့ မေးလိုက်ချင်ပေမယ့် စံမှီမှီသည် ထိုစကားကို ရင်မှာကြိတ်မေးမိလိုက်ပါသည်။

သူ့ပုံစံ သူ့မျက်နှာကြီးက ခက်ထန်နေရသည် မဟုတ် ပါလား။

ဆင်ဝင်အောက် ကားကိုထိုးရပ်ပြီးသည်နှင့် ခန့်သွေးနောင် သည် စံမှီမှီကို တစ်ချက်လေးမှမကြည့်ဘဲ ဧည့်ခန်းအလယ် ဆိုဖာ ပေါ်တွင် ကိုယ်ကိုပစ်လှဲလျက် ခေါင်းကိုနောက်သို့လှန်တင်ကာ မျက်ဝန်းအစုံကို မှိတ်ထားလိုက်သည်။

စုသဲဆိုသည့် မိန်းကလေးကိုတွေ့ပြီးမှ သိသိသာသာ ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားရသော ခန့်သွေးနောင်ကို စံမှီမှီ နားမလည်နိုင်တော့ပါ။

'ကိုကို'ဟု ခေါ်ပါသော စုသဲဆိုသည့် အမျိုးသမီးနှင့် ခန့်သွေးနောင်သည် တစ်ယောက်နှင့်တစ်ယောက် ဘယ်လိုရင်းနှီးပက်သက်မှုတွေ ရှိနေရသည်ဆိုတာလည်း သူမ မသိတော့ပါ။

ခေတ်မီသော အပြင်အဆင် အခြယ်အသများနှင့် ဒေါင်းပျိုမလေးတစ်ယောက်လို မြူးမြူးကြွကြွလေး လှပနေသော စုသဲသည် ဦးခန့်သွေးနောင်နှင့် တစ်နည်းနည်း ရင်းနှီးပတ်သက်နေမည်ဆိုတာလောက်တော့ စံမှီမှီ ရိပ်မိပါသည်။

ဒါဖြင့် ယခု ဦးခန့်သွေးနောင် ခံစားနေရခြင်းသည် စုသဲဆိုသည့် မိန်းကလေးတစ်ယောက်ကြောင့်များလားဆိုသည့် အတွေးစိတ်နှင့် စံမှီမှီရင်သည် ပူလောင်လာရပြန်သည်။

ဘုရား ဘုရား။

စုသဲနှင့်ဦးခန့်သွေးနောင်၏ ရင်းနှီးပတ်သက်မှုသည် ဘယ်အတိုင်းအတာ အခြေအနေထိ ရောက်ရှိခဲ့ပါသည်လဲ။

သူမအနေနှင့် လုံးဝမစဉ်းစားမိသည့် ကိစ္စကို စံမှီမှီ စဉ်းစားမိလိုက်တော့ မျက်ဝန်းများ ပြာဝေလျက် အသက်ရှူများပင် မွန်းကြပ်သွားရသည်။





တစ်ဆက်တည်း ဦးခန့်သွေးနောင်နှင့် စုသဲဆိုသည့် အမျိုးသမီးသည် သူမထင်သလိုမဟုတ်ပါစေနှင့်ဟု စိတ်မှာ စိုးရိမ်ကြောင့်ကြမှုတွေနှင့် ဆုတောင်းလို့သာ နေလိုက်ပါတော့သည်။

● ● ●



www.burmeseclassic.com

## အခန်း (၇)

စူးရှနေသော မျက်ဝန်းလေးထဲတွင် မျက်ရည်တွေအိုင်ဖွဲ့ နေပေမယ့် ခန့်သွေးနောင်သည် ထိုမျက်ဝန်းလေးကို မကြည့်မိအောင် အကြည့်တွေကို အတတ်နိုင်ဆုံး လွှဲထားလိုက်သည်။

"ပြန်ပြောစမ်းပါ ကိုကို၊ စုသဲကို ပြောတဲ့စကားတွေ ကိုနောက်တစ်ခေါက် ပြန်ပြောစမ်းပါ"

"ကိုယ့်ကိုခွင့်လွှတ်ပါ စုသဲ၊ မိန်းကလေးတစ်ယောက် လွဲသာလို့ လက်ထပ်လိုက်ရပါတယ်ဆိုတဲ့ စကားကိုလည်း ပြောချင်ဘူး၊ ဒါပေမယ့် ကိုယ် မိန်းကလေးတစ်ယောက်ကို ယ်ပဲ လက်ထပ်ခဲ့ပြီးပြီ"

ခန့်သွေးနောင်စကားအဆုံးတွင် စုသဲမှာ ယိုင်ခနဲဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ရသည့် သူမကိုယ်လေးကို လဲကျမသွားအောင် မနည်းပြန်၍ ထိန်းလိုက်ရသည်။

"ဒါ ဒါ တကယ်ပဲလား ကိုကို၊ ကိုကိုဒီစကားတွေ တကယ်ပြောနေတာလား"

စုသဲစကားသံက မယုံနိုင်ခြင်း။ အံ့သြခြင်းများဖြင့် ကြေကွဲထိခိုက်သွားရသည့် လူတစ်ယောက်လို မျက်နှာလှလှလေးမှာ ရုတ်ခြည်းဖျော့သွားရသည်။

ခန့်သွေးနောင်သည် ထိုအဖြစ်ကို အကြည့်ရက်နိုင်သလို မျိုး ခေါင်းကိုငုံ့ချလိုက်ရင်းက

"တကယ်ပါစုသဲ၊ ဒီအဖြစ်တွေက တကယ်ပါပဲ"

"ဒါဖြင့် စုသဲ တစ်နေ့က ကိုကိုနဲ့အတူတွေ့ခဲ့ရတဲ့ မိန်းကလေးဟာ"

"ဟုတ်ပါတယ် စုသဲ သူပါပဲ"

"ဟင်"

ဟုတ်ပါသည်လို့ ဝန်ခံသူက ဝန်ခံနေပြီမို့ စုသဲသည် သူမကြားရသမျှ မယုံလို့မရတော့ပါ။

ကာယကံရှင်ကိုယ်တိုင်က ဟုတ်ပါသည်လို့ ဝန်ခံနေ





သည့်စကားကို မယုံကြည်မှတော့ စုသဲလောက်မိုက်တဲ့သူ ဒီကမ္ဘာပေါ် ရှိနိုင်တော့မည်မဟုတ်ပါ။

အဲဒါဆို စုသဲအပေါ်မှာ ကိုကိုဟာ တကယ်ပဲရက်စက်နိုင်လွန်းသည်ပေါ့။

"ကိုကို ကိုကို စုသဲအပေါ်မှာ တကယ်ပဲရက်စက်ခဲ့ပြီပေါ့နော်၊ စုသဲကို စုသဲကို တကယ်ပဲ ကိုကိုကျောခိုင်းခဲ့နိုင်တယ်ပေါ့ ဟုတ်လားကိုကို"

စုသဲသည် ခန့်သွေးနောင်ရင်ဘတ်ကြီးကို တဘုန်းဘုန်းထုရိုက်ရင်းက မျက်ရည်တွေနှင့်မေးလိုက်သည်။

"ကိုယ့်ကိုခွင့်လွှတ်ပါ စုသဲ"

"ခွင့်လွှတ်ရမယ်ဟုတ်လား ကိုကို၊ စုသဲ ဘာကိုခွင့်လွှတ်ရမှာလဲဟင်၊ ကိုကို စုသဲကို အခုလိုရက်စက်လိုက်တာဟာ စုသဲကို သတ်လိုက်တာနဲ့ အတူတူပဲဆိုတာ ကိုကိုသိရဲ့လား"

"စုသဲရယ်"

စုသဲစကားတွေက သူ့နှလုံးသားတွေကို နာကျင်သွားစေရသည်။ စုသဲနှင့်သူ ယခင်တွေ့နေကျနေရာလေးတွင် နှစ်ယောက်သားတွေ့သည်နှင့် ခန့်သွေးနောင်သည် ပြောင်းလဲခဲ့ရပြီဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝအဖြစ်ကို စုသဲအား အမှန်အတိုင်း ဖွင့်ပြောရာမှ စုသဲ ယခုကဲ့သို့ ပေါက်ကွဲရခြင်းဖြစ်သည်။

ချစ်သူအပေါ် သစ္စာမဖောက်လိုပေမယ့် သူ့ဘဝကံကြမ္မာက ဒီလိုပင် ဖန်လာရပြီမို့ ခန့်သွေးနောင်သည် ရင်နာရုံကလွဲပြီး ဒီထက်လည်း သူမပြောတတ်တော့ပါ။

မှားခဲ့သူ လွန်ခဲ့သူက သူပဲဖြစ်သည်မို့ အားလုံး၏အပြစ်သည် သူ့အပေါ်မှာသာရှိပါသည်။

မျက်ရည်တွေနှင့် နာကျင်နေရသော စုသဲအတွက် သူ့အနေနှင့် စိတ်မကောင်းဖြစ်ရုံကလွဲပြီးလည်း ဘာမှမတတ်နိုင်တော့။

ချစ်ဦးသူမိန်းကလေးတစ်ယောက်၏ရင်ထဲက ခံစားချက်ကို မျက်ကွယ်ပြုထားရသော ခန့်သွေးနောင်အနေနှင့်လည်း သူမထက် မပိုရင်သာနေပါမည် မလျော့တဲ့ခံစားမှုနှင့်တော့ ရင်မှာ ထိခိုက်ကြေကွဲခဲ့ရသည်က အမှန်ပင်။

သို့သော် ယခု သူ့အခြေအနေက ဆုပ်လည်းဆူး စားလည်းရူးရတော့မည့်အဖြစ်။ ဒီအဖြစ်ကနေ သူဘယ်လိုများ ရုန်းထွက်နိုင်မှာတဲ့လဲလေ။

"ကိုကိုရယ်"





"အဟင့် ဟင့် ဟင့်"

ရှိုက်သံလေးနှင့်အတူ သူ့ရင်ခွင်ထဲ တိုးဝင်လာကာ ပါးပြင် နုနုထက် မျက်ရည်တွေ ရွှဲရွှဲစိုနစ်အောင် ရှိုက်ငိုနေသော စုသဲကို သူငြင်းပယ်ရန် အခက်တွေ့သွားရသည်။

သူမခံစားရသမျှအားလုံးသည် သူ့ကြောင့်ပါလားဆိုသော အသိနှင့် နှလုံးသားတစ်ခုလုံး စပ်ဖျင်းဖျင်းကြီး ဖြစ်သွားရ၏။

"ကိုကိုရယ် စုသဲရင်ကွဲရပါပြီရှင်"

သူ့ရင်ခွင်ထက် မျက်နှာလေးအပ်လျက် ရင်ကွဲမတတ် ငိုကြွေးနေသူလေးကို မကြည့်ရက်နိုင်တော့ ခန့်သွေးနောင်ရင်ထဲ ခံစားမှုတွေနှင့် မျက်နှာချောချောကြီးမှာ ညှိုးမှိုင်းနေရသည်။

ခန့်သွေးနောင်သည် ရင်ခွင်ထဲက တအိအိငိုရှိုက်နေသူလေးကို စိတ်မကောင်းစွာကြည့်ရင်း သူမကိုယ်လေးကို သူ့ရင်ခွင်ထဲက အသာယာ ဖယ်ခွာလိုက်ပြီး…

"စုသဲခံစားနေရသလို ကိုယ့်ရင်မှာလည်း စုသဲနီးပါး ခံစားနေရတယ်ဆိုရင် စုသဲယုံမလား"

"ကိုကိုရယ် ဒါနဲ့တောင် စုသဲအပေါ် ကိုကိုရက်စက်ခဲ့သေးတယ်နော်၊ စုသဲ စုသဲ ဘယ်လိုဖြေနိုင်တော့မှာလဲရှင်၊ အဟင့်

www.burmeseclassic.com

www.burmeseclassic.com



ဟင်''

''ကိုယ့်ကို စုသဲခွင့်မလွှတ်ပါနဲ့၊ ပြီးတော့ ကိုယ့်ကို မေ့လိုက်ပါ''

''မေ့ပစ်ရမယ်ဟုတ်လား ကိုကို''

''ဟုတ်ပါတယ် စုသဲ၊ ကိုယ့်ကို စုသဲ မေ့လိုက်တာ အကောင်းဆုံးပါပဲကွယ်''

''ကိုကိုက မချစ်လို့ မေ့နိုင်ပေမယ့် စုသဲက ဘယ်လို လုပ်မေ့နိုင်နိုင်မှာလဲ ကိုကို၊ ကိုကိုကို စုသဲ သိပ်ချစ်တယ်၊ စုသဲ ချစ်တာကို ကိုမသိဘူးလားဟင်''

''စုသဲရယ်''

စုသဲ၏စကားသည် သူ့ရင်ကို နင့်ဖြာသွားရပေမယ့် ကိုကို လည်း စုသဲကို သိပ်ချစ်ပါသည်ဆိုတဲ့ စကားကိုတော့ ခန့်သွေး နောင်သည် စုသဲအား မပြောဖြစ်တော့ပါ။

ကိုယ်လေးသိမ့်သိမ့်တုန်မတတ် ရှိုက်ငိုနေသော စုသဲကို သာ ခန့်သွေးနောင်ရင်မှာ ထိခိုက်ခြင်းတို့နှင့် စိတ်မကောင်းစွာ ကြည့်ရင်း

''မငိုပါနဲ့စုသဲ ကိုယ်ဟာ စုသဲမျက်ရည်တွေနဲ့ ထိုက်တန်





တဲ့သူ မဟုတ်ပါဘူး၊ ကိုယ့်ကိုသာ မေ့ပြီး စုသဲပြန်ပါတော့''

''ပြန်ရမယ်ဟုတ်လား ကိုကို''

ခန့်သွေးနောင်သည် စုသဲကိုမကြည့်ပါဘဲ ခေါင်းညိတ် ပြလိုက်သည်။

စုသဲမှာ ရက်စက်နိုင်လွန်းသည့် ခန့်သွေးနောင်၏စကား ကြောင့် ရင်မှာတုန်လှုပ်မှုတွေနှင့် နှလုံးသားတွေ နာကျင်လာရပြီး

''ကောင်းပါပြီကိုကို စုသဲပြန်ပါ့မယ်၊ စုသဲနှလုံးသားတွေ နာကျင်အောင် ခွဲရက်တဲ့ ကိုကို့ကို စုသဲမုန်းလည်းမမုန်းသလို မေ့ လည်း မမေ့ပါဘူး ကိုကို၊ စုသဲသွားပါတော့မယ်'

ပြောလည်းပြော ငိုလည်းငိုနှင့် စုသဲတစ်ယောက် အနားမှ ထွက်သွားတော့ ခန့်သွေးနောင်သည် စုသဲအား မတားမိစေရန်လည်း သူ့ကိုယ်သူ မနည်းသတိထားနေလိုက်သည်။

စုသဲ၏အရိပ် သူ့မျက်ဝန်းထဲက လုံးလုံးပျောက်ကွယ်သွား သည့်အထိ မျက်စိတဆုံး ငေးစိုက်ကြည့်ရင်း ကြေကွဲနာကျင်ရသည့် ရင်အစုံကိုသာ မချိသည့် ခံစားမှုတွေနှင့် နင့်သည်းလှိုက်ဖြာစွာ ခံစားရင်း သူ့ဘဝဖန်လာသည့် ကံကြမ္မာအတွက် သူစိတ်ပျက်ရှာ သာ နေရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခန့်သွေးနောင် မင်းများနေပြီ၊ တော်တော့ကွာ"

"ငါ့ကို မတားပါနဲ့ သူရ၊ ငါ့ရင်ထဲ ခံစားနေရတာတွေကို မင်းဝင်ပြီး ကိုယ်ချင်းစာကြည့်စမ်းပါကွာ၊ ချစ်သူနဲ့လည်းခွဲခဲ့ရပြီ၊ ကိုယ့်ကိုကိုယ် ဘာမှန်းမသိတဲ့ အိမ်ထောင်ရေးမှာ နစ်မြောနေရတဲ့ ငါ့အဖြစ်က ဘယ်လောက်မွန်းကျပ်နေလဲဆိုတာ မင်းသိရဲ့လား သူရ"

သိပါသည်။ သိ၍လည်း သူငယ်ချင်းအတွက် သူခံစားနေရခြင်းဖြစ်သည်။ ချစ်သူကိုသစ္စာဖောက်ဖို့ မရည်ရွယ်ပေမယ့် သွေးသားရင်းချာလို ချစ်ခင်ရသည့် လူတစ်ယောက်၏ နောက်ဆုံးအချိန် ဖြစ်ချင်သည့်ဆန္ဒကို နှလုံးသား အကွဲခံလျက် ဆန္ဒဖြည့်ဆည်းပေးခဲ့သည်က ခန့်သွေးနောင်၏စိတ်ဓာတ်ကို လေးစားစရာဖြစ်ပေမယ့် ထိုမှ တုံ့ပြန်လာသည့် နှလုံးသားဝေဒနာကိုတော့ နှင့်သည်းခံစားစေရသည့်အဖြစ်။

သူရမှာ သူငယ်ချင်းဖြစ်သူအတွက် ရင်မှာ မချင့်မရဲစိတ်နှင့် ခံစားရသလို တစ်ဖက်မှလည်း အိမ်ထောင်တစ်ခုကို လွယ်လွယ်နှင့် ဆုံးဖြတ်ခဲ့သော ခန့်သွေးနောင်အား ကရုဏာဒေါသစိတ်တို့ ဖြစ်နေရလေသည်။



"သိပ်ခံစားမနေပါနဲ့တော့ ခန့်သွေးနောင်၊ ဒါတွေအားလုံးဟာ မင်းကိုယ်တိုင်ဖန်တီးခဲ့တဲ့ အရာတွေပဲ၊ မှားမှားမှန်မှန် ကိုယ့်ရဲ့ဆုံးဖြတ်ချက်တွေအတိုင်းတော့ အနည်းနဲ့အများ ပြန်ပြီးခံစားရတာ လောကသဘာဝပါပဲ"

သူရစကားကို ခန့်သွေးနောင် ဘာမှပြန်မဆိုဘဲ ရီဝေညို့မှိုင်းနေသော အကြည့်တွေနှင့်သာ သူ့ရှေ့မှ အရက်များကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေတော့သည်။

အရက်ကို ရေလိုသောက်နေသော ခန့်သွေးနောင်ကိုကြည့်ပြီး သူရ မျက်လုံးပြူးသွားရသည်။ သြော် ဒီကောင်အရက်ကို ရေလိုသောက်နေပါလားဆိုသော အတွေးနှင့် စိုးရိမ်သွားကာ

"တော်လောက်ပြီ ခန့်သွေးနောင်၊ မင်းသိပ်များနေပြီ၊ ဒီပုံနဲ့ဆို မင်းအိမ်တောင် ပြန်နိုင်မှာမဟုတ်တော့ဘူး၊ အိမ်မှာမင်းမိန်းမ မင်းကိုမျှော်နေလောက်ပြီ၊ မင်းပြန်ဖို့သင့်ပြီ ခန့်သွေးနောင်"

"ငါ့မိန်းမဟုတ်လား"

"အေးလေ ညဥ့်နက်နေပြီ၊ မင်းမိန်းမ မင်းကိုမျှော်နေမှာသေချာတယ်"

"ကျွတ် သွားစမ်းပါကွာ၊ ဘာလဲ ငါ့မိန်းမ သူနဲ့ငါ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဆိုင်ဘူး"

"ဟိတ်ကောင် မင်း မူးမူးနဲ့ ဘာတွေပြောနေတာလဲ"

"ငါမမူးဘူး သူရ၊ မူးလို့လည်း ငါဒီစကားတွေ ပြောနေတာမဟုတ်ဘူး၊ စံမိုမိုနဲ့ငါဟာ ဒီနေ့ဒီအချိန်ထိ တစ်ယောက်နဲ့တစ်ယောက် ဘာမှမပက်သက်ကြဘူး၊ သူနဲ့ငါ ဘာမှမဆိုင်ဘူး သူရ"

သူရ မျက်မှောင်ကြီး တွန့်ကြုတ်သွားရသည်။ ခန့်သွေးနောင် ဒီကောင် မူးမူးရူးရူးနှင့် ဘာတွေပြောနေတာပါလိမ့်။

ကိုယ်လက်ထပ်ထားသည့် မိန်းမတစ်ယောက်ကို ကိုယ်နှင့် ဘာမှမဆိုင် မပက်သက်ပါဟု ပြောနေသည်က သူမူးနေ၍သာ ပြောခြင်းဖြစ်ပါလိမ့်မည်။

လူကြီးစုံရာရှေ့တွင် ကိုယ်တရားဝင်လက်ထပ်ထားသည့် မိန်းမတစ်ယောက်ကို ဘယ်ယောကျ်ားကမှ မမူးမရူးဘဲနှင့် ဒီလိုစကားမျိုးပြောလိမ့်မည် မဟုတ်ပါ။

ချစ်၍ပဲဖြစ်ဖြစ် မချစ်လို့ဘဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက်ကို လက်ထပ်ခဲ့ပြီးမှတော့ ဘယ်ယောကျ်ားမဆို ဒီလိုစကားမျိုး မပြောသင့်တော့ပါ။



မပြောရန်ကိုလည်း ခန့်သွေးနောင် နားလည်ပါလိမ့်မည်။ အခုဟာက ချစ်သူကြောင့် ခံစားနေရသည့် ခံစားမှုတို့နှင့် မူးမူးရူးရူးဖြစ်ကာ ပြောမိပြောရာစကားတွေနှင့် ပေါက်ကွဲနေခြင်းသာ ဖြစ်ပါလိမ့်မည်။

သူခံစားနေရတာထက် စာလျှင် ပြောပါစေတော့ဆိုသည့် စိတ်နှင့် သူရသည် ခန့်သွေးနောင် ပြောစကားများကို မတားတော့ဘဲ။

"ထကွာ ခန့်သွေးနောင်၊ ပြန်ကြရအောင်"

"ငါမပြန်ချင်သေးဘူး သူရ၊ ဒီညတစ်ညလုံး ငါသောက်မယ်၊ မင်းလည်းမပြန်နဲ့"

ညနေကမှအိမ်ကပြန်လာပါပြီဆိုကတည်းက သူ့အားခေါ်သာကာ ရင်ဖွင့်နေသော ခန့်သွေးနောင်ကို သူရသည် နားလည်စွာကြည့်ရင်း

"လာပါကွာ၊ ပြန်ကြရအောင်ပါ၊ ငါစိတ်မကောင်းအောင် မလုပ်ပါနဲ့"

ခန့်သွေးနောင်သည် ရီဝေမှေးစင်းနေသော မျက်ဝန်းများနှင့် သူရကို မော့ကြည့်ပြီးနောက် နှုတ်ခမ်းအစုံကို ကွေးညွတ်လျှက်



www.burmeseclassic.com

www.burmeseclassic.com



ခပ်မဲ့မဲ့ပြုံးလိုက်ပြီး

"အဟွန်း ဟွန်း၊ ငါက ဘာကောင်လဲ သူရ၊ လူတွေ အားလုံးကို စိတ်ခံစားရအောင်လုပ်နေတဲ့သူ ဖြစ်ရပြီလား သူရ"

"ငါပြောချင်တာ ဒီသဘောမျိုးမဟုတ်ဘူး ခန့်သွေးနောင် ဖြစ်လာတဲ့ဘဝမှာ မင်းအတွက် အကောင်းဆုံးဖြစ်စေချင်တဲ့စိတ်နဲ့ ငါပြောနေတာ၊ ပြီးခဲ့တဲ့အတိတ်ကို မင်းမေ့လိုက်ပါတော့ ခန့်သွေး နောင်၊ အခုချိန်မှာ မင်းအသိထဲရှိရမှာက စံမှီမှီနဲ့မင်းရဲ့ အိမ်ထောင် ရေးပဲ၊ ဘယ်လိုကြောင့်ပဲဖြစ်နေပါစေ ခုချိန်မှာ စံမှီမှီဟာ မင်းရဲ့ ဇနီးဖြစ်နေပြီလေ၊ ဒီတော့ မင်း သူစိတ်ပူအောင်မလုပ်ဘဲ အိမ်ကို ပြန်ကြပါစို့ကွာ"

သူရ၏ဖျောင်းဖျစကားကြောင့်လား ဒါမှမဟုတ် ခန့်သွေး နောင်ကိုယ်တိုင်ကပင် လိုလိုချင်ချင်နှင့် ကိုယ်တိုင်ပြန်ချင်လို့ပဲလား မသိပါ။ ဒီတစ်ခါတော့ဖြင့် သူ့စကားကို အလွယ်တကူပင် ခေါင်း ညိတ်လက်ခံကာ ထိုင်ရာမှထလိုက်တော့

"မင်း ကားမောင်းလို့ အဆင်ပြေရဲ့လား ခန့်သွေးနောင် ငါလိုက်ပို့ပေးရမလား"

"ရတယ် သူရ၊ ကားလောက်တော့ ငါမောင်းနိုင်သေးပါ





တယ်"

မူးနေပေမယ့် အမူးသမားတစ်ယောက်ရယ်လို့ အထင်မခံ နိုင်တာက အရက်သောက်သောသူများ၏ ထုံးစံပင်ဖြစ်သည်။

ယခုလည်း ခန့်သွေးနောင်သည် တစ်ခါမှ အရက်တွေဒီ လောက်မသောက်ဖူးသည်မို့ လူကမဟန်နိုင်အောင် မူးနေပေမယ့် သူ့ကို မူးနေပါတယ်လို့လည်း အထင်မခံနိုင်သည်မို့ ကားကို ကိုယ် တိုင်မောင်းကာ အိမ်သို့ပြန်လာခဲ့လိုက်သည်။

ခန့်သွေးနောင်ပြန်အလာကို တမျှော်မျှော်နှင့် စောင့်နေသူက စံမှီမှီဖြစ်၏။

စံမှီမှီမှာ ဧည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်း လျှောက်လျက် ခန့်သွေးနောင် ပြန်အလာကို စောင့်ရင်း အကြည့် များက နာရီလက်တံများဆီသို့ ရောက်ရှိသွားရသည်။

ညတစ်နာရီပင်ကျော်နေပြီဖြစ်သည်။ ခန့်သွေးနောင်သည် ယခုထက်တိုင် အိမ်သို့ပြန်မရောက်သေး။ ခန့်သွေးနောင် ယခုလို မျိုး တစ်ခါမှ နောက်မကျဘူးသဖြင့် စံမှီမှီမှာ စိတ်ပူနေရသည်က အမှန်။

သူဘယ်များ သွားနေပါလိမ့်။ ဘာကြောင့် သူအိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျနေရပါလိမ့်ဆိုသော အတွေးနှင့် စံမီမီရင်ဝယ် စိုးရိမ်စိတ်ကလေး လူးလွန့်သွားရသည်။

ဦးခန့်သွေးနောင် ယခုကဲ့သို့ အပြန်နောက်ကျတတ်ခြင်း မရှိသည်ကို စံမီမီသိပါ၏။ အိမ်ပြန်နောက်ကျတတ်မည်ဆိုလည်း သူမထံကြို၍ ဖုန်းဆက်တတ်လေသည်။

ခုတော့ ဖုန်းလည်းမဆက်။ ဘာမှလည်းမပြောနှင့် ဦးခန့်သွေးနောင်သည် ယခုချိန်ထိ အိမ်ပြန်နောက်ကျနေခြင်းက ဘာကိစ္စများရှိနေလို့ပါလိမ့်ဆိုသော စိုးရိမ်ပူပန်မှုများက စံမီမီရင်ကို ပူလောင်လာစေရသည်။

ခန့်သွေးနောင် ယခုတလော မျက်နှာမကောင်းသည်ကို စံမီမီ သတိထားမိပါသည်။ ပြောရမည်ဆိုလျှင် စုသဲဆိုသည့် အမျိုးသမီးကို တွေ့ပြီးချိန်ကတည်း ဦးခန့်သွေးနောင် ပုံစံနှင့်အမူအရာများက သိသိသာသာ ပျက်နေရသည်ဆိုလျှင် ပိုမှန်ပေလိမ့်မည်။

ခန့်သွေးနောင် ယခုကဲ့သို့ မူပျက်နေရ၍လည်း စုသဲသည် ဘယ်သူလဲဆိုတာ စံမီမီရင်မှာ ပို၍သိချင်နေရသည်။

သူမသည် ခန့်သွေးနောင်နှင့် လက်ထပ်ထားသည့်မိန်း သည် တစ်ယောက်ဆိုပေမယ့် ခန့်သွေးနောင်သည် သူမကို မိန်း





သည်တစ်ယောက်ရယ်လို့ အသိအမှတ်ပြုခဲ့သူမဟုတ်ပါ။

ဖေဖေ့မျက်နှာ ဖေဖေ့စီစဉ်မှုကြောင့် သူမကို လက်ထပ်ခဲ့သော်လည်း ခန့်သွေးနောင်သည် သူမကို ညီမတစ်ယောက်လို သဘောထားကာ သူ့အရိပ်အောက်တွင် ဖြူစင်သန့်ရှင်းစွာ စောင့်ရှောက်ခဲ့သူဖြစ်သည်။

ဒါကို စိတ်မှာကြိတ်၍ ကျေနပ်နေရသူက စံမီမီဖြစ်ပါသည်။

ခန့်သွေးနောင် သူမကို ယခုကဲ့သို့ ညီမတစ်ယောက်လို ဖြူစင်သန့်ရှင်းစွာ ပြောဆိုဆက်ဆံမှုအတွက် သူ့ကိုပင် ပြန်၍ ကျေးဇူးတင်မိပါသည်။

စံမီမီဆိုတာ ယခုအသက်အရွယ်ထိ ဘယ်ယောက်ျားတစ်ယောက်နှင့်မှ ရင်းနှီးပတ်သက်ခဲ့ခြင်း ရှိခဲ့သူတစ်ယောက် မဟုတ်ပါ။

မကျန်းမာသည့် ဖခင်ကြီးကို ပြုစုရင်းက ဘဝကို မယိုင်လဲအောင် ခိုင်မာသောစိတ်ဓာတ်နှင့် လျှောက်လှမ်းခဲ့သူမို့ အချစ်ရေးဆိုတာကိုလည်း သူမသည် မစဉ်းစားနိုင်ခဲ့ပါ။

သူမအလှကို ဆွတ်ခူးချင်ကြသည့် ကြီးငယ်မရွေး



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားများကို တည်ငြိမ်စွာ ရှောင်ဖယ်ရင်းက စံမိုမိုနှလုံးသား သည် အဖြူရောင်လေးအတိုင်းပင် ရှိခဲ့ရသူဖြစ်သည်။

မထင်မှတ်ဘဲ ခန့်သွေးနောင်နှင့် သူမ လက်ထပ်ခဲ့ရပေမယ့် စံမိုမိုနှင့်သူကြား အချစ်ဆိုတာမရှိခဲ့ပါ။

နှစ်ယောက်သား အိမ်ထောင်တစ်ခုကို ထူထောင်ခဲ့ရသည် ဆိုပေမယ့် သူလည်း သူ့ခံစားချက်နှင့်သူ ကိုယ်လည်း ကိုယ့်ခံစား ချက်နှင့်ကိုယ်သာဖြစ်သည်။

ဒါကြောင့် ခန့်သွေးနောင် ဘာတွေခံစားနေရသည်ဆိုတာ လည်း စံမိုမိုမသိပါ။

သို့သော် သူမဘာဝကို နွေးထွေးလုံခြုံအောင် အရိပ်ပေ ကျွေးမွေးစောင့်ရှောက်သူတစ်ယောက်ပါလား ဆိုသောအသိနှင့် ယ လို့ အိမ်ပြန်နောက်ကျရခြင်းအပေါ် ရင်မှာ စိုးရိမ်ပူပန်မှုဖြစ်နေရသည် ကလည်း အမှန်ပင်ဖြစ်သည်။

စံမိုမိုမှာ သက်မလေးတချချနှင့် ခန့်သွေးနောင်ပြန်အလာ မအိပ်ဘဲစောင့်နေဆဲ ကားတစ်စီးခြံထဲသို့ မောင်းဝင်လာလေသည်။

သေချာကြည့်လိုက်တော့ ခန့်သွေးနောင်၏ကားပင် ဖြ သည်။ စံမိုမိုမှာ မျက်နှာလေးဝင်းပသွားရသည်။





သူမစောင့်မျှော်နေသည့် ခန့်သွေးနောင် သူပြန်လာပြီဖြစ် သည်။ တံခါးကို အမြန်ဖွင့်ရင်းက စံမိုမိုသည် ခန့်သွေးနောင်အား ကြိုလိုက်ရင်းဖြ

"နောက်ကျလိုက်တာ ဦးခန့်သွေးနောင်ရယ်၊ ကျွန်မ ရှင် ပြန်မလာသေးလို့ ဘာများဖြစ်လဲဆိုပြီး စိုးရိမ်လို့ စောင့်နေတာ"

ကားပေါ်မှဆင်းလာသော ခန့်သွေးနောင်ကိုကြည့်ပြီး စံမိုမို သည် အပြုံးလေးနှင့် ဆိုလိုက်ရှာလေသည်။

ခန့်သွေးနောင်မှာ စံမိုမိုအား ဘာမှပြန်မပြောဘဲ ရီဝေဝေ ရှုရှုမျက်ဝန်းကြီးနှင့် တစ်ချက်လှမ်းကြည့်ပြီး အိမ်ထဲသို့ ဝင်လာခဲ့ လိုက်သည်။

ခန့်သွေးနောင် အိမ်ထဲသို့ရောက်သည်နှင့် စံမိုမိုသည် တံခါးကို ပြန်ပိတ်ကာ ခန့်သွေးနောင်ရှိရာကို လှည့်အကြည့်

"အို ဦးခန့်သွေးနောင်"

ဧည့်ခန်းကိုဖြတ်ကျော်ကာ အပေါ်ထပ် အိပ်ခန်းဆီသို့ လှမ်း နေရာမှ ယိုင်ခနဲဖြစ်သွားရသည့် ခန့်သွေးနောင်ကိုယ်ကြီးကို စံမိုမို သည် နောက်မှ အချိန်မီ လှမ်းထိန်းလိုက်ကာ

"ဦးခန့်သွေးနောင် ရှင်ဘာဖြစ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်ကြီးကို လှမ်းထိန်းလိုက်တာမို့ သူ့ထံမှ ထောင်းခနဲထလာသည့် အရက်နံ့ကြောင့် စံမီမီမျက်ခုံးနက်နက် ကုပ်တွေသွားရကာ နှုတ်ခမ်းလေးဖွင့်ဟသွားရတဲ့အထိ လူကလည်း အံ့ဩသွားရသည်။

ဦးခန့်သွေးနောင် သူ့အရက်တွေသောက်လာသည်တဲ့လား။ သူမရောက်ပြီးမှ သူဒီလိုအရက်သောက်လာတာမျိုး တစ်ခါမှမမြင်မတွေ့။ မကြုံဖူးသည်မို့ စံမီမီသည် မျက်နှာလေးပျက်နေရတော့သည်။

ကြည့်စမ်းပါဦး။

သူဘာကြောင့် အရက်တွေ ဒီလောက်သောက်လာရတာပါလိမ့်။ စံမီမီမှာ အရက်နံ့ကြောင့် သွေးရောင်လွှမ်းနေသော သူ့မျက်နှာချောချောကြီးကိုကြည့်ကာ တွေးရင်း အပေါ်ထပ်တက်ရန် ခြေလှမ်းတွေမမှန်တော့သည့် သူ့ကိုယ်ကြီးကို သူမလက်လေးနှင့် ထိန်းကာ အပေါ်ထပ်သို့ခေါ်လာရင်းမှ

"ဘာဖြစ်လို့ ရှင်အရက်တွေ ဒီလောက်သောက်လာရတာလဲ ဦးခန့်သွေးနောင်"

"ဘာ ဘာပြောတယ်၊ ငါဘာဖြစ်လို့ အရက်တွေ





ဒီလောက်သောက်လာရတာလဲ ဟုတ်လား"

"ဟုတ်တယ် ရှင်တစ်ခါမှ ဒီလိုအရက်တွေ သောက်မလာဖူးပါဘူး၊ ဒီနေ့မှ ရှင်ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ မင်းသိချင်လို့လား စံမီမီ"

ရီဝေဝေမျက်ဝန်းတွေနှင့် စံမီမီအားကြည့်လျက် အာလေးလျှာလေးသံကြီးနှင့် ပြန်မေးနေသော ခန့်သွေးနောင်ကို စံမီမီသည် ခေါင်းလေးညိတ်ပြလိုက်ပြီး

"ရှင်ဘာတွေခံစားနေရလို့လဲ ဦးခန့်သွေးနောင်၊ ကျွန်မကြောင့်များ ရှင်"

ပြောလက်စစကား ရပ်သွားရသော စံမီမီကို ခန့်သွေးနောင်သည် အကြည့်စူးစူးများနှင့် စူးစူးစိုက်စိုက်ကြည့်လျက်

"စုသဲအပေါ် ငါရက်စက်ခဲ့မိပြီဆိုတာ မင်းသိလား"

"ရှင်"

"အဟွန်း ငါ့ကိုသိပ်ချစ်တဲ့ ငါကလည်းချစ်တဲ့ စုသဲအပေါ်မှာ ငါဟာသစ္စာဖောက်ပြီး မင်းကိုလက်ထပ်ခဲ့တယ်၊ အဲဒီအတွက်နဲ့ပတ်သက်ပြီး ငါ့ဘက်က တုံ့ပြန်ခံစားမှုတွေကတော့ ခုမြင်တဲ့အတိုင်းပဲ စံမီမီ"



www.burmeseclassic.com

www.burmeseclassic.com



"အို"

အကြောင်းစုံကို စံမိုမိုသည် တဖြည်းဖြည်း သဘောပေါက်လာခဲ့ရသည်နှင့်အတူ သူမရင်အစုံသည်လည်း ထိခိုက်နာကျင်လာရသည်။

နှလုံးသားပိုင်ရှင်ရှိနေသူတစ်ယောက်ကိုမှ သူမ လက်ထပ်ခဲ့မိသည့်အဖြစ်ကွယ်။ သူမအဖြစ်က ဘယ်လောက်များ ဆိုးလိုက်သည်လဲဆိုတာ။

မျက်ရည်တွေက သူမပါးပြင်ထက် အလိုလိုစီးကျလာရသည်။

တုန်လှုပ်ချောက်ချားဖွယ်ရာအဖြစ်နှင့် ရင်ဆိုင် တွေ့လိုက်ရသလို အသက်ရှူများလည်း မဝချင်တော့ဘဲ အာခေါင်တွေပင် ခြောက်ကပ်လာရသည်။

သူမကို လက်ထပ်လိုက်ရ၍ ချစ်သူနှင့်လွဲကာ ခံစားနေရသော ယောကျ်ားတစ်ယောက်ကို စံမိုမို ဘယ်သို့သောမျက်နှာ ဘယ်သို့သောနှလုံးသားနှင့် ရှေ့ခရီး ရင်ဆိုင်ရပါမည်လဲ။

သူမလက်ထပ်ခဲ့သည့် ဒီယောကျ်ားသည် သူမကြောင့်ပင် နှလုံးသားဝေဒနာတွေ နင့်သည်းစွာ ခံစားရလျက် အချစ်ပျောက်ဆုံး





နေသူတစ်ယောက်ပါလားဆိုသော အသိက စံမိုမိုတစ်ကိုယ်လုံးမှာရှိသော အားအင်တွေကို သိမ်းနုတ်ယူသွားရသည်နှယ်။

သူမအဖြစ်က ဘယ်မျှရှက်ဖွယ် ကောင်းလိုက်သည့်အဖြစ်ပါလဲ။

ကိုယ့်အဖြစ်ကို ကိုယ် ရှက်ရွံ့တုန်လှုပ် နာကျင်ကြေကွဲခြင်းများနှင့် စံမိုမိုသည် မှင်သက်နေသူတစ်ယောက်လို မျက်ရည်များကို မသိမ်းဖယ်မိဘဲရှိနေရာ

"အဟွန်း မိန်းမတွေများ တဆိတ်ရှိငိုဖို့ပဲတတ်တယ်၊ အေးမင်းတို့က မင်းတို့ခံစားမှုကို မျက်ရည်နဲ့ပေါက်ကွဲ၊ ငါကတော့ အရက်နဲ့ပဲ ပေါက်ကွဲမယ် ဖယ်စမ်း၊ ငါ အရက်သွားသောက်မယ်"

"အို"

ခန့်သွေးနောင်သည် သူ့အား ထိန်းထားသည့် စံမိုမိုလက်များကို ဖယ်ရှားလိုက်ရင်းက ခြေလှမ်းတွေမမှန်နိုင်အောင် ရှိနေသည့်ကြားက မူးမူးရူးရူးနှင့်ပင် ဖွတ်ရောအတင်းပါ အောက်ထပ်သို့ပြန်ဆင်းရန် ပြင်နေသဖြင့် စံမိုမိုမှာ မျက်နှာငယ်ငယ်လေးနှင့် မျက်စိမျက်နှာပျက်ကာ ခန့်သွေးနောင်ကိုယ်ကြီးကို သူမလက်လေးနှင့်အတင်းပင် ဖမ်းဆွဲထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ရှင်မသွားပါနဲ့ ဦးခန့်သွေးနောင်၊ သွားလို့လည်း မဖြစ်ဘူး၊ ရှင်သိပ်မူးနေပြီ၊ ရှင် အိပ်လိုက်ပါတော့နော်"

အရက်နံ့တွေ တထောင်းထောင်းထနေသော ခန့်သွေးနောင်ကိုယ်ကြီးကို မနိုင်မနင်းထိန်းကာ အခန်းထဲသို့ စံမှီမှီခေါ်လာခဲ့လိုက်သည်။

အမူးတွေလွန်နေသော ခန့်သွေးနောင်လည်း စံမှီမှီလက်များကို ဖယ်ရှားရုန်းထွက်နေသလို စံမှီမှီမှာလည်း ခန့်သွေးနောင်အပြင်ထွက်ကာ အရက်တွေသောက်မှာစိုးသောကြောင့် ခန့်သွေးနောင်ကိုယ်ကြီးကို သူမလက်လေးနှင့် ဖွတ်အတင်းပင် မသွားရအောင် ဆွဲထားလိုက်သည်။

"ဖယ်စမ်းကွာ၊ ဖယ်စမ်း ငါမမူးသေးဘူး၊ သွားသောက်မယ် မူးမှငါအားလုံးမေ့သွားမှာ၊ မမူးရင် စုသဲကို ငါသတိရနေမိလို့မယ်၊ ဖယ် ဖယ် ငါသွားမယ်"

"ရှင်မသွားရဘူး ဦးခန့်သွေးနောင်၊ ရှင် ရှင်မသွားရဘူး"

"သွားမယ်"

"မသွားရဘူး"

"ဖယ်ဆို ဖယ်စမ်း"





"ဟင့်အင်း မသွားရဘူး၊ ရှင်သိပ်မူးနေပြီ"

"ဟာကွာ ဖယ်ဆို ကဲ"

"အမေ့"

"အို"

သူ့အား မဖယ်ရပ်ပါ့မလားဆိုကာ အမူးတွေလွန်လျက်ကြမ်းချင်ရမ်းချင်နေရသော ခန့်သွေးနောင်သည် စံမှီမှီကိုယ်လေးကို စိတ်လိုက်မာန်ပါ တွန်းဖယ်လိုက်ရာ စံမှီမှီမှာ ရုတ်တရက်သူမကိုယ်လေး နောက်သို့ လှန်ကျသွားရသည့်အတွက် ထိတ်လန့်သွားရကာ အယောင်ယောင်အမှားမှားနှင့် ဆွဲမိဆွဲရာ လှမ်းဆွဲလိုက်လေရာ ခန့်သွေးနောင်ကိုယ်ကြီးကို ဖမ်းဆွဲမိသွားရသည့်အတွက်နဂိုကပင် ခြေလှမ်းတွေ မခိုင်မနိုင်ချင်နေရသော ခန့်သွေးနောင်ကိုယ်ကြီးမှာ စံမှီမှီသူ့အား လှမ်းဆွဲလိုက်သည့်အရှိန်နှင့် မထိန်းနိုင်တော့ဘဲ နှစ်ဦးသား ခုတင်ကြီးပေါ်သို့ လုံးထွေးပစ်ကျသွားရလေတော့သည်။

"အို"

နှစ်ယောက်သား မထင်မှတ်သည့်အဖြစ်မို့-ဘာအတွေးအကြံမှမရှိသည့် လူပျိုအပျိုများပီပီ ရုတ်တရက် မှင်သက်သွားရာ



www.burmeseclassic.com

www.burmeseclassic.com



မှ အမူးတွေလွန်ကာ အသိစိတ်ပျောက်ချင်နေရသော ခန့်သွေးနောင်သည် သူ့ရင်ခွင်ထဲတွင်ရှိနေသည့် စံမှီမှီ၏ နွေးနွေးအိအိ မွေးမွေးမြမြကိုယ်လေးကို သိစိတ်နှင့်မသိစိတ်ယှဉ်ကာ တင်းတင်းကြီးပွေ့ဖက်ထားလိုက်လေရာ စံမှီမှီမှာ ရှက်ရွံ့မှုတွေ့နှင့် မျက်ဝန်းလေးပြူးသွားရပြီးနောက် ခန့်သွေးနောင်ရင်ခွင်ထဲမှ အတင်းပင် ရုန်းထွက်ပစ်လိုက်လေသည်။

ယောကျ်ားနှင့်မိန်းမအားအပြင် အသိစိတ်ပျောက်ကာ အမူးလွန်နေရသော ခန့်သွေးနောင်ရင်ခွင်ထဲမှ စံမှီမှီသည် ရုန်းထွက်ပါသော်လည်း သူမ၏ရုန်းထွက်မှုက အရာမရောက်ပါပေ။

မူးမူးနှင့် ကြမ်းကြမ်းရမ်းရမ်း ပေါက်ကွဲချင်နေရသော ခန့်သွေးနောင်သည် နွေးထွေးအိမြသည့် နူးညံ့အိထွေးသော အတွေ့အထိများအောက်တွင် သိစိတ်နှင့်မသိစိတ်တို့ပေါင်းကာ စံမှီမှီကိုယ်လေးအား သူ့ရင်ခွင်ထဲမှ ရုန်းထွက်ခွင့်မပြုတော့ဘဲ သူ၏ပေါက်ကွဲချင်နေရသောစိတ်တို့ကို ရင်ခွင်ထဲက သူမထံ ဦးတည်ပစ်လိုက်ပါတော့သည်။

ကြမ်းရှသောအနမ်းနှင့် ရင်ခွင်အောက်တွင် စံမှီမှီသည် နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့လျက်က အားမတန်မာန်လျှော့





ဆိုသလို သူမအနေနှင့် မျက်ရည်ကျရုံမှတပါး မတတ်နိုင်တော့ပြီ မဟုတ်ပါလား။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

မို့အစ်ကျိန်းစပ်အောင် ငိုထားပေမယ့် မျက်ရည်တွေက သွားသည်မရှိပါ။

ပါးပြင်ထက် တလိမ့်လိမ့်ကျဆင်းနေသည့် မျက်ရည်များ ကိုလည်း စံမှီမှီမသုတ်မိ။

ကျချင်သလောက်ကျစမ်းပါစေတော့ဆိုသည့် ဝမ်းနည်း ခြင်းနှင့် စံမှီမှီသည် ရင်ထဲဝမ်းနည်းခံပြင်း နာကြည်းခြင်းများနှင့် ညလုံးမအိပ်ဘဲ ငိုနေခဲ့သည်မှာ ယခုချိန်ထိပင်ဖြစ်သည်။

ညကအဖြစ်အပျက်များက သူမရင်ကို နှိပ်စရာမရှိပါ။ ယားများ အက်ကွဲသွားမတတ် နာကျင်စေခဲ့ရသလို မနေ့ကနှင့် တော့အောင် ပြောင်းလဲသွားရသည့် သူမဘဝအတွက်လည်း



www.burmeseclassic.com

www.burmeseclassic.com



စံမှီမှီမှာ ဝမ်းနည်းကြေကွဲလို့မဆုံးနိုင်တော့ပါ။

မိန်းမတစ်ယောက်အတွက် နှလုံးသားတွေ ပျက်သုန်း
ကွဲရပါပြီဆိုသည့် ဦးခန့်သွေးနောင်သည် သူမကို သူ့ဆန္ဒတစ်ခု
သိမ်းပိုက်သွားသည်က စံမှီမှီအတွက် အိပ်မက်ဆိုးတစ်ခုပမာ

ဒါဟာ အိပ်မက်ဆိုလည်း ရူးသွပ်နာကျင်သူတစ်ယော
၏ဆိုးရွားလှသည့် အိပ်မက်တစ်ခုသာဖြစ်ပါစေတော့။

စံမှီမှီသည် နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ပိတ်
မိသည်။

ခင်ပွန်းသည်တစ်ယောက်ပါလားဆိုသည့်စိတ်နှင့် ဖြေ
နိုင်အောင် ကြိုးစားခဲ့ပါသော်လည်း သူမအတွက် ဖြေသိမ့်နိုင်
မရှိခဲ့ပါ။

သူမ မဟုတ်သည့် မိန်းမတစ်ယောက်အတွက် ရင်
ခံစားနေသည့်ကြားက သူမဘဝကို သိမ်းပိုက်သွားသည်က စံ
အတွက် အခံရခက် နာကြည်းရဆုံးပင်ဖြစ်သည်။

သူ့ည်ယောက်ျားသည် သူမဘဝကို သိမ်းပိုက်သွား
မမှန် သူ့အတွေး သူ့စိတ်တို့သည် သူမထံတွင် ရှိမနေပါလားခို
အသိက နှလုံးသားနုနုကို တစ်စစီကွဲကြေစေလျက် ခံစားမှု
ပို၍ နာကျင်ပြင်းထန်စေရသလို သူချစ်သူနှင့် ကွဲရခြင်းသည်





ကြောင့်ပါလာဆိုးသော အတွေးများက စံမှီမှီရင်ထဲ ရုက်၍သိမ်ငယ်
မှုတွေနှင့် မီးတောင်တစ်ခု ပေါက်ကွဲရသည်နှယ်။

သည်လိုမှန်းသိရင် သူမ သူ့ကို လက်မထပ်ခဲ့ပါ။ ခုတော့
"ဖေဖေရယ်"

မျက်ရည်တွေ တစ်ပေါက်ချင်း ပါးပြင်ထက် စီးကျနေ
သည့်ကြားက စံမှီမှီသည် ဖခင်ဖြစ်သူအား ငိုကြွေးတမ်းတလိုက်မိ
လေသည်။

ခုချိန်မှာတော့ သူမအဖြစ်တွေကို ဖေဖေအား မသိစေချင်
တော့ပါ။

ဖြစ်လာသမျှ သူမဘဝ၏ ဖန်လာမှုတွေဟုပင် သဘော
ထားကာ သူမသည် ပါးပြင်ပေါ်မှ မျက်ရည်တွေကို ကုန်စင်အောင်
သုတ်လိုက်လေသည်။ ဒီနောက် ဝိုပြင်လာသည့် နံနက်ခင်း၏
နေရောင်နုနုကို စံမှီမှီသည် ခါတိုင်းလို ကြည်နူးစိတ်နှင့် မခံစား
နိုင်ဘဲ သူမအဝတ်အစားများကိုသိမ်းကာ အိတ်ထဲသို့ထည့်လိုက်
သည်။

မဖိတ်ခေါ်ဘဲလာသော သူမသည် ယခုမနှင်ဘဲ ပြန်မည်
ဖြစ်သည်။ သို့သော် အခြေအနေချင်းကတော့ မတူတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့ရိပ်မြုံကိုလာခဲ့စဉ်ကတော့ လန်းဆန်းသော ပန်းလေးတစ်ပွင့်အဖြစ်နှင့် ရောက်ရှိခဲ့ပေမယ့် အခုအပြန်မှာတော့ ထိုပန်းလေး နွမ်းကြွေခဲ့ရပြီဖြစ်သည်။

အဝတ်အစားများ အိတ်ထဲထည့်ပြီး စံမိုမိုသည် သူမကိုယ်သူမ သေသပ်အောင် ပြုပြင်ကာ အခန်းထဲမှ အိတ်လေးဆွဲလျှက် သူမထွက်မည်အလုပ်

“မင်း ဒါဘယ်ကိုသွားမလို့လဲ စံမိုမို”

“ဟင်”

ရုတ်တရက် သူမရှေ့ရောက်လာကာ မေးလိုက်သော ခန့်သွေးနောင်စကားကြောင့် စံမိုမိုမှာ လန့်ဖျပ်စွာ သူမရှေ့ မားမား ကြီးရပ်နေသူကို ကြည့်လိုက်လေသည်။

“အို”

ရှုက်ရှိုတုန်လှုပ်မှုတွေ စံမိုမိုမျက်နှာလေး ရဲပနီမြန်းသွား ရသည်။

စူးရှတောက်ပသော ခန့်သွေးနောင်အကြည့်တွေနှင့် ရင်ဆိုင် ရန်[illegible]သူမတွင် အင်အားများမရှိတော့ပါ။

မျက်လွှာလေးကို ဖျတ်ခနဲချလိုက်ရင်းက ရှက်ရွံ့တုန်လှုပ်





မှုတွေ လွှမ်းကဲနေသော စံမိုမိုသည် သူမကိုယ်သူမ စိတ်တင်းလိုက် ရင်း

“ကျွန်မသွားပါစေတော့ ဦးခန့်သွေးနောင်၊ ကျွန်မကို ဒီကထွက်သွားခွင့်ပြုပါ”

စံမိုမိုစကားကို ဘာစကားမှမဆိုဘဲ ခန့်သွေးနောင်သည် ငေးငေးငိုင်ငိုင်နှင့် သူမအား အတန်ကြာ စိုက်ကြည့်နေပြီး

“မင်းဘယ်ကိုသွားမှာလဲ စံမိုမို”

“ဒီကနေဝေးတဲ့ အဝေးဆုံးတစ်နေရာကိုပေါ့”

“မင်းမသွားရဘူး”

“ရှင်”

“မင်းဘယ်မှမသွားရဘူး စံမိုမို”

“ကျွန်မကို မတားပါနဲ့ ဦးခန့်သွေးနောင်၊ ကျွန်မ ကျွန်မ သွားပါရစေ၊ ကျွန်မ ရှင့်ကို လက်ထပ်ခဲ့တာ ရှင့်ဘဝမှာ စုသဲဆိုတဲ့ မိန်းကလေးရှိမှန်း မသိခဲ့လို့ပါ၊ ခု ကျွန်မသိခဲ့ပြီ၊ ဒါကြောင့် ကျွန်မထွက်သွားပါရစေတော့”

ခန့်သွေးနောင်သည် အံကိုတင်းခနဲ ဇွတ်ကြိတ်လိုက်ပြီး

“ခွင့်မပြုဘူး၊ မင်းကို ဒီကထွက်သွားခွင့် မပြုနိုင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ခွင့်မပြုလည်း ကျွန်မကတော့ သွားရမှာပဲ ဦးခန့်သွေးနောင်၊ ရှင့်ရဲ့ခံစားမှုတွေကိုကြည့်ပြီး ကျွန်မ စုသဲနဲ့ ရှင့်ကြားမှာ နေနေရတဲ့ ကိုယ့်အဖြစ်ကို ကိုယ်မုန်းတီးလာရပြီ၊ ဖေဖေ့ဆန္ဒ ဘယ်လောက်ပဲရှိနေနေ ရှင့်မှာ စုသဲရှိနေရင် ကျွန်မရှင့်ကို လက်ထပ်ဖြစ်မှာမဟုတ်တာ သေချာတယ်"

"ဒါပေမယ့် စံမိုမို"

"ဟင့်အင်း ကျေးဇူးပြုပြီး ကျွန်မပြောတာကိုသာ ရှင်နားထောင်ပေးပါ ခန့်သွေးနောင်၊ ကျွန်မ ဒီမှာမရှိတော့ရင် ရှင်တို့အားလုံး အဆင်ပြေသွားမှာပါ"

စံမိုမိုသည် အလွန်ပင်ကြေကွဲထိခိုက်နေဟန်လေးနှင့် ပြောနေသည်မှာ သူမျက်နှာကိုလည်း ရဲရဲမကြည့်ပါပေ။

ရှိုက်သံလေးရောစွက်လျက် တုန်ခါနေသော သူ့အသံလေးက သူမ ဘယ်လောက်ခံစားနေရမှန်း ပြနေရသည်ပဲလေ။

"ရှင်တို့နှစ်ယောက်ရဲ့ ချစ်ခြင်းကို ခွဲသလိုဖြစ်ခဲ့တဲ့အတွက် ကျွန်မစိတ်မကောင်းပါဘူး၊ ကျွန်မက ရှင်တို့ကို နာကျင်အောင် ပြုရက်စေသူပါ"

ကိုယ့်ကိုကိုယ် အပြစ်ရှိသူတစ်ယောက်လို သိမ်ငယ်စွာ





ခံစားနေရသည့် စံမိုမိုရင်ထဲက ဝေဒနာတွေကို ခန့်သွေးနောင်သည် စိတ်ချင်းနီးစပ်နေသူတစ်ယောက်လို နားလည်မိတော့ ထိုအဖြစ်အတွက် ခန့်သွေးနောင် ကိုယ့်ကိုကိုယ် အံ့ဩသွားကာ သူမလေး ဘယ်မျှထိ နာကျင်ခံစားနေရရှာမည်ဆိုတာကိုလည်း ခန့်သွေးနောင် မှန်းဆတွက်ယူ၍ရလိုက်လေသည်။

ဒါတွေအားလုံးဟာ သူ့ကြောင့် သူ့ကြောင့်ပါလားဆိုသော အတွေးနှင့် ခန့်သွေးနောင် ကိုယ့်ကိုကိုယ် မုန်းတီးသွားရသည်။

သူ့အတွက်ကြောင့်နှင့် အပြစ်မဲ့သည့် မိန်းကလေးနှစ်ဦး နာကျင်ကြေကွဲစွာ ခံစားနေရသည့်အဖြစ်က နောင်တတို့ အဆုံးမရှိနိုင်တော့အောင် ဖြစ်သွားရတော့သည်။

ဝင်းမွတ်သွယ်လျနေသော မျက်နှာလေးက မျက်ရည်တွေနှင့် ကြည်စင်နက်မှောင်သည့် မျက်ဝန်းလေးက သူ့အား ပြိုင်ကြည့်ရဲသော်လည်း နွမ်းလျနေရသော သူမလေးကို သူလက်လွှတ်ဆုံးရှုံးခံ၍ မဖြစ်တော့ပါ။

သူ့အနေနှင့် အဆုံးရှုံးခံ၍လည်း မဖြစ်နိုင်တော့။

ခုချိန်မှာ သူနှင့် သူမလေးဆိုတာ ဟိုယခင်ကလိုသာ ခင်မင်သက်သက်လူနှစ်ယောက် မဟုတ်တော့ပဲ အရင်းနှီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက် ဖြစ်ခဲ့ရပြီဖြစ်သည်။

ဒါကိုလည်း သူ့အနေနှင့် စောစောကမှ သိခွင့်ရခဲ့ခြင်းဖြစ်သည်။ ဒါကလည်း သူ့အိပ်ရာပေါ်တွင်ကျန်ခဲ့သည့် သူမလည်တိုင်တွင် အမြဲဆွဲနေကြ ဆွဲကြိုးလေးကို မြင်ရာမှ သိခဲ့ရခြင်းဖြစ်သည်။

အစမှာတော့ ခန့်သွေးနောင်သည် ထိုအဖြစ်ကို သူ့ကိုယ်သူ မယုံကြည်နိုင်ခဲ့သော်လည်း ညကအဖြစ်များကို သူ တရေးရေးနှင့် ဖြည်းဖြည်းချင်း စဉ်းစားမိလိုက်တော့ စိတ်ဝယ် တစ်စုံတစ်ရာကို သိရှိလာသလို လှိုက်ဖိုသောခံစားမှုတွေနှင့် သူ၏ရင်အစုံသည် မွှေ တွေးလာရပြီး ရင်မှာ ကျင်ခဲခဲကြီးဖြစ်လာရသည်။

သူ့အသိထဲတွင် ရင်မှာခံစားမှုမျိုးစုံနှင့် ရင်ခုန်သံတွေ မြန်ဆန်လာရသည့်အဖြစ်။

သည်နောက် သူသည် အခြေအနေတစ်ခုကို နားလည်လာရသလိုလို သဘောပေါက်လာရသလိုလိုနှင့် ရင်မှာ ဝေခွဲရခက်သော ခံစားမှုတို့နှင့် ကိုယ့်ခံစားမှုကိုပင် ကိုယ်မပြောပြတတ်တော့သည့်အဖြစ်။

အဖြေတစ်ခုကို သေချာသိနေရပေမယ့် ခန့်သွေးနောင်သည် ထိုအဖြေအတွက်လည်း ရင်မှာ မပုံမရဲရှိနေရသလို ခံစားမှုမြန်ဆန်





နေသည့်ကိုယ့်ကိုကိုယ်ပင် ပြန်၍ကူညီမပျက်အောင် ချုပ်ထိန်းနေရသည်။

စံမိုမိုကိုကြည့်လိုက်ပြန်တော့ သူမလေးသည်လည်း သူ့ကိုကြည့်မနေပါ။ မျက်လွှာလေးချထားဆဲ ခေါင်းလေးငုံ့လျက်။

"ကျွန်မသွားတော့မယ်"

"ဟင်"

ခန့်သွေးနောင် မျက်မှောင်ကြီးကိုကြုတ်လျက် သက်မတစ်ချက်ချလိုက်သည်။

သည်နောက် သူသည် ခြေလှမ်းကျဲကြီးများနှင့် စံမိုမိုအနားသို့ တိုးလှမ်းလာလိုက်ပြီး

"မင်းကို မသွားရဘူးလို့ပြောနေတယ် မဟုတ်လား"

စူးရှသော မျက်ဝန်းအကြည့်တွေနှင့် စိုက်ကြည့်ရင်းက ခန့်သွေးနောင် ပြောလိုက်သည်။

ခေါင်းမော့သူပိပိ သူ့စကားကို စံမိုမိုသည် ဂရုမစိုက်ဟန်နှင့် ရှေ့သို့ ခြေလှမ်းလေးအဆက်။

"မင်းနော် ပြောနေတယ်မဟုတ်လား၊ မသွားရဘူးဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းဝင်းမွှတ်မွှတ်လေးနှင့် ကြည်စင်နေတွေးနေသော မို့မို့ အစ်အစ်မျက်နှာလေးနှင့် အလှတစ်မျိုးထူးနေသော စံမို့မို့ကို ခန့်သွေးနောင်မှာ မချင့်မရဲနှင့် သူ့စကားကို နားမထောင်ရပါ့မလားဆိုသောစိတ်နှင့်ကြည့်ရင်း ဆိုလိုက်ရာ

"ရှင်နော် ကျွန်မကို မတားနဲ့"

"မတားလို့ဖြစ်မလားကွ၊ မင်းထွက်သွားမှာကို ကျုပ်က ဒီအတိုင်း ကြည့်နေရမှာလား"

"ကျွန်မမရှိရင် ရှင်တို့ချင်း အဆင်ပြေကြပြီပဲ"

"တော်စမ်း အဓိပ္ပာယ်မရှိတာတွေမပြောနဲ့"

"ကျွန်မပြောတာ ဒီထက် အဓိပ္ပါယ်ရှိရဦးလား ဦးခန့်သွေးနောင်၊ ရှင်နဲ့စုသဲကြားမှာ ကျွန်မရှိနေလို့ အနှောင့်အယှက်ဖြစ်နေရတာ မဟုတ်လား၊ ဒီတော့ ကျွန်မမရှိရင် အေးလုံးရှင်းသွားပြီပဲ"

"မရှင်းဘူးကွ၊ မရှင်းဘူး၊ မင်းကရှင်းတယ်လို့ထင်ပေမယ့် အဲဒါမှပိုရှုပ်သွားတာ၊ ပြီးတော့ မင်းနဲ့ကျုပ်အခြေအနေ"

"ဟင်"

သူ့စကားကြောင့် စံမို့မို့မျက်နှာလေး ပျက်သွားသည်။ ဒီနောက် မျက်နှာလှလှလေးကို တစ်ဖက်သို့ ချာခနဲလှည့်လိုက်ပြီး





"ရှင် ရှင်ဘာတွေပြောနေတာလဲ ဦးခန့်သွေးနောင်"

"ဒီဆွဲကြိုးလေးဟာ မင်းရဲ့ပစ္စည်းဟုတ်ပါတယ်နော်"

"အို"

လှပသောမျက်နှာလေးမှာ နီရဲတောက်ပသွားကာ သူ့မျက်နှာချောချောကြီးကိုလည်း မကြည့်ရဲတော့လောက်အောင် ဖြစ်သွားရသည်။

ရင်ထဲတွင်တော့ ရင်ခုန်သံတွေမြန်နေသည်မှာ တဒိတ်ဒိတ်နှင့်။

—ကြည့်စမ်း သူမဆွဲကြိုးလေး သူ့လက်ထဲရောက်နေပါရောလား။ ဘုရား ဘုရား ဒါကို သူမဘာလို့ သတိမထား ဂရုမစိုက်မိရတာပါလိမ့်။

"မဟုတ်ပါဘူးလို့တော့ မငြင်းနဲ့နော်၊ မင်းနဲ့ကျုပ်ရဲ့ ပတ်သက်မှုကို ဒီစွဲကြိုးလေးက သက်သေခံနေပြီ မင်းဘာပြောဦးမလဲ စံမို့မို့"

"ဟင် ရှင်"

လှုပ်ရှားနေရသော ရင်ခုန်သံတွေကိုသာ ထိန်းရင်း ရင်မှာ ရှက်လန့်တုန်လှုပ်မှုတွေကို မျက်နှာလေးရဲရဲ မျက်ဝန်းလေး ပြူးကျက်



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ တလှပ်လှပ် ဖိုနွေးနေရတော့သည်။

"ပြောပါဦး စံမှီမှီ၊ မင်း ကိုယ်မေးတာကို ဖြေပါဦး"

"ကျွန်မ ကျွန်မ ဘာဖြေရမှာလဲ"

သိသိသာသာ တုန်ခါနေရသည့် စံမှီမှီအသံက မနည်းအား ယူပြောနေမှန်း ခန့်သွေးနောင်ရိပ်မိလိုက်၏။

"ဒီခွဲကြိုးလေးက မင်းရဲ့ခွဲကြိုး တကယ်ပဲလားဆိုတာ"

"အို"

တအိအိနှင့်သာ စံမှီမှီမှာ မျက်နှာလေးပူက်နေရတော့သည်။

သူ့လက်ထဲက ခွဲကြိုးလေးသည် သူမပစ္စည်းမဟုတ်ပါ လို့လည်း စံမှီမှီ မငြင်းနိုင်ပါ။

ငြင်းရန်လည်း အင်အားမရှိ။ သူမခွဲကြိုးလေးမှန်း အပိုင် နှင့်ပြောနေသော ခန့်သွေးနောင်ကို စံမှီမှီသည် မဟုတ်ပါဟု ငြင်း လိုက်လို့လည်း သူ လက်ခံမည်မဟုတ်တော့ပါ။

သို့သော် ထိုအဖြစ်ကို သူမဝန်ခံဖို့ရာလည်း သတ္တိမရှိနိုင် ပါပေ။

စံမှီမှီသည် မျက်နှာလေးလွှဲကာ ဘာစကားမှမဆိုဘဲ သူ့ အနားမှ ဖြတ်ကျော်ရန်အလုပ်





"စံမှီမှီ"

"အမေ့"

"အို"

အနားဖြတ်ကျော်သွားရန် ပြင်နေသည့် စံမှီမှီလက်တစ်ဖက် ကို ဖျတ်ခနဲဆိုသလို ခန့်သွေးနောင်သည် သူ့လက်နွေးနွေးကြီးနှင့် ဆုပ်ကိုင်လိုက်တော့ စံမှီမှီကိုယ်လေး သူ့ရင်ခွင်ထဲသို့ ယိုင်ခနဲကျသွား ရပြီး

—"ဖယ် ဖယ်ပါ"

တအံ့တသြ တုန်လှုပ်ရုက်ရှူ့ထိတ်လန့်ဟန်လေးနှင့် အနီး ကပ်ကြည့်မှ ရက်ရက်စက်စက် နုထွေးမှုန်အိနေသော စံမှီမှီ၏အသွင် နုနုမှုန်ဖန့်ဖန့်လေးကို ခပ်ငေးငေးကြီး စိုက်ကြည့်လိုက်ကာ

"မသွားပါနဲ့"

"ဟင်"

"ချမ်းမြေ့ရိပ်မြုံက ခွဲမသွားပါနဲ့ စံမှီမှီ၊ ခွဲသွားလို့လည်း ကျုပ်ခွင့်ပြုမှာမဟုတ်ဘူး၊ မင်းဟာ ခန့်သွေးနောင်ဆိုတဲ့ ကျုပ်ရဲ့ အနားမှာ ကျုပ်ရဲ့ဇနီးမယားအဖြစ် ကျုပ်တွက်သက်နဲ့အတူရှိနေရ မယ့်သူဆိုတာ သိထားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ခံ့ညားတည်ကြည်ချောမွေ့သော သူ့မျက်နှာချောချောကြီးက လေးနက်မှုတွေနှင့် စကားဆိုနေမှန်း စံမီမီသည် အံ့ဩစွာတွေ့ရလေသည်။

ယခုတော့လည်း သူ့ပုံစံက ညက စုသဲ့ကြောင့် အသည်းကွဲကာ ခံစားနေသည့် သူမဟုတ်တော့သည့်အတိုင်း တည်ငြိမ်မှုတွေနှင့်ရှိနေရသည်။

စံမီမီသည် နှုတ်ခမ်းဖူးဖူးလေးကို ဖိကိုက်လိုက်သည်။

အနိုင်ရသူမို့ သူ့ဘက်က တည်ငြိမ်ကောင်း တည်ငြိမ်နေနိုင်ပေမယ့် စံမီမီကတော့ဖြင့် မတည်ငြိမ်နိုင်ပါ။

သူမဘဝတစ်ခုလုံးကို အနိုင်ယူသိမ်းပိုက်ရက်သူအဖြစ်ရင်မှာ နာကျင်ကြေကွဲရှက်ရွံ့တုန်လှုပ်မှုတွေနှင့်သာ သူမအဖြစ်ကို သူမ မဖြေသာနိုင်အောင် ရှိနေရသည်။

သူမအနေနှင့် ဘယ်လိုလုပ်ကာ ဖြေသာနိုင်မည်တဲ့လဲလေ။ ကိုယ်လက်ထပ်ထားသည့် ယောကျ်ားတစ်ယောက်ဆိုပေမယ့် ထိုယောကျ်ားသည် ကိုယ့်ကိုချစ်ခဲ့သူမဟုတ်ပါ။

ကိုယ်မဟုတ်သည့် မိန်းမတစ်ယောက်ကို တမ်းတရင်း





ကိုယ့်ကို ရင်ထဲထွေးပိုက်ခဲ့သည့်အဖြစ်က ဘယ်လောက်များ ဝမ်းနည်းကြေကွဲစရာ ကောင်းလိုက်ပါသည်လဲ။

မိန်းမတစ်ယောက်အနေနှင့် ထိုအဖြစ်က ဘယ်လောက်ထိ ခံပြင်းနာကြည်းဖွယ်ကောင်းသည်ကို ခံစားဖူးသူမှ ကိုယ်ချင်းစာနိုင်ပါလိမ့်မည်။

သူမမာနကို အစွန်းဆုံးထိ နင်းချေဖျက်ဆီးရက်သော ခန့်သွေးနောင်ကို သူမ နာကျင်မိသည်မှာ လွန်မည်မဟုတ်ပါ။

ထိုအဖြစ်ကို ဘာမှမသိသည့် ခန့်သွေးနောင်ကတော့ သူမနှင့် ခံစားမှုချင်း ဆန့်ကျင်ဘက်ပင်ဖြစ်သည်။

ချစ်သူတစ်ယောက်လုံးဖြစ်သည့် စုသဲကို လက်လွှတ်ဆုံးရှုံးခံကာ ဒီမိန်းတလေးကို လက်ထပ်ခဲ့ရသလို ယခုလည်း ဒီမိန်းကလေးလက်ထဲကို သူ့ဘဝတစ်ခုလုံး အပ်နှံခဲ့ရပြီမို့ သူ့အနေနှင့် ဒီထက်ပိုကာ ဘာများတတ်နိုင်တော့မည်လဲ။

ဦးလေးထွန်းကို ကတိပေးခဲ့သလို သူမလေးကို သူရာသက်ပန် ရိုးမြေကျ သေတပန်သက်တဆုံး ပေါင်းရန်ကလွဲလို့ သူမ သူ့ဘဝထဲက တခြားထွက်သွားခွင့် မရှိတော့ပါ။ ရှိလည်း မရှိစေရတော့။ သူနှင့်လက်ထပ်ခဲ့တာ ကြာပြီဖြစ်ပေမယ့် သူမလေး



www.burmeseclassic.com

www.burmeseclassic.com



နှင့်သူသည် မဆိုင်သလိုရှိခဲ့သော်လည်း ဒီနေ့ဒီအချိန်မှာတော့ သူမလေးသည် သူ၏ဇနီးသည်ဘဝကို အမှန်ပင် ရောက်ခဲ့ရပြီဖြစ်သည်။

ဒီအဖြစ်ကို ခန့်သွေးနောင်ရော စံမှီမှီပါ ငြင်းလို့မရပါ။ အားလုံးသည် ငြင်းလို့မရ အဖြစ်မှန်တွေပါပဲလားဆိုသည့် အတွေးနှင့် ခန့်သွေးနောင် ရင်အစုံသည် လှုပ်ရှားလာရသည်။

သူ့ရှေ့က ဒီမိန်းကလေးသည် သူ၏ဇနီးသည်လေးပါလား ဆိုသော အသိက သူ့ရင်ခုန်သံတွေကို ပိုမြန်ဆန်ချင်လာရသလို

အတွေးနှင့် သူမကိုကြည့်လိုက်တော့ သူမလေးသည် သူ့လက်ထဲက အတင်းပင် ရုန်းထွက်နေလေသည်။

"ဖယ် ဘာလုပ်တာလဲ၊ လူကိုလာမထိပါနဲ့"

"ဟာကွာ၊ မင်းတော့ အတော်အပြောရခက်ပါလား၊ မသွားရဘူးဆို"

နဂိုကမှ စိတ်ဆတ်သော ခန့်သွေးနောင်မှာ သူ့စကားကို နားမထောင်ရပါ့မလားဆိုသည့်အတွေးနှင့် စိတ်ထိန်းထားသည့်ကြား က ခပ်ကျိတ်ကျိတ်နှင့် မချင့်မရဲဆိုလိုက်သည်။

"ဟင့်အင်း ဟင့်အင်း၊ ကျွန်မကိုမတားနဲ့ လွှတ်"

"မင်းနော် ပြောနေတာမဟုတ်ဘူးလား"





"ဟုတ်တယ်မရဘူး၊ ရှင်သွား"

စံမှီမှီသည် ပြောလည်းပြော ခန့်သွေးနောင်ကိုယ်ကြီးကိုလည်း သူမရှေ့က အတင်းတွန်းထုတ်နေလိုက်သည်။

"ဟေး မင်းနော်၊ ကျုပ်ကို စိတ်တိုအောင်မလုပ်နဲ့"

"ဩော် ရှင်ကစိတ်တိုတယ်တဲ့လား၊ စိတ်ချပါ ရှင်စိတ်တိုစေရတော့ပါဘူး၊ ကျွန်မမရှိတော့ရင် ရှင်အားလုံး အေးချမ်းသွားမှာပါ၊ အဲဒီအချိန်မှာမှ ရှင်ချစ်တဲ့ စုသဲနဲ့လည်း"

"တော်စမ်း နားထောင်နေတာ အကောင်းမှတ်နေလား၊ မှာ မင်းသိအောင်ပြောလိုက်မယ် စံမှီမှီ၊ ကျုပ် စုသဲကို လက်ထပ်င်မှတော့ မင်းနဲ့တောင်မတွေ့ဘူးမှတ်ပါ၊ စုသဲကို ကျုပ်ချစ်ခဲ့တာသေမယ့် ကျုပ်ခံစားချက်ကို ရှေ့တန်းတင်ခဲ့တဲ့သူ မဟုတ်ဘူး၊ ျုပ်ဘဝမှာ ဘယ်မိန်းမတစ်ယောက်ကို ဘယ်လိုကြောင့်မဲ က်ထပ်ခဲ့လက်ထပ်ခဲ့ ကျုပ်လက်ထပ်ခဲ့တဲ့ မိန်းကလေးဟာ ကျုပ် းမှာရှိနေရမယ့်သူပဲ ဖြစ်ရမယ်၊ ရှိလည်းရှိနေရမယ်"

"နေရာတိုင်း ရှင့်စိတ် ရှင့်သဘောဖြစ်မှာတဲ့လား"

"အပြွန်း ဖြစ်အောင်လုပ်ရမှာက ကျုပ်ဘက်ကပဲလေ"

"ကောင်းပြီလေ ရှင့်ဘက်က ရှင်လုပ်နိုင်သလို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကလည်း ကျွန်မလုပ်နိုင်တာ လုပ်ရမှာပဲ''

တစ်ဖက်လူ၏ခံစားချက်ကို ထည့်မတွက်ဘဲ သူ့ကိုယ်သူ အနိုင်နှင့် ယုံကြည်ချက် ခိုင်မာသူတစ်ယောက်လို ပြောနေသော ခန့်သွေးနောင်ကို စံမှီမှီသည် နာကျင်မှုတွေနှင့် မျက်စောင်းလေး တစ်ချက်ထိုးရင်း သူမခြေလှမ်းတွေကို ရှေ့ဆက်အလှမ်း

''တောက် တော်တော်လည်း အပြောရခက်တဲ့မိန်းမ လာစမ်း''

''အမေ့''

ခန့်သွေးနောင်မှာ သည်းမခံနိုင်တော့ပါ။ ဒီလောက်ခေါင်း မာရပါ့မလားဆိုသောစိတ်နှင့် သည်းခံနိုင်မှုတို့ ကုန်ဆုံးသွားရသလို မျက်ဝန်းစူးစူးတောက်တောက်ကြီးဖြင့် အံကြိတ်ကာကြည့်ရင်း စံမှီမှီ ကိုယ်လေးကို ရုတ်ခြည် ကလေးတစ်ယောက်လို ပွေ့ချီကာ အခန်း ထဲ ခေါ်လာခဲ့လိုက်သည်။

''ဟင် ရှင် ရှင် လွှတ် လွှတ်၊ ခုကျွန်မကို အောက်ချ လွှတ်၊ ပြောနေတာမရဘူးလား''

နှုတ်ခမ်းလေးဖိကိုက်လျက် မျက်ဝန်းလေးမှိတ်ကာ ရှက် လန့်တကြားလေးဆိုနေကာ ခန့်သွေးနောင်ကိုယ်ကြီးအား လက်သီး





ဆုပ်နုနုလေးများဖြင့် တွန်းထိုးရိုက်နေသော စံမှီမှီကို ခန့်သွေးနောင် သည် ဘာစကားမှပြန်မဆိုဘဲ တည်တည်စူးစူးကြီးသာကြည့်လျက် ပွေ့ချီခေါ်လာပြီးနောက် ခုတင်ကြီးထက်ဆီသို့ ခေါ်လာပြီး သူမ ကိုယ်လေးကို ခုတင်ပေါ်သို့ ပစ်တင်လိုက်တော့၏။

''အား အမေ့''

နာကျင်မှုနှင့်အတူ ရှက်ဒေါသတွေနှင့် စံမှီမှီမှာ ခုတင် ကြီးပေါ်မှ ဖရိုဖရဲကျသွားရသော သူမကိုယ်လေးနှင့် ကြိတ်မနိုင် ခဲမရဖြစ်ကာ သူမအား လက်ပိုက်လျက် ခပ်တည်တည်ကြီး စိုက် ကြည့်နေသော ခန့်သွေးနောင်ကို မျက်နက်ဝန်းစူးစူးတောက်တောက် လေးနှင့် ပြန်ကြည့်လိုက်တော့

ခန့်သွေးနောင်သည် သူမအကြည့်များကို ဂရုမစိုက်တော့ ပါ။ ခေါင်းမာသည့် သူမအား ဒီလိုနည်းနှင့် အဲပြစ်ပေးရသည်ကို သူသည် ကျေနပ်နေသလိုမျိုး ကျေနပ်မှုအရိပ်အယောင်များကို သူ့ ချက်နှာထက်မြင်ရတော့ စံမှီမှီမှာ အံလေးကြိတ်လိုက်ပြီး

''ဒါ ရှင် ကျွန်မကို အနိုင်ကျင့်တာလား ဦးခန့်သွေး နောင်''

''မဟုတ်ဘူး၊ ယောက်ျားဖြစ်သူက မိန်းမကို တုံ့နေ

www.burmeseclassic.com



တာ"

"တားရအောင် ရှင်နဲ့ကျွန်မ ဘာဆိုင်လို့လဲ"

"ဒါတော့ မင်းကိုယ်မင်း ပိုသိမှာပေါ့"

"ရှင်"

ရုက်ဒေါသတွေနှင့်သာ စံမှီမှီရင်မှာ လှုပ်ဖိုသွားရသည်။ ကြည့်စမ်း ဒီလူစကားကို ဘယ်လိုကြီးပြောလိုက်တာပါလိမ့်။

စံမှီမှီသည် ရှက်ဒေါသတွေနှင့် မခံချင်ဖြစ်ကာ သူ့ကို အရှုံးမပေးချင်တော့ပဲ

"ကျွန်မစိတ်နဲ့ ကျွန်မကိုယ် ဘယ်သွားသွား ရှင်ဘာလုပ်နိုင်မှာလဲ"

အမှတ်မရှိဘူးလို့ပဲ ပြောရမလားမသိ။ စံမှီမှီသည် ပြောလည်းပြော မျက်နှာထားတင်းတင်းလေးနှင့် ခုတင်ပေါ်မှဆင်းကာ သူ့ရှေ့မှ ချာခနဲလှည့်အထွက်

"အေး ကျုပ်ဘာလုပ်နိုင်လဲဆိုတာ မင်းခုသိစေရမယ်"

"အို"

ပြောမရပ်ါမလားဆိုကာ စိတ်တွေတိုလာရသော ခန့်သွေးနောင်သည် သူ့ကို တမင်အရွဲ့တိုက်နေသော စံမှီမှီကို ယောကျ်ား





မာနနှင့် မခံချင်စွာ သူမအား ထွက်သွားမရလေအောင် နောက်မှနေ သူမကိုယ်လေးကို သိမ်းကြုံးဆွဲဖက်ကာ ရင်ချင်းဆွဲအပ်ပစ်လိုက်သည်။

"ကဲ မင်းဘာတတ်နိုင်သေးလဲ"

"ဟင် ရှင် ရှင်"

"လွှတ် လွှတ်စမ်း"

"အဟွန်း မလွှတ်တော့ မင်းဘာလုပ်နိုင်မှာလဲ စံမှီမှီ"

"ရှင် ရှင် ကဲ ကဲ၊ အဲဒါ ကျွန်မကို အနိုင်ကျင့်ဦး မလွှတ်ဦး"

"ဗွန်း"

"ဗွန်း"

"ဟော့ မင်းတော်နော်"

သူ့အား အဆက်မပြတ် ထုရိုက်နေသူလေးကို ခန့်သွေးနောင် စိတ်မရှည်သံကြီးနှင့် ပြောလိုက်တော့

"အို မတော်ဘူး မတော်ဘူး၊ မတော်တော့ ရှင်ဘာလုပ်ချင်သေးလဲ"

"မင်းကွာ"

www.burmeseclassic.com

www.burmeseclassic.com



"အမယ် ရှင်က"

"ကဲဟယ်"

"ဖြန်း"

"ဟင်"

"မင်း ခင်းငါ့ပါးကိုရိုက်တယ်ဟုတ်လား၊ အေး ဒီလောက်စွာတဲ့မိန်းမ လာစမ်း"

"အို"

အရှိန်နှင့် တွန်းလိုက်မှုဖြင့် မွေ့ရာကြီးပေါ် ထွေးခနဲကျသွားရသော စံမှီမှီမှာ သူမကိုယ်လေးကို ပြန်ထရန် ကြိုးစားလိုက်ပေမယ့် အချိန်မမီတော့ပါ။

သူမကိုယ်လေးပေါ် ပြိုယိုင်ဆင်းကျလာသော ခန့်သွေးနောင်ကိုယ်ကြီးအောက်တွင် စံမှီမှီ ဘယ်လိုမှ ရုန်းမထွက်နိုင်တော့ဘဲ သူ့ရင်ခွင်အောက်တွင် မျက်ဝန်းလေးပြာလျက် အသက်ရှူမှားမွန်းကျပ်သွားရသည်။

လှိုက်ဖြာမွှတ်သိပ်လွန်းသော ခန့်သွေးနောင်၏ အနမ်းကြမ်းကြမ်းများအောက်တွင် စံမှီမှီသည် သူ့အား ဘာစကားမှပြန်ဆိုခွင့်မရတော့ပါ။





ဒေါသတွေနှင့် မှတ်လောက်အောင် ဆုံးမလိုက်မည်ဆိုသော ခန့်သွေးနောင်မှာလည်း စောစောကအထိ စိတ်တိုတိုနှင့် ဖြစ်သော်လည်း သူ့စိတ်အစဉ်ကို သိမ်းကြုံးဆွဲငင်သွားသည့် ရင်ခုန်လှိုက်ဖြာလွန်းသည့် အတွေ့နွေးနွေးအောက်တွင် သူ့အသိများ မထိန်းချုပ်နိုင်တော့ပါ။

သူ့လက်အစုံသည် သူမကိုယ်လေးကို ခပ်တင်းတင်း မလွှတ်တမ်း ထွေးပွေ့ထားသလို သူ့အနမ်းများကလည်း သူမမျက်နှာလည်တိုင်နုနုနှင့် ပခုံးသားနုနုထွေးထွေးလေးများဆီသို့ ရောက်နေကာ နောက်ဆုံး သူ့အနမ်းတို့က သူမနှုတ်ခမ်းဖူးဖူးလေးဆီ အချိန်ကြာမြင့်စွာ ရောက်ရှိသွားရပါတော့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

ခန့်သွေးနောင်တစ်ယောက် ယခုတစ်လော စိတ်ဝယ်နေထိုင်ရသည်မှာ ဘာအကြောင်းရယ် မသိပေမယ့် စိတ်မှာတော့ ကသိကအောက်နှင့် အနေခက်အယှက်ကြီး ဖြစ်နေရသည်။

ပြောရလျှင် သူဒီလိုဖြစ်နေသည်မှာ တစ်ရက်လည်းမဟုတ် နှစ်ရက်လည်းမကတော့ပါ။

ထိုအချိန်ကတည်းက စံမှိုမှိုသည် သူ့အား မျက်နှာချင်းဆိုင်မခံတော့။ တစ်အိမ်တည်းမှာ အတူနေပါလျက်နဲ့ သူ့အား ရှောင်လွှဲနေသည်မှာ သိသိသာသာပင်။ ယခုဆိုလျှင် သူမ သူ့ကို အတွေ့မခံ ရှောင်ဖယ်နေသည်မှာ နေ့ရက်များ တစ်ရက်ပြီးတစ်ရက် ကုန်ခဲ့လို့ အချိန်တစ်လအတွင်းကိုပင် ရောက်ရှိခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစကတော့ ခန့်သွေးနောင်သည် စံမှီမှီ သူ့ကို ရှောင်ဖယ်နေသည့်အဖြစ်ကို သတိမထားမိပါပေ။ သူ့ကို တွေ့ပါ မြင်ပါရက်နှင့် သူ့အနားက ရှောင်ဖယ်ကာ မသိသလို မကြည့်သလို မျက်နှာလေးနှင့် သူ့ကိုတွေ့ပါက လှစ်လှစ်ပါအောင် အနားမှ ရှောင်ဖယ်သွားသည့် သူမလေးကို သူသတိထားမိလာတော့ ခန့်သွေးနောင် ထိုအဖြစ်အတွက် ရင်မှာ မချင့်မရဲကြီးဖြစ်မိသည်။

တစ်အိမ်တည်းမှာ အတူနေပါရက်နှင့် မမြင်မတွေ့အောင်ပင် ရှောင်ဖယ်နေသည့် သူမကို ခန့်သွေးနောင် မျက်နှာချင်းဆိုင်ကာ မေးလိုက်ချင်ပါသည်။

သို့သော် ခန့်သွေးနောင်အနေနှင့် ထိုသို့မေးရန် အခွင့်အရေး မရှိသလောက်ပင် စံမှီမှီသည် သူ့အား မျက်နှာချင်း အတွေ့မခံခဲ့ပါ။

မတွေ့လိုက်နှင့် တွေ့လိုက်တာနှင့် ခပ်ဝေးဝေးကတည်းက ရှောင်ပုန်းသွားတတ်သော စံမှီမှီကြောင့် ခန့်သွေးနောင် ကြိတ်မနိုင်ခဲမရ ရင်ဝယ်မချင့်မရဲကြီး ဖြစ်ခဲ့ရသည့်အဖြစ်သည် သူ့အတွက် မနည်းတော့။

ကြာတော့ ခန့်သွေးနောင်သည် ထိုအဖြစ်ကို သည်းမခံနိုင်တော့သလို ဖြစ်လာရသည်။





တစ်အိမ်တည်းမှာ အတူနေပါရက်နှင့် မမြင်မတွေ့ရတာကြာပြီဖြစ်တဲ့ သူမမျက်နှာလေးကို မြင်ချင်တွေ့ချင်လာရသည်က သူ့ဘာကြောင့်ပါလိမ့်။

သေချာသည်ကတော့ ခန့်သွေးနောင်သည် စံမှီမှီမျက်နှာလေးကို မြင်ချင်တွေ့ချင်နေရခြင်းပင်ဖြစ်သည်။

ဒါကြောင့်လည်း ခန့်သွေးနောင်သည် သူမလေးအားတွေ့ဆုံနိုင်ရန် ကြိုးစားသည့်အနေဖြင့် ဒီနေ့တော့ဖြင့် သူသည် ကုမ္ပဏီသို့မသွားဘဲ အိမ်မှာသာ တစ်နေကုန်ရှိနေလိုက်သည်။

ကဲ မှတ်ပါရောလား။

သူ့ကို ဒီလောက်ရှောင်နေချင်တဲ့ သူမလေး။ အိမ်မှာ တစ်နေလုံးရှိနေမည့် သူ့ကို ကြိုးစားပြီး ကြံဖန်ရှောင်ပေတော့ဆိုသည့်စိတ်နှင့် ကိုယ့်အတွေးကို ကိုယ်ပြန်၍ သဘောတကျဖြစ်သွားရသည်။

သူ့ကိုမတွေ့ချင်ဘူးဆိုကာ စံမှီမှီသည် တစ်နေကုန် သူမအခန်းထဲကမထွက်ဘဲ နေလို့ရမည်မဟုတ်ပါ။

တစ်ချိန်မဟုတ်တစ်ချိန်မှာတော့ သူမကို သူတွေ့ရမည်ဆိုတာ ခန့်သွေးနောင်သိနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တွေ့ချင်သူ သူကသာ စောင့်ရမည်ဖြစ်သည်။ ခန့်သွေးနောင်သည် ချမ်းမြေ့ရိပ်မြုံ၏ အောက်ထပ်ဧည့်ခန်းထဲတွင် ထိုင်ရင်း ကုမ္ပဏီနှင့်ပတ်သက်သည့် အလုပ်များကို လုပ်နေလိုက်သည်။

တကယ်တော့ သူ ဒီလိုဧည့်ခန်းထဲတွင် ထိုင်နေခြင်းက သူ့အကြောင်းနှင့်သူသာ ဖြစ်လေသည်။

အောက်ထပ်ဧည့်ခန်းတွင် ခန့်သွေးနောင် ဒီလိုထိုင်နေခြင်းဖြင့် အပေါ်ထပ်မှဆင်းလာမည့် စံမှီမှီကို သူ အလွယ်တကူ မြင်တွေ့နိုင်မှာဖြစ်သလို သူ့မခြံထဲဆင်းပြန်ရန်လည်း ဒီနေရာကနေ သူလှမ်းမြင်နိုင်လေ၏။

မမြင်ရတာကြာပြီဖြစ်တဲ့ သူမမျက်နှာလေးကို သူမြင်ချင်တွေ့ချင်၍သာ ဒီလိုလုပ်ရပါသည်။ တကယ်တော့ သူဒီလိုလုပ်ရသည် ကလည်းမလွယ်။

မိန်းမတစ်ယောက်ကို မြင်ချင်တွေ့ချင်၍ သူ ယခုလို ဒုက္ခခံနေရခြင်းအဖြစ်ကို ခန့်သွေးနောင် သူ့ကိုယ်သူလည်း သဘောမထားနိုင်အားပါ။

ကိုယ်လက်ထပ်ထားသည့် ကိုယ့်မိန်းမမျက်နှာလေးကို





ကိုယ်ပြန်၍ မြင်ခွင့်တွေ့ခွင့်ရအောင် လုပ်နေရသည်ကိုပင် ခန့်သွေးနောင်မှာ ကိုယ့်ကိုကိုယ် လူပျိုပေါက်လေးတစ်ယောက်လို ရင်ခုန်စိတ်လှုပ်ရှားမှုတွေနှင့် နှလုံးသားတစ်ခုလုံး နွေးလှုံနေရသည့် အဖြစ်။

စုသဲနဲ့တုန်းကလည်း သူဒီလိုမခံစားခဲ့ဖူးသလို ဘယ်မိန်းမတစ်ယောက်အတွက်နှင့်မှလည်း ခန့်သွေးနောင် ယခုလောက် ရင်ခုန်စိတ်လှုပ်ရှားရသည့်အဖြစ်မျိုး မကြုံခဲ့ဖူးပါ။

ခုတော့ ကိုယ်တရားဝင်လက်ထပ်ထားသည့် ကိုယ့်မိန်းမကိုမှ သူပြန်၍ ပိုးနေရသလိုအဖြစ်မို့ သူ့စိတ်အစဉ်သည်လည်း မတည်ငြိမ်နိုင်တော့ပါ။

ဒါဟာဘာကြောင့်ပါလိမ့်။

ခန့်သွေးနောင်မှာ သူ့ကိုယ်သူ ဝေခွဲရခက်နေစဉ်မှာပင် အပေါ်ထပ်အခန်းထဲရှိ စံမှီမှီမှာလည်း ဒီနေ့အိမ်တွင် ခန့်သွေးနောင် နားသည်ကိုမသိဘဲ အောက်ထပ်သို့ ဆင်းလာခဲ့လိုက်သည်။

ဆံပင်ရှည်များကို နောက်တွင် ခပ်မြင့်မြင့်စုစည်းကာ ကြည်ပြာလွင်လွင် ပါတိတ်လက်ပြတ် ရင်စီခါးတိုလက်ပြတ်ဝတ်စုံလေးနှင့် မျက်နှာဝင်းဝင်းဖန့်ဖန့်လေးတွင် သနပ်ခါးရေကျဲလေး



www.burmeseclassic.com

www.burmeseclassic.com



လှုံးထားသော သူမသည် ဘာမှမပြင်မဆင်ပါဘဲနှင့်ကို အလှမှာ ရက်ရက်စက်စက် ထူးခြားနေရလေသည်။

စံမှီမှီမှာ သူမလုပ်ရမည့် အလုပ်များကို စဉ်းစားရင်း အောက်ထပ်သို့ ရောက်သည်နှင့်

"ဟင်"

စံမှီမှီမှာ မျက်ခုံးလေးပင့်ကာ အံ့ဩသွားရသည်။ ဦးခန့်သွေးနောင် သူ့ကုမ္ပဏီကို မသွားဖူးတဲ့လား။

ဧည့်ခန်းအလယ်တွင် ထိုင်နေသော ခန့်သွေးနောင်ကို တွေ့လိုက်ရသဖြင့် စံမှီမှီ အံ့ဩသွားရသာလို လူကလည်း ချက်ချင်းပင် သူ့အား ကျောခိုင်းလိုက်မည်အပြု

"စံမှီမှီ"

ဘုရားရေ။

သူ့ခေါ်သံကြောင့် စံမှီမှီ ရင်ထဲကြိတ်ကာ ဘုရားတလိုက်မိသလို သူမခြေလှမ်းလေးမှာလည်း နေရာမှမရွေ့မိဘဲ အညှို့ခံရသူတစ်ယောက်လို နေရာမှာပင် ခြေစုံရပ်နေမိသည်။

ခန့်သွေးနောင်သည် ထိုင်ရာမှထလျက် စံမှီမှီအနားသို့ လျှောက်လာပြီး





"ဘယ်သွားမလို့လဲ စံမှီမှီ"

ကြည်ပြာရောင်ဝတ်စုံလေးနှင့် အလှရက်စက်သော စံမှီမှီ၏ တစ်ကိုယ်လုံးအလှကို ခန့်သွေးနောင်သည် တစိုက်စိုက်မက်မက်ငေးကြည့်ရင်းက မေးလိုက်သည်။

"ဟင့်အင်း မသွားပါဘူး"ဟုဆိုကာ စံမှီမှီသည် အကြည်လေးလွှဲလျက် ဖြေလိုက်လေသည်။

သူမ၏ ထိုပုံစံလေးကြောင့် ခန့်သွေးနောင်ရင်မှာ မချင့်မရဲကြီးဖြစ်သွားရသော်လည်း စိတ်မှာမျိုသိပ်လိုက်ရင်းက

"ကိုယ့်အတွက် ကော်ဖီတစ်ခွက် ဖျော်ပေးပါလား စံမှီမှီ"

"ရပါတယ်"

ဖူးနုစိုအိနေသော နှုတ်ခမ်းလေးကို စေ့ထားရင်းက စံမှီမှီသည် မျက်လွှာလေးချကာ သူ့ရှေ့မှအထွက်

"ခဏ စံမှီမှီ"

သူ့ခေါ်သံကြောင့် စံမှီမှီအကြည့်လေးက သူ့ဆီ ဖျတ်ခနဲရောက်ရှိလာတော့

"ကိုယ့်အတွက် ကော်ဖီကို စံမှီမှီကိုယ်တိုင်ဖျော်ပြီး လာပို့လှည့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ခန့်သွေးနောင်သည် သူမကို ကျောခိုင်းကာ ခြံထဲသို့ ဆင်းလာခဲ့လိုက်သည်။

နောက်တွင် သူမလေး ဘယ်လိုကျန်ခဲ့မည်ကို သူမသိပါ။ သူသိသည်က သူ့အား ရှောင်ဖယ်ချင်သည့် မိန်းကလေးကို သူ့အနားက ရှောင်ဖယ်ခွင့်မရအောင် လုပ်လိုက်ရသည့်အတွက်ကိုမူ ခန့်သွေးနောင်မှာ ကျေနပ်နေရတော့သည်။

သူရှိရာခြံထဲသို့ ကော်ဖီဗန်းလေးကိုကိုင်ကာ လှမ်းလာနေသော စံမှီမှီကို ခန့်သွေးနောင် အကြည့်များ မလွှဲတမ်း ငေးစိုက်လျက် ကြည့်နေမိသည်။

သိပ်လှတာပဲဆိုသည့် စကားတွေထက် သူမလေး၏ အလှက ပြော၍မကုန်နိုင်အောင် လှပပြည့်စုံနေရသည်။

တစ်အိမ်တည်းမှာ အတူရှိနေပါရက် မမြင်တွေ့ရတာကြာပြီဖြစ်တဲ့ စံမှီမှီမျက်နှာလေးကို ခန့်သွေးနောင်သည် တစ်ခါမှ မမြင်ဖူးသူတစ်ယောက်လို ငေးမော်ကြည့်လို့မဆုံးနိုင်အောင် ရှိနေရတော့သည်။

ကြည့်နေရင်းက ဒီမိန်းကလေးသည် သူ၏ဇနီးပါလားဆိုသောအသိနှင့် ခန့်သွေးနောင် ရင်ခုန်သံတွေ မြန်လာရပြန်၏။





သူကြည့်နေဆဲမှာပင် စံမှီမှီသည် ခန့်သွေးနောင်အနားသို့ ရောက်လာကာ သူ့အနား ကော်ဖီဗန်းလေးချပေးပြီး လှည့်ထွက်မည် အလုပ်

"နေဦး"

"ရှင်"

သူ့နှုတ်မှ ရုတ်တရက် ဟန့်တားလိုက်သံကြောင့် စံမှီမှီသည် သူ့အားကြည့်လာပြီး

"ကျွန်မကို ဘာခိုင်းစရာရှိလို့လဲ၊ ဦးခန့်သွေးနောင်"

"မင်းရော ကော်ဖီသောက်ပြီးပြီလား"

"ဟင့်အင်း"

"ဟင် ဒါဆို ကိုယ်နဲ့အတူ တစ်ခါတည်း ကော်ဖီဝင်သောက်လိုက်ပါလား"

"နေပါစေ ကျွန်မ မသောက်ချင်ဘူး"

"ဘာဖြစ်လို့လဲ နေမကောင်းလို့လား"

"ကောင်းပါတယ်၊ ကျွန်မစိတ်မှာ ကော်ဖီမသောက်ချင်လို့ပါ"

"ဒါဖြင့် တခြားတစ်ခုခုစားလိုက်ဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ဒါနဲ့ ကျွန်မကိုခေါ်တာ တခြားဘာပြောစရာ ရှိလို့လဲ ဦးခန့်သွေးနောင်"

သူ့အနားမှာနေနေရသည်ကိုပင် စိတ်ကျဉ်းကျပ်နေဟန် အနေခက်ဟန်လေးနှင့် သူ့အား ရှောင်ဖယ်သွားရန်ပြင်နေသော စံမီို မီိကို ခန့်သွေးနောင်သည် ရင်ထဲ နက်ရှိုင်းတိုးဝင်သွားသည့်အထိ အကြည့်စူးစူးတွေနှင့် တနင့်တထွေးကြည့်ရင်း

"မင်းကိုကြည့်ရတာ ကိုယ့်အနားက သွားချင်နေပုံပဲ၊ ကိုယ်ထင်တာမမှားဘူးဆိုရင်ပေါ့လေ"

"အို"

သူမရင်ထဲကို ထိုးဖောက်သိနေသလိုမျိုး ပြောလိုက်သည့် ခန့်သွေးနောင်စကားကြောင့် စံမီိမီိမျက်နှာမပျက်အောင် သူမကိုယ် သူမ မနည်းထိန်းလိုက်ရလေသည်။

ဦးခန့်သွေးနောင် သူသည် သူမရင်ထဲကို လှမ်းမြင်နေသလို မျိုး ပြောလိုက်ပုံက သူမထင်တာထက်ပင် သူသည် ပို၍ပါးနပ် သူတစ်ယောက်မှန်း သိလိုက်လေ၏။

"အဟွန်း ဘယ်လိုလဲကွ၊ မေးတာမဖြေဘူးဆိုရင် ကိုယ် ပြောတာမှန်နေပြီနဲ့တူတယ်"





စံမီိမီိမှာ မျက်နှာလေးရဲခနဲဖြစ်သွားကာ ဒီလူတော့ သေတော့မှာပဲဆိုသည့် စကားကို ရင်မှာသာ ကြိတ်၍ဆိုလိုက်မိ သည်။

တကယ်တော့ သူပြောသည်ကလည်း မမှားပါပေ။ ခန့်သွေးနောင်ဆိုသည့် သူ့ကို စံမီိမီိသည် ဒီရက်တွေမှာ ရှောင်နေမိ တာတော့ အမှန်ပင်ဖြစ်သည်။

စံမီိမီိသည် သူနှင့်မျက်နှာချင်းမဆိုင်လိုလှသလို သူ့ကို ရင်ဆိုင်နိုင်ရန်လည်း သူမတွင် အင်အားများမရှိနိုင်ပါ။

သူမဘဝကို အနိုင်ယူရက်သူ နွမ်းကြွေစေရက်သူအဖြစ် ရင်မှာ နာကျင်မှုတို့နှင့် သူနှင့်အဝေးဆုံးတွင်သာ သူမရှိနေချင်သူ ဖြစ်သည်။

ဒါကြောင့်လည်း သူ့ကိုတွေ့တိုင်း သူမသည် ရှောင်ပုန်း နေတတ်လေ၏။ သူ့အရိပ်အောက်မှာ ရှိနေရပေမယ့် သူနဲ့တော့ သူမမနီးချင်ပါ။

နီးရမှာကိုလည်း သူမကြောက်မိပါသည်။

ရင်မှာ ဒဏ်ရာဒဏ်ချက်ပေါင်းတွေ ရှိထားခဲ့ဖူးသော သူ့လိုလူကို စံမီိမီိ မျက်နှာချင်းမဆိုင်ချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခု သူမအခြေအနေက သူ့အရိပ်အောက်က ရုန်းထွက်ခွင့် ထွက်ခွာခွင့်မရှိသည့်ဘဝ။

သည်လိုဘဝမှာ သူမအနေနှင့် သူနှင့်အတတ်နိုင်ဆုံး မပတ်သက်အောင် ကင်းကွာအောင် နေရန်သာရှိပါတော့သည်။

သူမ၏ဖြူစင်သည့်ဘဝလေးကို သူ့ရင်ခွင်ထဲ ဒုတိယ အကြိမ် မနွမ်းကြွေစေလိုတော့ပါ။ သိစိတ်ကြောင့်ပဲမှားမှား မသိစိတ်ကြောင့် ဘဲမှားမှား သူမကတော့ ခန့်သွေးနောင်ဆိုသည့် သူ၏ဇနီး မယားဘဝကို အမှန်ပင် ရောက်ရှိခဲ့ရပြီဖြစ်သည်။

သည်အဖြစ်ကပင် သူမရင်ကို နာကျင်စေရလေသည်။

"စံမိုမို"

"ဟင်"

"အဟွန်း ဟွန်း ဟွန်း"

"ကိုယ့်ကြောင့် အတွေးပျက်သွားပြီနဲ့တူတယ်"

"အို"

သူ့ရှေ့တွင် စံမိုမို အရှက်ရပြီးရင်း ရနေရတော့သည်။ သူခေါ်တာမကြားရလောက်အောင် အတွေးလွန်သွားရသော သူမ အဖြစ်က သူပြောသလိုပင် ဖြစ်နေရသည်။





"ညနေ ဧည့်ခံပွဲတစ်ခု သွားစရာရှိတယ်၊ အဲဒါ မင်းလိုက် ရမယ် ပြင်ဆင်ထားပါ"

သူနှင့်အတူ ဧည့်ခံပွဲသွားရမည်ဆိုသောကြောင့် စံမိုမို မျက်နှာလေးပျက်သွားရပြီး

"ကျွန်မ မလိုက်လို့မရဘူးလား၊ ဦးခန့်သွေးနောင်"

"မရဘူး"

"ရှင်"

"အဲဒီဧည့်ခံပွဲက ကိုယ့်အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်ရဲ့ ဧည့်ခံပွဲ၊ ဒီလိုပွဲမျိုးကို ကိုယ်တစ်ယောက်တည်းသွားလို့ မဖြစ်ဘူးလေ"

"ဟင်"

ရင်မောသွားရသူက စံမိုမိုဖြစ်သည်။

ရှင်နဲ့အတူ ကျွန်မ ဘယ်ဧည့်ခံပွဲမှ မသွားချင်ပါလို့လည်း သူမအနေနှင့် ငြင်း၍မရပါ။ အကြောင်းကား စံမိုမိုဆိုသည့် သူမသည် သူ၏ဇနီးသည် ဖြစ်နေသောကြောင့်ဖြစ်သည်။

"ကိုယ့်သူငယ်ချင်းတွေက မင်းကို မမြင်ဖူးကြသေးဘူး၊ ဒီတော့ ဒီဧည့်ခံပွဲမှာ ကိုယ့်ဇနီး ဘယ်လောက်လှကြောင်း ပြသွားရ

www.burmeseclassic.com

www.burmeseclassic.com



အောင် အလှဆုံးပြင်ဆင်ခဲ့ပါ''

သူ့စကားကို စံမိုမိုသည် ခေါင်းလည်းမညိတ် ခေါင်းလည်းမခါဘဲ နှုတ်ခမ်းလေးကိုက်လျက် နှုတ်ဆိတ်၍သာနေလိုက်လေသည်။

ခန့်သွေးနောင်မှာ လှသလောက် တင်းမာနေရသော စံမိုမို မျက်နှာလှလှလေးကို ရင်မောစွာကြည့်ရင်း

''မင်းကိုယ့်အနားက သွားချင်နေပြီဟုတ်လား စံမိုမို၊ မဟုတ်ဘူးလို့တော့ မငြင်းနဲ့နော်၊ ကိုယ် မင်းမျက်နှာလေးကိုကြည့်တာနဲ့သိတယ်''

သူမစိတ်ကို အပိုင်သိနေသလိုမျိုး ပြောလိုက်ပြန်တော့ စံမိုမို သူ့အား ဘာပြောရမည်မသိပါ။

''ကျွန်မ''

''သွားနိုင်ပါပြီ စံမိုမို''

''ရှင်''

''ကိုယ့်အနားက မင်းသွားနိုင်ပါပြီ''

ခန့်သွေးနောင်မှာ သူခွင့်ပြုလိုက်တာနှင့် ချက်ချင်း ဟန်ပင်မဆောင်နိုင်တော့ဘဲ ပိုက်ကွန်မှလွတ်သည့် ယုန်လေးလို သူ့





အနားမှနေ လှစ်လှစ်ပါအောင် မပြေးရုံတမယ် ခြေလှမ်းလေးနှင့် ခပ်သွက်သွက်လေး ထွက်သွားသည့် စံမိုမို၏ ပြေပြစ်လှပလွန်းသော နောက်ကျောကို ခန့်သွေးနောင်သည် အတန်ကြာ ငေးစိုက်ကြည့်ပြီးမှ

''ဟင်း''

ဝေဒနာတစ်မျိုးကြီးနှင့် နှုတ်ခမ်းကိုစေ့ကာ သက်မကိုချလိုက်မိပါတော့သည်။

စံမိုမိုမှာ ခန့်သွေးနောင်နှင့်အတူ ဘယ်ကိုမှ မသွားချင်ပေမယ့် မသွားမဖြစ်သည့်နေရာမျိုးမှာတော့ သူမသည် ခန့်သွေးနောင်နှင့်အတူ မပါမဖြစ် လိုက်ပါရလေသည်။

ယခုလည်း စံမိုမိုသည် ခန့်သွေးနောင်နှင့်အတူ ညစာစားပွဲတစ်ခုကို သွားရမည်ဖြစ်သောကြောင့် သူပြောသည့်အတိုင်း သူမကိုယ်သူမ အလှဆုံးဖြစ်အောင် ပြင်ဆင်လိုက်သည်။

ဆံပင်အားလုံးကို နောက်သို့သိမ်းကာ နောက်တွင် ခပ်မြင့်မြင့်စုစည်းထားသည်မို့ မျက်နှာလှလှလေးနှင့် လည်တိုင်သွယ်သွယ်လေး၏အလှက ရှင်းခနဲပေါ်လွင်လွန်းသလို ငွေချည်မျှင်လေးများပါသည့် အနက်ရောင်စာအား လည်ပင်းဟိုက်ဟိုက် လည်စက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကပ်ထက်အောက် ဝတ်စုံလေးက ကျော့ရှင်းလှပသွယ်လျှသော သူမ၏ ခန္ဓာကိုယ်ကောက်ကြောင်းလေးပေါ် လွှမ်းခြုံလှပနေရသလို မျက်ခုံးနက်နက် နှာတံလှလှ နှုတ်ခမ်းဖူးဖူး မျက်ဝန်းစူးစူးတောက်တောက်လေးနှင့် သူမသည် မိုးပေါ်ကနတ်သမီးလေးတစ်ပါးလို ရက်ရက်စက်စက်ကြီး လှပလွှမ်းနေရသည်။

စံမိုမိုမှာ မှန်ထဲတွင်မြင်နေရသည့် လှပနေသွေးကာ အကြည့်များမလွှဲရက်နိုင်သည့် သူမအလှကို သူမသည် မလှုပ်မယှက်ငေးစိုက်ကြည့်နေလိုက်သည်။

ဒါကိုမသိသည့် ခန့်သွေးနောင်ကတော့ အောက်ထပ်ဧည့်ခန်းတွင်ထိုင်ရင်း လက်မှာနာရီကို တကြည့်ကြည့်နှင့် စံမိုမိုဆင်းအလာကို စောင့်နေလိုက်သည်။

ခုနစ်နာရီခွဲတော့မည်။ ခုထိ အရိပ်အယောင်မှ မမြင်ရသေး ခန့်သွေးနောင် စိတ်တိုလာရသည်။

သည်နေ့ ကုမ္ပဏီတွင် တစ်နေကုန် ပင်ပန်းထားသောကြောင့် ညစ်ခံပွဲကို စောစောသွားပြီး စောစောပြန်လာမည်ဟုစိတ်ကူးထားသည့်တိုင် စံမိုမိုမှာ ယခုချိန်ထိ ပေါ်မလာသေးသောအခါ ခန့်သွေးနောင် စိတ်တိုကြီးတိုနေရတော့သည်။





အလိုမကျမှုတို့ကြောင့် မျက်မှောင်ကြီးတွန့်ကြုတ်ထားသည့်ကြားက ခန့်သွေးနောင်သည် နာရီကို နောက်တစ်ကြိမ် ကြည့်လိုက်ပြန်၏။

အပေါ်ထပ်မှ ဆင်းလာနိုး မျှော်နေသည်မှာ ယခုအချိန်ပင် ခုနစ်နာရီခွဲခဲ့ရပြီဖြစ်သည်။ သူမအရိပ်ကိုကား မမြင်ရပေ။

ခန့်သွေးနောင် သိပ်စိတ်မရှည်ချင်တော့ပါ။ ခန့်သွေးနောင်ဆိုတာ နဂိုကပင် သိပ်ပြီးစိတ်ရှည်တတ်တာ မဟုတ်ပါ။

ဒါကို သူမမသိမဟုတ် သိပါရက်နှင့် သူမအခုချိန်ထိ အပေါ်ထပ်မှ ဆင်းမလာသေးခြင်းက သူ့အား တမင်စိတ်တိုအောင်လုပ်နေသည်ပဲလား။

စောင့်ရသည့်အလုပ်ကို အမုန်းဆုံးပါဆိုသည့် ခန့်သွေးနောင် အခုလိုစောင့်နေရခြင်းကို ဘယ်လိုမှ စိတ်မရှည်နိုင်တော့ပါ။

နှုတ်ခမ်းကို တင်းတင်းစေ့ အံကိုကြိတ်ကာထားသည်မှာမေးကြောကြီးများပင် တင်းနေရလေပြီ။

ခန့်သွေးနောင်မှာ ယခုလို စောင့်နေရခြင်းကို စိတ်မရှည်ချင်တော့ပါ။

စိတ်မရှည်နိုင်တော့သည့်အဆုံး ခန့်သွေးနောင်သည်



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းများက အပေါ်ထပ် သူမရှိရာဆီသို့ တက်လာခဲ့လိုက်သည်။

စံမှီမှီမှာ သူမရှိရာအပေါ်ထပ်ဆီသို့ ခန့်သွေးနောင် တက်လာသည်ကိုမသိပါ။

မှန်ရှေ့တွင် ပုံ့ပုံ့လေးထိုင်ကာ ရှိနေဆဲမှာပင်

"ဟင် ရှင်"

အခန်းတံခါးဖွင့်သံနှင့်အတူ ရုတ်ခြည်း အခန်းထဲသို့ဝင်လာသော ခန့်သွေးနောင်ကို တွေ့လိုက်ရသဖြင့် မျက်ဝန်းလေးပြူးကျယ်ဝိုင်းစက်ကာ ထိတ်လန့်သွားပြီး လူကလည်း အလိုလိုပင်ထိုင်ရာမှ ထရပ်မိရက်သား ဖြစ်သွားရသည်။

"စံမှီမှီ မင်း"

ဒေါသတွေ ပေါက်ကွဲမတတ် အမြင့်ဆုံးဖြစ်နေရသော ခန့်သွေးနောင်သည် သူမအား ပြောလိုက်မည်ဟူသောစိတ်ကူးတွေနှင့် စံမှီမှီ အခန်းထဲသို့ရောက်ခဲ့ရာ အခန်း၏တစ်နေရာ မှန်ရှေ့တွင် ပုံ့ပုံ့လေးထိုင်လျက် ရက်ရက်စက်စက် လှပလွန်းနေရသော စံမှီမှီကိုမြင်လိုက်ရသောအခါမှာတော့

ခန့်သွေးနောင်သည် ဒေါသတကြီး မာန်တင်းလာရစဉ်





သူမအမည်လေးအား ခပ်တိုးတိုး ခပ်ကျိတ်ကျိတ်ဆိုမိသွားရပြီးနောက် သက်မတစ်ချက်ကို ခပ်ပြင်းပြင်းချလိုက်မိတော့သည်။

အံ့ဩစရာကောင်းလိုက်တာ။

သူဘာဖြစ်သွားရတာပါလိမ့်။ ခန့်သွေးနောင်မှာ သူ့ကိုယ်သူ ဘာဖြစ်သွားမှန်းလည်း မသိပါ။ သူ့အကြည့်တွေကတော့ စံမှီမှီမျက်နှာလှလှလေးထက် ရွှေးရွှေးစိုက်စိုက် ရောက်ရှိနေရသည်။

စံမှီမှီကလည်း အံ့ဩထိတ်လန့်ဟန် မျက်နှာလှလှလေးနှင့် ခန့်သွေးနောင်အား ပြန်ကြည့်နေလိုက်သည်။

နှစ်ဦးစလုံး၏ရင်ထဲတွင်တော့ ရင်ခုန်သံတွေ ဘာမြန်သလည်းမမေးနှင့် မြန်ဆန်ရသည့် ရင်ခုန်သံတွေနှင့်အတူ နှစ်ဦးသားစိတ်တွေလှုပ်ရှားနေရသည်။

သို့သော် နှစ်ဦးသား ခံစားမှု ရင်ခုန်စိတ်လှုပ်ရှားခြင်းတို့ကဖြင့် မတူပါပေ။

ခန့်သွေးနောင်အကြည့်တွေသည် ရက်ရက်စက်စက်အလှတွေထူးနေရသော စံမှီမှီအလှတွေကို မြင်ရခိုက် စိတ်ဝယ် တစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးသော ခံစားမှုတွေနှင့် ရင်ခုန်သွားရပေမယ့်။

စံမှီမှီသည်ကတော့ ခန့်သွေးနောင်နှင့်ဆန့်ကျင်ဘက် ခက်

www.burmeseclassic.com

www.burmeseclassic.com



ထန်နေသော မျက်နှာထားတင်းတင်းကြီးနှင့် ခန့်သွေးနောင်ကို ရုတ်တရက်တွေ့လိုက်ရသောကြောင့် ထိတ်လန့်အံ့ဩမှုတွေနှင့် ရင်ခုန်သွားရခြင်းဖြစ်သည်။

ခန့်သွေးနောင်သည် မျက်မှောင်ကြီးကြုတ်ကာ စံမိုမိုအား ကြည့်လိုက်ပြီး

"မင်း ဒါဘာလုပ်နေတာလဲ"

"ရှင်နော် ဘာမေးတာလဲ"

"ဘာမေးရမှာလဲကွ၊ ခု ကြည့်စမ်း၊ ဘယ်အချိန်ရှိနေပြီလဲ၊ ငါ့မှာတော့ မလာမလာနဲ့ စောင့်နေလိုက်ရတာ၊ မင်းကတော့ အားလုံးပြင်ဆင်ပြီးနေပါရက်နဲ့ အောက်ဆင်းမလာဘဲ ဒီမှာထိုင်နေတယ်၊ ဒါ မင်းဘာလုပ်တာလဲ"

"ဘာလုပ်တယ်လို့ ရှင်ထင်လို့လဲ"

"ဘာကွ"

"ရှင်နော်"

စံမိုမို၏စကားကြောင့် ခန့်သွေးနောင် စိတ်တိုသွားရသလို ခြေတစ်လှမ်းရှေ့တိုးတော့ စံမိုမိုမှာ မျက်နှာလေးပျက်ကာ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။





ခန့်သွေးနောင်မှာ သူမအဖြစ်ကို ဂရုမစိုက်ပါ။ လက်က နာရီကိုသာ တစ်ချက်ငုံ့ကြည့်ရင်း

"ဒီမှာကြည့်စမ်း ဘယ်အချိန်ရှိနေပြီလဲဆိုတာ၊ ဧည့်ခံပွဲသွားဖို့ နောက်ကျနေပြီ၊ ဧည့်ခံပွဲကို စောစောသွားပြီး စောစောပြန်လာဖို့ စိတ်ကူးထားတာ၊ ခုတော့ မင်းကြောင့် အားလုံးနောက်ကျရပြီ၊ ကဲ ပြောပါဦး၊ အားလုံးပြင်ဆင်ပြီးပါရက်နဲ့ ဘာကြောင့် အောက်ကိုဆင်းမလာသေးတာလဲဆိုတာ"

"ကျွန်မ ဒီဧည့်ခံပွဲကို မသွားချင်ဘူး"

"မင်းကိုပြောပြီးပြီလေ၊ ဒီဧည့်ခံပွဲက မသွားမဖြစ် သွားရမယ့် ဧည့်ခံပွဲဆိုတာ မင်းကိုစောင့်နေတာ ဘယ်လောက်ကြာသွားပြီလဲ၊ ကောင်းကောင်းပြောရင် ကောင်းကောင်းလက်ခံပါ၊ မဟုတ်လို့ကတော့ ငါ့အဆိုး မင်းမဆိုနဲ့၊ ကားပေါ်ကစောင့်နေမယ်၊ ငါးမိနစ်အတွင်းဆင်းလာခဲ့ပါ"

လူကို သူ့တပည့် လက်အောက်ငယ်သားလို ဆူပူကြိမ်းမောင်းသွားရုံမက ခက်ထန်သော အသံကြီးနှင့် လူကို အမိန့်ပေးသလို ဆိုသွားသော ခန့်သွေးနောင်စကားကြောင့် မကျေနပ်ဖြစ်ရသော်လည်း ဘာစကားမှ ဆိုခွင့်မရှိဘဲ လက်ကိုင်အိတ်လေးယူကာ



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်သို့ ဆင်းလာခဲ့လိုက်သည်။

ခန့်သွေးနောင်သည် ကားတံခါးကိုဖွင့်ကာ အသင့်စောင့်နေသည်မို့ စံမှီမှီသည် နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ ဖိကိုက်ရင်း ကားထဲသို့ ဝင်ထိုင်လိုက်လေသည်။

သူမကားထဲသို့ရောက်သည်နှင့် ခန့်သွေးနောင် ကားကို ခြံထဲမှ ခပ်ကြမ်းကြမ်းမောင်းထွက်လာခဲ့လိုက်သည်။

သူမတို့ ညှော်ခံပွဲသို့ရောက်သည့်အချိန် ညှော်ခံပွဲမှာ လူစည်ကားလွန်းနေရပြီဖြစ်သည်။

“ဟော ဦးခန့်သွေးနောင် လာဗျာ၊ နောက်ကျလှချည်လား၊ ကျွန်တော် ခင်ဗျားကို မျှော်နေတာ”

ချိုသာသောစကားဖြင့် ကြိုဆိုလိုက်သော ဦးသက်နောင်ကြောင့် ခန့်သွေးနောင်သည် နှုတ်ခမ်းကို စေ့ပိတ်လျက် ခပ်လွန့်လွန့် ပြုံးလိုက်ပြီး

“ဆောရီးဗျာ ဦးသက်နောင်၊ ကျွန်တော် ကိစ္စလေးတွေရှိလို့ နည်းနည်းနောက်ကျသွားတယ် ခွင့်လွှတ်ဗျာ”

“ဟား ဟား တောင်းပန်နေစရာမလိုပါဘူး ဦးခန့်သွေးနောင်ရာ၊ ကျွန်တော်က ခင်ဗျားလာရင်ပဲ ကျေနပ်တဲ့သူပါ၊ ဒါနဲ့





အမျိုးသမီးနဲ့ မိတ်ဆက်ပေးဦးလေဗျာ”

ဦးသက်နောင်မှာ ခန့်သွေးနောင်တို့အား သီးသန့်စားပွဲတွင် နေရာချပေးရင်းမှ သိပ်လှသည့် စံမှီမှီကို တစ်ချက်ကြည့်ကာ ပြောလိုက်သည်။

ခန့်သွေးနောင်မှာ ဦးသက်နောင်၏စကားကြောင့် ပြုံးသွားရပြီး

“အဟွန်း ဦးသက်နောင်နဲ့ တစ်ခါမှမကြုံဖူးဘူးနော်၊ ဒါ ကျွန်တော်အမျိုးသမီး စံမှီမှီ”

“ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော် သက်နောင်ပါ”

ကြည်စင်သောအပြုံးနှင့် ဦးသက်နောင်သည် သူ့ကိုယ်သူ စံမှီမှီအား မိတ်ဆက်လိုက်လေသည်။

စံမှီမှီမှာ အပြုံးလေးနှင့်ပင်

“ကျွန်မလည်း တွေ့ရတာဝမ်းသာပါတယ်၊ ဦးသက်နောင်”ဟုဆိုလိုက်လေသည်။ ထိုစဉ်

“ဟာ ဦးခန့်သွေးနောင်၊ ဘယ်လိုလဲ နောက်ကျလှချည်လားဗျ”



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်စီးပွားတူ ကုမ္ပဏီလုပ်ငန်းရှင်များမှ ခန့်သွေးနောင်ကို လာ၍နှုတ်ဆက်ကြလေသည်။

ခန့်သွေးနောင်သည်လည်း အပြုံးနှင့်ပင် အားလုံးကို နှုတ်ဆက်နေရာမှ

"ဘယ်လိုလဲဗျ ဦးခန့်သွေးနောင်၊ ခင်ဗျားက ခင်ဗျားဇနီးချောကို ကျွန်တော်တို့နဲ့ မိတ်မဆက်ပေးတော့ဘူးလား၊ ဒါပေါ့လေ ခင်ဗျားက ဇနီးချောရထားတဲ့သူဆိုတော့ ဒီလိုနေနိုင်ပြီပေါ့"

"အဟွန်း ဟွန်း ဟွန်း၊ ဒါပေါ့ဗျာ ခင်ဗျားတို့တွေက စိတ်ချရတဲ့သူတွေမှ မဟုတ်တာ၊ ဒါကြောင့် ကျွန်တော်ဘက်ကလည်း ကြိုကြိုတင်တင် ကာကွယ်ထားရတာပေါ့"

"ဟား ဟား ဟား"

"အဟွန်း ဟွန်း ဟွန်း"

ခန့်သွေးနောင်စကားကို အားလုံးသဘောတကျနှင့် လွတ်လပ်စွာ ရယ်မောလိုက်မိသည်။

"ကဲ ခင်ဗျားတို့သိချင်ရင် မိတ်ဆက်ပေးမယ်၊ ဒါ ကျွန်တော့်ရဲ့ဇနီး စံမှီမှီတဲ့၊ မှီလည်းမှတ်ထားနော်၊ ဒါ ကိုယ်နဲ့စီးပွားတူ လုပ်ငန်းရှင်တွေပဲ၊ ဒီဘက်က ဦးဆက်မောင်၊ သူက ဦးနိုင်ဝင်း





ဒီဘက်တစ်ယောက်ကတော့ ဦးကိုထူး၊ ဟော့တစ်ယောက်ကတော့ ဦးသာဆက် အားလုံးကိုယ့်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေပဲ"

ခန့်သွေးနောင်မှာ မိတ်ဆက်ပေးပြီး စံမှီမှီပခုံးလေးကို သူ့လက်နှင့် ခပ်တင်းတင်း သိုင်းဖွဲ့လိုက်သည်။

"အို"

စံမှီမှီမှာ မျက်နှာလှလှလေး ရဲဝသွားရသည်။ သူ ဘာလုပ်တာပါလိမ့်။

"ဦးခန့်သွေးနောင်တို့ကတော့ တကယ်ကံကောင်းပါပေတယ်ဗျာ၊ ရထားတဲ့ မိန်းမကလည်း တကယ့်ကိုငယ်ငယ်ချောချောလေးပဲ၊ ဒီလောက်လှတဲ့ဇနီးချောကို ခင်ဗျား ဘယ်ကနေ ဘယ်လိုရှာယူလာတာလဲ၊ ဟား ဟား ဟား ကျုပ်တို့ကတော့ ခင်ဗျားကို တကယ်အားကျတယ်ဗျာ"

မီးရောင်စုံအောက်တွင် နတ်သမီးလေးတစ်ပါးလို သိပ်လှလွန်းနေသော စံမှီမှီကို ပုရိသများ၏အကြည့်တွေက သိသိသာသာရော မသိမသာပါ ကျရောက်နေတာမို့ စံမှီမှီမှာ မနေတတ်တော့သလို ခန့်သွေးနောင်မှာလည်း မျက်ဝန်းညိုကြီးတွေနှင့်ကြည့်နေသည့် ကြီးငယ်မရွေး ယောကျ်ားများ၏ အကြည့်ကိုမြင်ရတော့



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ ခံရခက်ခက်နှင့် မနာလိုချင်သလိုလို အူတိုရသလိုလို။

သိပ်လှသည့် သူမလေးကို ငေးစိုက်ကြည့်နေကြသော အကြည့်တွေကြောင့်လည်း ရင်မှာ မနာလိုအူတိုမှုတွေနှင့် ခန့်သွေးနောင်သည် စံမှီမှီပခုံးလေးကို ဖျစ်ညှစ်ပြီး သူမကိုယ်လေးကို သူ့ဘက်သို့ပါအောင် ခပ်တင်းတင်းလေး ဆွဲဖက်ထားလိုက်သည်။

"ဟင်"

ရှက်သည့်စိတ်ဖြင့် မျက်နှာလေးရဲပနေရသော စံမှီမှီမှာ လူကြားထဲမှာမှ သူမကို ပိုင်စိုးပိုင်နင်း စုံဆန့်ပွေ့လားဖက်လား လုပ်နေသော ခန့်သွေးနောင်ကို စိတ်မှာကြိတ်၍ ရှက်ဒေါသများဖြစ်နေရကာ ရှက်ရှက်နှင့် သူမကိုယ်လေးကို ပြန်လည်ရုန်းယူလိုက်ပြီး တင်းတင်းဆုပ်ထားသည့် သူမပခုံးပေါ်မှ သူ့လက်များကို မသိမသာနှင့် စံမှီမှီ ဖယ်ရှားနေလေသည်။

သူမ သူ့ရင်ခွင်ထဲက ရုန်းထွက်နေတာရော သူ့လက်များကို ဖယ်ရှားနေတာကိုပါ ခန့်သွေးနောင် မသိမဟုတ် သိပါသည်။ သိ၍လည်း သူဒေါသတွေဖြစ်နေရခြင်းဖြစ်သည်။

သူမှာတော့ သူမကြောင့် ရင်မှာ အခံရခက်ခက် မနာလို အူတိုတွေ ဖြစ်နေရသလောက် သူမကတော့ သိပ်လှသည့်သူမကို





လူတွေဝိုင်းကြည့်နေသည်ကိုပင် သဘောကျ၍လားမသိပါ။ သူနှင့် ပတ်သက်ရမှာ ကြောက်သလို ခပ်ခွာခွာ သူနှင့်နေချင်သောသူမကို ခန့်သွေးနောင် တမင်ပင်ပို၍ တိုးဖက်ထားလိုက်သည်။

ဒါကို သူ့မိတ်ဆွေများမှ သဘောကျသလို

"ဦးခန့်သွေးနောင် ခင်ဗျားဗျာ ကျုပ်တို့ရှေ့မှာ သိပ်သည်းပြမနေပါနဲ့၊ ခင်ဗျားတို့စုံတွဲကိုကြည့်ပြီး ကျုပ်တို့လည်း အိမ်က မယောသီတွေကို သတိရလာရင်တော့ မလွယ်ဘူးနော်"

"အပွန်း ပွန်း သည်းရတာပေါ့ဗျာ၊ ကျုပ်ဇနီးက ကျုပ်အတွက် ဘယ်လောက်ထိ အဖိုးတန်လည်းဆိုတာ ခင်ဗျားတို့မှ မသိဘဲ"

"ဟား ဟား ဟုတ်ပါပြီဗျာ ဟုတ်ပါပြီ၊ ခင်ဗျားတို့စုံတွဲက တကယ်လိုက်တဲ့စုံတွဲ၊ နတ်ရေးတဲ့ဖူးစာဆိုတာ ခင်ဗျားတို့ဇနီး၊ မောင်နှံကိုပြောတာပဲနေမှာ"

တစ်ယောက်တစ်မျိုး ဝိုင်းပြောနေသည့် မိတ်ဆွေများ၏ စကားကြောင့် ခန့်သွေးနောင် ရင်အစုံသည် လှုပ်ရှားလာရကာ အနေခက်ခက်ကြီး ဖြစ်လာရသည်မို့ စံမှီမှီကိုကြည့်လိုက်တော့ သူမသည်လည်း ရဲပနေသော မျက်နှာလေးနှင့် အနေခက်ရှာနေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ခန့်သွေးနောင်မှာ စံမှီမှီကိုကြည့်ပြီး သနားလည်းသနား ရင်မှာ တလှပ်လှပ်နှင့်လည်း လှိုက်ဖိုလာရသည်။

သူ့မိတ်ဆွေ အပေါင်းအသင်းများပြောသလို စံမှီမှီ သိပ်လှ နေတာကိုလည်း ခန့်သွေးနောင်သိပါသည်။

သိ၍လည်း သူဒီလိုခံစားနေရခြင်းဖြစ်သည်။ ဘာကြောင့် သူဒီလိုခံစားရသည်ကို မသိပေမယ့် ခန့်သွေးနောင်သည် ထိုခံစား မှုကို ရင်မှာ ကျေနပ်ရသလိုလို။

ဦးသက်နောင်၏ဇနီးမှာ စံမှီမှီကို အမျိုးသမီးဝိုင်းဆီ ခေါ်သွားကာ မိတ်ဆက်ပေးနေသလို ခန့်သွေးနောင်တို့ ယောကျ်ား ဝိုင်းမှာလည်း အမျိုးသားများချည်း လွတ်လွတ်လပ်လပ်မို့ အသောက်လေးများ ပါလာရပြီဖြစ်သည်။

မိတ်ဆွေများဆုံတုန်း လွတ်လွတ်လပ်လပ် ပြောကြဆိုကြ စားသောက်ကြနှင့် ခန့်သွေးနောင်မှာ အရှိန်လေး အတော်ရလာရပြီ ဖြစ်သည်။

သူ့အကြည့်များက စံမှီမှီရှိရာသို့ ရောက်ရှိသွားတော့ အများ ကြားတွင် ရှင်းလင်းသော အလှတွေနှင့် တခြားအမျိုးသမီးများနှင့်





မတူ ထူးခြားစွာ လှလွန်းနေသော စံမှီမှီ၏မျက်နှာလှလှလေးကို တွေ့ရလေသည်။

ပြန်ရန်ပြင်လိုက်တိုင်း သူ့အား ဆွဲထားသည့် မိတ်ဆွေ များကြားက နောက်ဆုံး ခန့်သွေးနောင်သည် အတင်းပင်နှုတ်ဆက် ကာ ပြန်လာခဲ့ရသည်။

မပြန်လို့လည်းမရတော့။ မိတ်ဆွေများ အတင်းတိုက်လိုက် တာကြောင့် ခန့်သွေးနောင် အတော်ပင် မူးနေရပြီဖြစ်သည်။

အပြန်တွင်လည်း အလာတုန်းကလို ခန့်သွေးနောင်နှင့် စံမှီမှီသည် နှစ်ဦးသား ဘာစကားမှမဆိုဘဲ နှုတ်ဆိတ်လျက် အိမ် သို့ရောက်ခဲ့ရ၏။

စံမှီမှီသည် ကားပေါ်ကဆင်းပြီးကတည်း ခန့်သွေးနောင် ရှိရာကို တစ်ချက်မှမကြည့်တော့ဘဲ အပေါ်ထပ်ဆီသို့သာ တက်လာ ခဲ့လိုက်သည်။

စိတ်ထဲတွင်တော့ ဒီနေ့မှ ထူးထူးခြားခြား သူ့မအပေါ် ပိုင်စိုးပိုင်နင်းဆန်သော အပြုအမူတွေနှင့် ဆက်ဆံနေသော ခန့်သွေး နောင်ကို စံမှီမှီသည် စိတ်ဝယ် မကျေနပ်သလို ဒေါသဖြစ်သလိုနှင့် စိတ်မှာ မကြည်လင်နိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



မကြည်လင်သည့်စိတ်ကြောင့်လည်း စံမှီမှီ သူ့ကိုမကြည့်တော့ဘဲ သူမအခန်းဆီသို့ ဝင်လာခဲ့လိုက်သည်။ အခန်းထဲရောက်သည်နှင့် စိတ်မှာ ကျဉ်းကျပ်ရသလို သူမကိုယ်ပေါ်မှ အဝတ်အစားများကို လဲလိုက်လေသည်။

ညအိပ်တော့မည်မို့ စပန့်ဂါဝန်လက်ပြတ်လေး ဝတ်လိုက်ပြီးနောက် စံမှီမှီသည် သူမမျက်နှာပေါ်မှ မိတ်ကပ်များကိုဖျက်ရန် ရေချိုးခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

စိတ်မှာ မကြည်မလင်ဖြစ်ခဲ့ရသမျှ ရေအေးအေးလေးနှင့် ထိတွေ့လိုက်တာနှင့် ခဏချင်းဆိုသလို လူကလည်း လန်းဆန်းသွားရသည်။

မျက်နှာပေါ် သီခိုနေသော ရေစက်ရေပေါက်လေးများကို တဘက်လေးနှင့် ခပ်ဖွဖွပွတ်သုတ်ရင်း စံမှီမှီသည် ရေချိုးခန်းမှ ထွက်အလာ

"အမေ့"

"ဟင်"

စံမှီမှီသည် ရင်တွေတဒိတ်ဒိတ် ခုန်သွားရသည့်အထိ အံ့ဩသွားရသည်။ ဦးခန့်သွေးနောင် သူဘယ်လိုလုပ် သူမအခန်းထဲ





ရောက်နေတာပါလိမ့်။

သူမအိပ်ရာပေါ် စန့်စန့်ကြီး လှဲအိပ်နေသော ခန့်သွေးနောင်ကိုကြည့်ပြီး စံမှီမှီမှာ အံ့ဩရလွန်းသောကြောင့် နှုတ်ခမ်းလေးဖွင့်ဟသွားရတဲ့အထိပင်။

ကြည့်ရတာ ဦးခန့်သွေးနောင် မူးမူးနှင့် အခန်းမှားကာ ဝင်အိပ်နေဟန်တူပါ၏။

ခက်ပြီ သူက အခန်းမှားပြီးဝင်အိပ်တာက အရေးမကြီး အရေးကြီးသည်က သူမ သူ့ကို ဘယ်လိုနှိုး၍ ပြောရမည်မသိပါ။

ခန့်သွေးနောင်ကိုကြည့်လိုက်တော့လည်း သူသည် အိပ်ရာပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေသည့်ဟန်။

မနိုးဘဲနှင့် သူ့ကို ဒီအတိုင်းထားလို့ကလည်းမဖြစ်။

တခြား နေရာကို သူမသွားအိပ်လို့ရပေမယ့် စံမှီမှီသည် ကိုယ့်အိပ်ရာက လွဲပြီး တခြားအိပ်တတ်သူမဟုတ်ပါ။

အိပ်လို့ရသည်ထား အိပ်ပျော်နိုင်မည်မဟုတ်။

အိပ်ရာ အပြောင်းအလဲလုပ်တိုင်း သူမ အမြဲအိပ်ရေးပျက်ခဲ့ရသူဖြစ်သည်။

စံမှီမှီသည် ခန့်သွေးနောင်အနီးသို့ မဝံ့မရဲလေး တိုးကပ်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး

"ဒီမှာ ဒီမှာ ဦးခန့်သွေးနောင်"

သူမခေါ်ပေမယ့် ခန့်သွေးနောင်သည်က မကြားသလို။ စံမှိုမှိုမှာ စိတ်ညစ်ရလွန်းသောကြောင့် မျက်နှာလေး ငိုမဲ့မဲ့ဖြစ်လာရသည်။

"ဦးခန့်သွေးနောင် ရှင့်ထပါဦး"

စိတ်ညစ် စိတ်ပျက်နေဟန် မျက်နှာလေးနှင့် စံမှိုမှိုသည် ခန့်သွေးနောင်ကိုယ်ကြီးကို မဝံ့မရဲလှုပ်ကာ နှိုးလိုက်တော့

"မှို မှိုရယ်"

"ဟင်"

"အို"

ရုတ်ခြည်း စံမှိုမှိုသည် အငိုက်မိသွားရပါတော့သည်။ ဖျတ်ခနဲ သိုင်းပွေ့လာသော တင်းကျပ်လွန်းသည့် အပွေ့အဖက်များကြားတွင် စံမှိုမှိုမှာ အံ့သြမှုတွေနှင့် မရုန်းသာမလွန်းသာနိုင်တော့ဘဲ ခန့်သွေးနောင်ရင်ခွင်ကျယ်ကြီးထဲ လူက လုံးလုံးလျားလျား ရောက်ရှိသွားရတော့သည်။

စံမှိုမှိုမှာ ရှက်လန့်တုန်လှုပ်မှုတွေနှင့် ခန့်သွေးနောင်ရင်ခွင်





ထဲက ရုန်းနိုင်သမျှ ရုန်းထွက်ရင်း သို့လှည့်စားမှုအောက် ရောက်ရှိသွားရသည့် သူမကိုယ်သူမလည်း နောင်တရ၍မဆုံးနိုင်တော့ပါ။

ဒါ သူတမင်ကြိုတင်ကြံစည်မှုဆိုတာ သိလိုက်ရတော့ စံမှိုမှိုသည် သူမ၏ညံ့ဖျင်းမှုအတွက် ရင်မှာ နာကျင်သွားရသည်။

သူ့နှုတ်မှ ဗလုံးဗထွေးစကားတွေဆိုနေပေမယ့် စံမှိုမှိုမကြားနိုင်တော့ပါ။

သူ့ရင်ခွင်ထဲတွင် စံမှိုမှိုတစ်ကိုယ်လုံး မွန်းကျပ်နေရကာ။ သူမ အတင်းရုန်းထွက်နေပေမယ့် ခန့်သွေးနောင်ကတော့ လုံးဝမလွှတ်ဘဲ သူမကိုယ်လေးကို ရင်ခွင်ထဲဆွဲသွင်းကာ တင်းတင်းကျပ်ကျပ်ကြီး ထွေးဖက်ထားလိုက်ရင်း အနမ်းတွေက သူမထံ ကျရောက်နေရတော့သည်။

"အို ဦးခန့်သွေးနောင်၊ ရှင် ရှင် လွှတ် လွှတ်ပါ"

"ရှင်နော် လွှတ်ဆိုတာ"

"အို အို"

"မှိုရယ်"

"ရှင်"

ရင်တွေတဒိတ်ဒိတ်နှင့် စံမှိုမှိုနှလုံးခုန်သံတွေ မမှန်တော့



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ငိုရင်း ရှိုက်ရင်း တွန်းထိုးရင်းကပင် စံမိုမိုသည် မျက်ရည်ကို သာ အဖော်ပြုလျက် အရှုံးပေးလိုက်ရတော့သည်။

● ● ●

# အခန်း (၁၀)

"မသန်းရေ ကြက်ကိုင်ပြီးရင် မိုကို ပြေပ်ကောင်းလေး ထောင်းပေးပါဦးနော်"

"ဟုတ်ကဲ့မမလေး"

အဖော်မိန်းကလေးဖြစ်သည့် မသန်းကို စံမိုမိုသည် ပြော ရင်းက လက်ကလည်း အလုပ်တွေတစ်ခုပြီးတစ်ခု လုပ်နေလိုက် သည်။

"မမလေးနားပါဦး၊ မမလေး လုပ်ချင်တာရှိရင်ပြော မသန်းအားလုံး လုပ်ပေးပါ့မယ်"

နဖူးပေါ်ချွေးလေးတွေစို့လျက် အလုပ်တွေတစ်ခုပြီးတစ်ခု လုပ်နေသော စံမိုမိုကို မသန်းသည် ကရုဏာသက်စွာ ကြည့်နိုင်း



www.burmeseclassic.com

www.burmeseclassic.com



က ပြောလိုက်တော့ စံမှီမှီမှာ ပြုံးလိုက်ကာ

"မသန်းရယ် မသန်းလည်းလုပ်နေတာပဲဟာ၊ မှီ ဒီလောက်လုပ်တာနဲ့တော့ မပင်ပန်းပါဘူး၊ ပြီးတော့ မသန်း အစ်ကိုလေးအကြောင်းလည်း မသန်းအသိဆုံးပဲဟာ"

"အင်း မမလေးပြောတာလည်း ဟုတ်ပါတယ်၊ အစ်ကို လေးက မမလေးလက်ရာကလွဲပြီး တခြားသူလက်ရာ စားတတ် တော့တာ မဟုတ်တော့ဘူး"

မသန်းစကားကို စံမှီမှီသည် ဘာမှပြန်မပြောဘဲ ငြိမ်နေ လိုက်လေသည်။ တကယ်တော့ မသန်းပြောသည်မှာလည်း မမှား ပါပေ။

ခန့်သွေးနောင်သည် ချမ်းမြေ့ရိပ်မြုံသို့ စံမှီမှီရောက်လာပြီး ကတည်းက သူမချက်သည့်လက်ရာများကလွဲ၍ တခြားသူချက် သည့် လက်ရာများကို မစားတတ်တော့ပါ။

စံမှီမှီလက်ရာ သူမစားရသည့်နေ့များတွင် ခန့်သွေးနောင် မျက်နှာကြီး တစ်ခုခု အလိုမကျသလို ဖြစ်နေတတ်ပြီး အကြောင်း မရှိအကြောင်းရှာကာ တစ်စုံတစ်ရာကို အပြစ်ရှာတတ်သလိုမျိုး လုပ်တတ်သူလည်းဖြစ်သည်။





ကြာတော့ ခန့်သွေးနောင်အကြောင်းကို စံမှီမှီသာမက မသန်းနှင့်တကွ အလုပ်သမားအားလုံးကပင် သိနေရပြီဖြစ်သည်။

ဒါတင်လားဆိုတော့ မဟုတ်သေးပါ။

ခန့်သွေးနောင်မှာ ထမင်းစားလျှင် သူ့အနားမှာ စံမှီမှီရှိနေ မှ ကျေနပ်တတ်သူဖြစ်သည်။ ဒါက သူမ ချမ်းမြေ့ရိပ်မြုံကို စရောက်ကတည်းကဖြစ်သည်။

အပြင်ကကြည့်လျှင်တော့ ခန့်သွေးနောင်နှင့် စံမှီမှီ၏ အိမ် ထောင်ရေးသည် ပျော်ရွှင်ကြည်နူးခြင်းအတိနှင့် ပြီးပြည့်စုံသည့် အိမ် ထောင်ရေးလို့ ထင်ရပေမယ့် တကယ်တမ်း ထိုသို့မဟုတ်တာကို လည်း စံမှီမှီနှင့်ခန့်သွေးနောင်သာ သိပါ၏။

သူတို့နှစ်ဦး၏ အတွင်းကျကျ ဆက်ဆံရေးကိုတော့ အပြင် လူ မသိစေရအောင် ခန့်သွေးနောင်ရော စံမှီမှီပါ ထိန်းထားတတ်သူ များဖြစ်သည်။

ဒါကြောင့် သူတို့နှစ်ဦး၏ အိမ်ထောင်ရေး အခြေအနေမှန် ကို ဘယ်သူမှ မရိပ်မိ မသိကြပေ။

အများ၏အမြင်တွင် သူတို့နှစ်ဦးသည် တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြသည့် သူနှစ်ဦးအဖြစ်သာ သိကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အခုလည်း စံမှီမှီသည် ခန့်သွေးနောင်ပြန်လာလျှင် အသင့်စားနိုင်ရန်အတွက် ကောင်းမည့်ထင်သည့် ဟင်းများကို သူမကိုယ်တိုင် မဆောနိုင် မပန်းနိုင် ချက်ပြုတ်နေသည်မှာ တစ်မျိုးပြီးတစ်မျိုးပင်။

စံမှီမှီမှာ ခန့်သွေးနောင်အပေါ် စေတနာတွေထားနေမှန်း သူမကိုယ်သူမလည်း သတိမထားမိ။

မှုန်ညက်နွေးသော အပြစ်ဆိုရက်စရာမရှိ လှရက်နိုင်လွန်းသော စံမှီမှီသည် လူကလည်း သိပ်လှသလို စိတ်ကလည်း လှကအပြိုင် လှပလွန်းပါလားဆိုသော အတွေးဖြင့် မသန်းသည် စံမှီမှီကို အားကျသလို ငေးစိုက်ကြည့်ရင်းမှ

"မမလေးက သိပ်ကံကောင်းတာပဲနော်"

"ဘာတွေကံကောင်းတာလဲ၊ မသန်းရဲ့"

"ကံကောင်းတာပေါ့ မမလေးရဲ့၊ မမလေးက လူကလည်းချော၊ စိတ်ကလည်းလှ၊ ပြီးတော့ ယောကျ်ားကလည်း ကိုယ့်ကို မျက်စိအောက်က အပျောက်မခံတတ်တဲ့လူ၊ မမဒီလောက်ကံကောင်းရပါ့ဦးမလား"





ဘာမှမသိသည့် မသန်းက သူထင်ရာသူပြောနေပေမယ့် ကိုယ့်အကြောင်းကိုယ်သာ အသိဆုံးဖြစ်သည့် စံမှီမှီကတော့ မချိပြုံးကလွဲလို့ ဘာစကားမှ မဆိုမိပါ။

မဖြစ်မနေ လက်ထပ်ခဲ့ရသည့် မိန်းမတစ်ယောက်ကို မလွဲသာလို့ လက်ထပ်ခဲ့ရသည်ကလွဲပြီး ချစ်စကားတစ်ခွန်းမဆိုဘဲ သူမဘဝကို သိမ်းပိုက်အနိုင်ယူသွားသည့် ဒီအဖြစ်တွေကို ဘယ်သူတွေက သိနိုင်မှာတဲ့လဲလေ။

မိန်းမတစ်ယောက်အဖို့ ယောကျ်ားတစ်ယောက်ရဲ့ ချစ်ခြင်းတွေ ဥပေက္ခာပြုခံရတာလောက် ကံဆိုးတာ ဘယ်မှာရှိနိုင်မှာလဲ။

နင့်ခဲကြေကွဲသွားရသည့် စိတ်ကို ပြန်အားပေးရင်း စံမှီမှီသည် နောက်ဆုံးပြင်ရန်ကျန်တော့သည့် ဟင်းကို လက်စသတ်လိုက်ပြီး

"မသန်း"

"ရှင် မမလေး"

"မှီကို ဒီဟင်းအိုးလေး ကြည့်ထားပေးပါဦးနော်၊ မှီရေသွားချိုးမလို့"

"သွား သွား မမလေး၊ မသန်းအားလုံး ကြည့်လုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်"

စံမှီမှီမှာ မသန်းအနားက တမင်ပင် ရှောင်ထွက်လာလိုက်ခြင်းဖြစ်သည်။ သူမ အိမ်ထောင်ရေးအကြောင်း စဉ်းစားလိုက်တိုင်း စံမှီမှီရင်ထဲ နင့်ဖြာသွားတတ်သည်မှာ ယခုမှမဟုတ်တော့။

ကိုယ့်ကိုကိုယ် ဘာရယ်ဆိုတာ သေချာမသိနိုင်သည့် အနေအထားနှင့်ပင် စံမှီမှီ သူမဘဝကို သူမ ကျေနပ်နေရသည့်အဖြစ်။

ဝေ့ဝဲလာသော မျက်ရည်စများကို စံမှီမှီ မျက်တောင်ရှည်ကြီးနှင့် ပုတ်ခတ်သိမ်းဆည်းလိုက်ကာ ရေကို ခပ်မြန်မြန်ချိုးလိုက်သည်။

ကိုယ့်ဘဝကို ကိုယ်နာကျင်ကြေကွဲရသော်လည်း စံမှီမှီမှာ နာကျင်မှုတွေနှင့် ရပ်တန့်နေလို့မရပါ။

အိမ်ထောင်ဇနီးသည်တစ်ယောက်ဆိုသည့်အတိုင်း ချစ်လို့ပဲဖြစ်ဖြစ် မချစ်လို့ဘဲဖြစ်ဖြစ် ဘယ်လိုအကြောင်းကြောင့်နှင့်ပဲ လက်ထပ်ခဲ့ဝါစေ ကိုယ်လက်ထပ်ခဲ့သည့် ခင်ပွန်းသည်တစ်ယောက်အပေါ်မှာတော့ ဇနီးကောင်းပီသစွာ သူမဘက်က တာဝန်ကျေချင်ပါသည်။

ထိုခံယူချက်အတိုင်းလည်း စံမှီမှီသည် သူမဘက်က ဘာ





တာဝန်ဝတ္တရားမှ မပျက်စေခဲ့ရပါ။

ရေချိုးပြီး သနပ်ခါးပါးပါးလေးကို လိမ်းလိုက်သည်။ ဒီနောက် ပန်းသွေးရောင်ဖျော့ဖျော့ ဆေးရေးပါတိတ်တစ်ပတ်နွမ်းလေးကို ဝတ်ဆင်လိုက်ပြီး ဆံပင်ရှည်များကို အလယ်တွင် စုစည်းချည်ကာ အောက်ထပ်သို့ဆင်းလာခဲ့သည်။

သူမအောက်ထပ်သို့ရောက်တော့ မသန်းသည် လုပ်စရာရှိတာများကို အားလုံးလုပ်ပြီးသွားရပြီဖြစ်သည်။

"အားလုံးပြီးပြီ မမလေး၊ ဟင်းချိုအိုးက စားခါနီးမှ အရွက်ထည့်လိုက်ရုံပဲ"

"သူလာမှပဲ ထည့်တာပေါ့ မသန်း၊ ကြက်သားကရော မိုပြောသလိုလုပ်ရဲ့လား"

"မမလေးမှာခဲ့တဲ့အတိုင်းပါပဲ၊ ဒီနေ့တော့ မမလေးလက်ရာနဲ့ အစ်ကိုလေး ထမင်းစားကောင်းမှာ မြင်ယောင်သေးတယ်၊ ယော ပြောရင်းဆိုရင်း အိမ်ရှေ့မှာ အစ်ကိုလေးကားသံကြားတယ် မမလေး"

မသန်းကြားသလို စံမှီမှီလည်းကြားပါသည်။ ကြားပြီးလည်း စံမှီမှီသည် အိမ်ရှေ့သို့ ထွက်လာခဲ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေချက်နေတာလဲ မို"

သနပ်ခါးနံ့သင်းသင်းလေးက ခန့်သွေးနောင်ရင်ကို ကြည်လင်လန်းဆန်းသွားရစေသည်။

အရယ်အပြုံးကင်းစင်နေသည့် မျက်နှာလှလှလေးနှင့် စံမှီမှီသည် ခန့်သွေးနောင်ကိုကြည့်လိုက်ပြီး

"ဦးခန့်သွေးနောင်အကြိုက် ကြက်သားကို ချိုချဉ်ပေါင်းထားတယ်"

"ဟာ ဒါဆို ကိုယ်တော့ ဒီနေ့ထမင်းစားကောင်းတော့မှာပဲ"

"စားတော့မလား၊ ရေချိုးဦးမလား"

"မနက်ကချိုးပြီးပြီ၊ ဗိုက်ဆာလာတယ် ထမင်းပဲစားတော့မယ်"

"ဒါဆိုခဏနော် ကျွန်မ ထမင်းပွဲပြင်လိုက်ဦးမယ်"

"ကိုယ်လည်းကူမယ်လေ"

နေပါစေပြောလည်း ရမည့်လူမဟုတ်ဆိုတာ စံမှီမှီသိသည်မို့ သူ့အားမတားတော့ဘဲ ထမင်းပွဲကို ပြင်လိုက်လေ၏။

"ဟင်းတွေကလည်း စုံလို့ပါလား၊ အားလုံး ကိုယ့်





အကြိုက်တွေချည်းပဲ၊ မှီရောတစ်ခါတည်းစားလေ"

"ဟင့်အင်း ကျွန်မ မစားချင်သေးဘူး"

"ဟာကွာ မဟုတ်တာ၊ ကိုယ်တစ်ယောက်တည်း ဘယ်လိုလုပ် စားဝင်မှာလဲ၊ မရဘူး တစ်ခါတည်းဝင်စား"

ခန့်သွေးနောင်ဆိုတာ ဒီလိုလူမျိုးဖြစ်သည်။

တစ်ဖက်လူ၏ဆန္ဒ ဘယ်လိုရှိသည်ကို သူမတွေးတတ်ဘဲ သူဖြစ်ချင်တာ သူလုပ်ချင်တာကိုသာ တွေးတတ် လုပ်တတ်သူဖြစ်သည်။

သူတစ်ယောက်တည်း ထမင်းမစားတတ်သည်ကို စံမှီမှီသိပါသည်။ သိပေမယ့် စံမှီမှီသည် ထမင်းစားချင်စိတ်မရှိ။ ရင်မှာပြည့်နေသလိုလိုနှင့် ထမင်းဟင်းနံ့များကို မခံချင်သလိုဖြစ်နေရသည်။

ဒါကလည်း ခုတလော သူမဖြစ်နေသည့် ရောဂါပင်ဖြစ်သည်။ ထမင်းဟင်းများကို ကိုယ်တိုင်ချက်ပြုတ်နေရပေမယ့် စံမှီမှီ ဟင်းနံ့ထမင်းနံ့များကို မခံနိုင်ပါ။

သို့သော်လည်း သူမလက်ရာမဟုတ်လျှင် မစားတတ်သည့် ခန့်သွေးနောင်ကြောင့် စံမှီမှီသည် ထမင်းဟင်းနံ့များကို ကြိတ်မှိတ်သည်းခံကာ ချက်နေရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ပြီးသားဆိုတော့လည်း စံမှီမှီမစားချင်တော့ပါ။ စားလို့ကလည်း ဘယ်လိုမှ မဝင်နိုင်။

ထမင်းစားပွဲရှေ့တွင် ထိုင်နေရပေမယ့် လူက ထမင်းဟင်းများကို ခုထိမတို့မထိသေး။

ခန့်သွေးနောင်ကတော့ သူ့အကြိုက်ဟင်းများမို့ ခေါင်းမဖော်တမ်း စားနေလေတော့သည်။

"ဟင် မှီ ထမင်းလည်းမစားသေးပါလား"

"ဟုတ်တယ် ကျွန်မ မစားချင်ဘူး"

"ဘာဖြစ်လို့လဲမှီ၊ နေမကောင်းလို့လား"

ခန့်သွေးနောင်မှာ စံမှီမှီမျက်နှာလေးကို စိုးရိမ်စွာကြည့်ရင်း မေးလိုက်သည်။

"ကောင်းပါတယ်၊ ကျွန်မ မဆာသေးလို့နဲ့တူပါတယ်၊ ဦးခန့်သွေးနောင်စားပါ၊ ဆာမှ နောက် ကျွန်မစားလိုက်ပါမယ်"

စံမှီမှီမှာ သူ့အား အကြောင်းစုံရှင်းပြမနေတော့ပါ။ ရှင်းလိုက်မှ ပိုရှုပ်သွားမည့်အဖြစ်မျိုးလည်း သူမ မလိုချင်။

"နေကောင်းတယ်ဆိုတာ ဟုတ်ရဲ့လားကွာ၊ မဟုတ်ရင် ကိုယ်ဆေးခန်းလိုက်ပြပေးမယ်"





"ဟင့်အင်း နေပါစေ ဦးခန့်သွေးနောင်၊ ကျွန်မဘာမှမဖြစ်ပါဘူး"

"ခု မစားချင်သေးရင် ဆာတဲ့အချိန်မှာတော့စားနော်၊ မစားဘဲနဲ့တော့မနေနဲ့"

စိတ်မချသလိုမှာနေတာကြောင့် စံမှီမှီ ခေါင်းညိတ်ပြလိုက်သည်။

"မှီလက်ရာ ကိုယ်တော့ အရမ်းစားလို့ကောင်းတာပဲ၊ အဟွန်း ဒီပုံနဲ့ဆို ကိုယ်တော့ မကြာခင် ဝိတ်တက်လာမှာသေချာတယ်"

သူ့စကားကြောင့် စံမှီမှီပြုံးလိုက်မိလေသည်။

"မပြုံးနဲ့ဗျာ ကိုယ်တကယ်ပြောတာ၊ မှီလက်ရာကလွဲပြီး ကိုယ် တခြားဘယ်မှာမှ မစားတတ်တော့ဘူး"

စံမှီမှီမှာ သူမအား တစ်ခါမှ ဒီလိုစကားမပြောဖူးသော ခန့်သွေးနောင်ကိုကြည့်ကာ အံ့သြနေရသည်။

မီးခိုးရောင်ဘောင်းဘီရှည် တီရှပ်ကြက်သွေးရောင်နှင့် သူ့ပုံသည် သူမမျက်စိထဲ ကြည့်၍ကောင်းနေရသည်ကိုတော့ သူမဝန်ခံရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



စံမီမီ သူ့ထံမှ အကြည့်မလွှဲရသေး။ ဖျတ်ခနဲ သူမထံ ရောက်ရှိလာသည့် သူ့အကြည့်ရူးရူးနှင့်ဆုံသွားရတော့ ရင်ခုန်သံ တွေမြန်သွားရသည်။

"အို"

ရုတ်ရုတ်နှင့် စံမီမီသည် အကြည့်များ ဖျတ်ခနဲလွှဲလိုက်သလို ခန့်သွေးနောင်မှာလည်း သူ့အားကြည့်နေသည့် စံမီမီအကြည့်တွေကြောင့် အံ့ဩသွားရာမှ စိတ်မှာ သဘောတကျနှင့် ပြုံးလိုက်မိလေသည်။

သူ့အပြုံးကြောင့် သူမ ပို၍ရှက်သွားရသည်ကိုသိတော့ ခန့်သွေးနောင်သည် အရှက်သည်းနေရှာသူလေးကို သနားသွားရကာ…

"ကိုယ်အလုပ်ပြန်ရဦးမယ်၊ သွားတော့မယ်"ဟုဆိုကာ စံမီမီအနားမှ ထွက်လာခဲ့လိုက်သည်။ သူထွက်သွားမှ စံမီမီသည် သက်ပြင်းချနိုင်တော့လေ၏။

စံမီမီတစ်ယောက် သူမအခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်းမှ တစ်စုံတစ်ရာကို လေးနက်စွာ တွေးနေလိုက်လေသည်။



အခုတလော သူမနေထိုင်ရသည်က တစ်မျိုးကြီးဖြစ်နေသလို။ ထမင်းဟင်းနံ့များကိုလည်း သူမအနေနှင့် လုံးဝပင် အနံ့ မခံနိုင်အောင် ဖြစ်နေရသည်က ဘာကြောင့်ပါလိမ့်။

ဘာဖြစ်နေသည်ဆိုတာကို သူမကိုယ်သူမလည်း စံမီမီသည် မစဉ်းစားတတ်ပါ။ သူမအနေနှင့် တစ်ခါမှလည်း ဒီလိုဝေဒနာမျိုး မခံစားဖူးခဲ့။ ခုမှ ဒီရက်ပိုင်းမှာမှ သူမ ဒီလိုဝေဒနာ ခံစားနေရခြင်းဖြစ်သည်။

ဘာမှမစားဘဲနဲ့လည်း ရင်ထဲမှာ ပြည့်နေသလိုလို။ ထမင်းနံ့ ဟင်းနံ့များကိုပင် မခံနိုင်ဘဲ အန်ချင်ရသလိုနှင့် သူမရင်ထဲ ဘာရောဂါတွေ ခံစားနေရမှန်းလည်း စံမီမသိပါ။

ဦးခန့်သွေးနောင် ဆေးခန်းလိုက်ပြမည်ဆိုပေမယ့် စံမီမီသည် သူနှင့်အတူမသွားချင်ပါ။

ဘာရောဂါလို့ သေချာမသိသေးတဲ့ အနေအထားမှာ စံမီမီသည် ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်။

သို့သော် သူမခံစားနေသည့် အခုအခြေအနေက ဆရာဝန်နှင့် မပြလို့ကလည်း မဖြစ်တော့။

အခြေအနေ ဒီထက်မဆိုးခင် တတ်သိနားလည်သည့်

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်နှင့် ပြရန်သာရှိတော့သည်မို့ စံမိုမိုသည် ဆုံးဖြတ်ချက်နှင့် အတူ ဆေးခန်းကို ထွက်လာခဲ့လိုက်သည်။

စံမိုမိုမှာ ရန်ကုန်တွင် အနေကြာပြီးမို့ သွားတတ်လာတတ် နေပြီဖြစ်သော်လည်း ယခုလို တစ်ယောက်တည်း သွားတာမျိုး တော့ ဒီတစ်ကြိမ်သာရှိပါ၏။

ကားဆရာကို မြို့လယ်ရှိ နာမည်ကြီးဆေးခန်းတစ်ခုရှေ့ တွင် ရပ်ခိုင်းပြီး စံမိုမိုသည် ကားပေါ်ကဆင်းလိုက်သည်နှင့်…

"ဟင်"

အကြည့်တွေက တစ်နေရာတွင် စူးစူးစိုက်စိုက် ရောက်ရှိ လျက် စံမိုမိုသည် သူမအကြည့်တွေကို ထိုနေရာမှ မလွှဲဖယ်မိပါ။

သည်နေရာတွင် ဒီလူနှစ်ယောက်ကိုလည်း အတူတူယှဉ်တွဲ တွေ့ရလိမ့်မည်ဟု၍လည်း စံမိုမိုထင်မထားခဲ့ပါ။

ခုတော့ သူမ ဘယ်လိုမှ မထင်မှတ်သည့် လူနှစ်ယောက် က သူမမျက်စိရှေ့တည့်တည့် ရောက်ရှိနေသည့်အဖြစ်။

ထိုအဖြစ်ကို သူမ မယုံကြည်၍ မရလောက်အောင် သူမ မျက်စိရှေ့တွင် ထိုလူနှစ်ယောက်က သက်သေခံနေရပြီဖြစ်သည်။

ထိုသူနှစ်ယောက်မှာ တခြားသူများမဟုတ်ပါပေ။ ခန့်သွေး





နောင်နှင့်စုသဲတို့ပင်ဖြစ်သည်။

ဆေးခန်းမှထွက်လာသော ခန့်သွေးနောင်နှင့်စုသဲသည် လည်း ကားပေါ်မှဆင်းလာသော စံမိုမိုကိုမြင်တွေ့သွားပြီဖြစ်သည်။

စောစောက အပြုံးလေးနှင့်ရှိနေသော စုသဲသည် စံမိုမို ကိုတွေ့လိုက်ရသဖြင့် အပြုံးလေးပျောက်ကွယ်သွားရသလို ခန့်သွေး နောင်မှာလည်း စံမိုမိုကိုတွေ့လိုက်ရသဖြင့် မျက်နှာပျက်သွားလေ သည်။

ထိုအဖြစ်တွေကို သေချာမြင်လိုက်သည့် စံမိုမိုသည် မျက်ဝန်းစူးစူးလေးနှင့် အကြည့်များ မလွှဲတမ်းကြည့်နေသလို နှုတ် ခမ်းဖူးဖူးလေးကိုလည်း သွားစွယ်ချွန်ချွန်လေးဖြင့် ပြတ်ထွက်မတတ် ဖိကိုက်ထားလေသည်။

လုပ်ရက်လိုက်တာ။ သူမနောက်ကွယ်တွင် သူတို့နှစ်ဦး ဒီလိုဖောက်ပြန်ရက်သည်တဲ့လား။

အံကိုတင်းတင်းကြီးကြိတ်ထားသည့်ကြားက ရင်အစုံ သည် မခံမရပ်နိုင်အောင် နာကျင်ကြေကွဲလာရသည်။

ဆို့နင့်နာကျင်လာသော ရင်ကြောင့် စံမိုမို အသက်ရှူများ မွန်းကြပ်လာရသလို မျက်ဝန်းများသည်လည်း ပြာဝေလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် စိုဝေလာသော မျက်ဝန်းတို့ဖြင့် ခန့်သွေးနောင် မျက်နှာကို မျက်တောင်မခတ်တမ်း ခပ်စူးစူးလေးကြည့်ကာ ရင်မှာ နိုင်းဆမရနိုင်သော ခံစားမှုတို့နှင့်အတူ လှပ်ရက်လေခြင်းဆိုသည့် စိတ်အတွေးတို့ဖြင့် အယောင်ယောင်အမှားမှား နှုတ်ခမ်းလေးကို ဖိကိုက်လိုက်ရာ နှုတ်ခမ်းလေးမှာ ပေါက်သွားရပြီး သွေးစက် တချို့က နှုတ်ခမ်းထက်မှ စီးကျလာရသည်။

စံမီမီမှာ တစ်သက်နှင့်တစ်ကိုယ် မဖြစ်ပေါ်ခဲ့ဖူးသော ခံစား မှုတို့နှင့် ဆုံးရှုံးပြိုပျက်သောအသိက လူကို ရပ်တည်နိုင်စွမ်းမရှိတော့ သလို အင်အားမဲ့သွားရစေသည်မို့ စံမီမီသည် အကြည့်များကို ဆတ်ခနဲ လွှဲလိုက်ပြီး ကားပေါ်ပြန်တက်ကာ

"ဒီနေရာကနေ ကျွန်မကို အမြန်ဆုံးမောင်းပေးပါ"ဟု ကား ဆရာအား ပြောလိုက်လေတော့သည်။

"မီ မီ"

"နေဦးလေ"

"မီ"

ခန့်သွေးနောင် ဘယ်လိုပဲခေါ်ပါသော်လည်း စံမီမီသည် မကြားပါတော့။ နာကြည်းဆို့နင့်ကြေကွဲမှုတွေဖြင့် မျက်ရည်တွေက





ပါးပြင်ထက် ပိုးပိုးပေါက်ပေါက် ကျဆင်းနေရသည်မှာ တားဆီးလို့ ပင်မရနိုင်တော့။

ခန့်သွေးနောင် ကားလေးသည့် သူ့မကားနောက်မှပါလာ သည်ကို စံမီမီမသိပါ။

မျက်ရည်တို့သာ ပြိုင်ပြိုင်ကျလျက် သည်းသည်းထန်ထန် ငိုကြွေးနေရလသည်။

ချမ်းမြေ့ရိပ်မြုံသို့ ရောက်သည်နှင့် စံမီမီသည် သူ့မအခန်း ဆီသို့ အပြေးလေးတက်လာကာ ခေါင်းအုံးပေါ် မျက်နှာအပ်လျက် နှလုံးသားများ ကြေကျမတတ် ငိုကြွေးပစ်လိုက်သည်။

"အဟင့် ဟင့် ဟင့်"

"အဟင့် ဟင့်"

ဦးခန့်သွေးနောင်ရယ် ရှင်ကျွန်မဘဝကို အနိုင်ယူခဲ့ပြီးမှ ဘာကြောင့် ဘာကြောင့် အခုလိုပြုရက်ရတာလဲရှင် ဆိုသည့် စကားကိုတော့ စံမီမီတစ်ယောက် မချိသည့်ရင်အစုံဖြင့် စိတ်မှာ နာကြည်းပေါက်ကွဲစွာ ဆိုလိုက်မိပါသည်။

ထိုစဉ်

"မီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရင်းနှီးလွန်းနေရသည့် ခေါ်သံက စံမှီမှီကိုယ်လေးကို ဆတ်ခနဲမတ်သွားစေရသည်။

"ဦးခန့်သွေးနောင်"

"မှီ မှီရယ်"

မျက်ရည်တွေရွဲစိုနစ်နေသည့်ကြားက သွေးစက်တို့ဖြင့် နှုတ်ခမ်းလေးပေါက်နေသော စံမှီမှီကိုကြည့်ကာ ခန့်သွေးနောင် ရင်မှာ နင့်သွားရသည်။

တစ်ဆက်တည်း သူမလေး အရမ်းကို ခံစားနေရပါလား ဆိုသော အသိကလည်း ခန့်သွေးနောင်နှလုံးသားတွေကို နာကျင်သွားစေရ၏။

"မှီရယ်၊ အရမ်းခံစားနေရလားဗျာ၊ ကိုယ့်အပြစ် ကိုယ့်အပြစ်တွေပါ"

"အဟင့် ဟင့် ဟင့်"

ရင်နာလွန်းသောကြောင့် စံမှီမှီသည် ဘာစကားမှမပြောနိုင်ဘဲ ငိုရှိုက်၍သာနေပါတော့သည်။

ခန့်သွေးနောင်မှာ သူမ၏မျက်ရည်စက်များကို မြင်ရက်နိုင်





စွမ်းမရှိသလို စံမှီမှီကိုယ်လေးကို အသာအယာ သိုင်းပွေ့လိုက်တော့

"ဖယ် လွှတ်၊ ရှင် ကျွန်မအသားကိုမထိနဲ့"

ဟုဆိုကာ ခန့်သွေးနောင်လက်ကို ဖယ်ရှားပုတ်ထုတ်ပစ်လိုက်သည်။

သည်နောက် စိမ်းလဲ့နေသော အကြည့်စူးစူးလေးနှင့် နာကျင်စွာ ခန့်သွေးနောင်ကို ကြည့်လိုက်ပြီး

"ကျွန်မခေါင်းဖြတ်ပြီးသွားပြီ ဦးခန့်သွေးနောင်၊ ရှင် ကျွန်မကို ကွာရှင်းပေးပါတော့"

"ဟင်"

ခန့်သွေးနောင်ကိုယ်ကြီးမှာ ဆတ်ခနဲမတ်သွားရကာ စံမှီမှီ၏ လှပလွန်းသော မျက်နှာလေးကိုသူသည် စိုက်ကြည့်လိုက်ပြီး

"မှီ မင်းကိုယ့်ကို ဘယ်လိုပြောလိုက်တာလဲ"

"ကျွန်မ ရှင်နဲ့မပေါင်းနိုင်တော့ဘူး ဦးခန့်သွေးနောင်၊ ဒါကြောင့် ကျွန်မကို ကွာရှင်းပေးပါ"

"ဘာပြောတယ်"

စိုလူးနေသော မျက်ရည်တွေနှင့် ဆိုလိုက်သော စံမှီမှီ



www.burmeseclassic.com

www.burmeseclassic.com



စကားကြောင့် ခန့်သွေးနောင် မျက်မှောင်ကြီးကြုတ်လျက် အလို မကျနိုင်ဖြစ်သွားရသည်။

စံမှီမှီမှာ အံကိုကြိတ်၍ စိတ်ကိုတင်းလိုက်ပြီး ခန့်သွေးနောင်မျက်နှာချောချောကြီးကို နာကျင်မှုတွေဖြင့် စိမ်းလဲ့နေသော အကြည့်စူးစူးလေးနှင့် ပြန်ကြည့်ကာ

"ရှင့်မှာ စုသဲရှိနေပြီပဲ၊ ကျွန်မ မလိုအပ်ပါဘူး၊ အဟင်း ပြောမယ့်သာပြောရတာပါလေ ကျွန်မကို ရှင် ဘယ်အချိန်ကမှလည်း လိုအပ်ခဲ့တာမဟုတ်ပါဘူး"

ကိုယ့်အဖြစ်ကို ကိုယ်နာကျင်စရာသံလေးနှင့် နင့်သည်းကြေကွဲစွာဆိုလိုက်သော သူမသည် ဆုံးဖြတ်ချက်တွေကိုလည်း မပြင်တော့မည့်ဟန်။

"မှီ"

"မခေါ်နဲ့ မကြားချင်ဘူး၊ ကျွန်မကိုသာ ရှင်အမြန်ဆုံး ကွာရှင်းပေးပါတော့"

"ကိုယ်ရှင်းပြပါရစေဦး စံမှီမှီ၊ တကယ်တော့ စုသဲနဲ့ ကိုယ်"

"အို မကြားချင်ဘူး၊ ကျွန်မ ဘာမှမကြားချင်ဘူး၊ ရှင်တို့





နှစ်ယောက် ကျွန်မကို မနှိပ်စက်ပါနဲ့တော့၊ ကျွန်မ ကျွန်မ မခံစားနိုင်တော့ဘူး၊ အဟင့် ဟင့် ဟင့်၊ ကျွန်မ မခံစားပါရစေနဲ့တော့"

"မှီရယ်"

ရင်ခွင်လယ်မှာ လက်လေးယှက် နင့်နင့်သည်းသည်း ငိုရှိုက်နေသော စံမှီမှီမျက်ရည်တို့သည် ခန့်သွေးနောင် နှလုံးသားများကို ထိထိခိုက်ခိုက်နှင့် နာကျင်သွားရလေသည်။

ဒါ သူ့ကြောင့်ပါ။ သူ့ကြောင့် သူမလေး ဒီလိုမျက်ရည်တွေ အကြိမ်ကြိမ်ကျနေရပါလားဆိုသော အသိနှင့် ခန့်သွေးနောင် သူ့ကိုယ်သူ အပြစ်တင်နေတော့သည်။

စံမှီမှီခေါင်းမာတာ မာနကြီးတာကိုလည်း ခန့်သွေးနောင် မသိမဟုတ်ပါ။ ဆုံးဖြတ်ပြီးလျှင် မပြင်တတ်သည့် သူမအကျင့်ကို သူအသိဆုံးဖြစ်ပေမယ့် ယခုကိစ္စကိုတော့ သူမပြောသလို သူလုပ်မပေးနိုင်ပါပေ။

သူမအား ကွာရှင်းပေးပါဆိုသည့် စကားသည် ခန့်သွေးနောင်ရင်ထဲ မခံမရပ်နိုင်အောင် နာကျင်ကြေကွဲသွားရစေသည်ကိုတော့ သူမသိမည်မဟုတ်ပါ။

သူမ၏ အထင်လွဲမှုကို ခုချိန် သူရှင်းပြလို့ကြည့်လိုက်သည်း



www.burmeseclassic.com

www.burmeseclassic.com



လက်ခံမည် မဟုတ်ဆိုတာကို သိနေပြန်တော့လည်း ခန့်သွေးနောင် ရင်မှာ ပို၍မောလျှ နောက်ကျိသွားရသည်။

"ရှင် ရှင် ကျွန်မပြောတာကို လက်ခံမယ်မဟုတ်လား ဦးခန့်သွေးနောင်"

စံမှီမှီစကားကြောင့် ခန့်သွေးနောင် အံကိုကြိတ်လိုက်ပြီး

"လက်မခံဘူး မှီ၊ ဒီစကားကို ကိုယ် ဘယ်လိုမှ လက်မခံနိုင်ဘူး၊ ပြီးတော့ မင်းကို ကိုယ်ဘယ်တော့မှ ကွာရှင်းမပေးနိုင်ဘူး"

"ဟင် ရှင် ရှင်"

"အို"

"ဟာ"

"မှီ မှီ"

ခန့်သွေးနောင်ထံမှ စိုးရိမ်တကြီးခေါ်လိုက်သံသည် စံမှီမှီအတွက် နောက်ဆုံးအကြိမ် ကြားလိုက်ရသော အသံသာဖြစ်ပါသည်။ စံမှီမှီသည် လောကကြီးနှင့် ခဏအဆက်ပြတ်သွားရလေတော့သည်။

● ● ●



## အခန်း (၁၁)

မျက်တောင်ရှည်ကြီးစင်းနေလျက် ယခုထက်တိုင် သတိမရ သူလေးကို ခန့်သွေးနောင် ငေးစိုက်ကြည့်နေမိသည်။

ကြည့်နေရင်းက သူ့ရင်ခုန်သံတွေသည်လည်း မမှန်နိုင်တော့ပါ။ စိတ်လှုပ်ရှားရလွန်းသောကြောင့် မြန်နေရသည့် ရင်ခုန်သံတွေကလည်း တစ်စက္ကန့်မှာ အကြိမ်ဘယ်လောက်ရှိမည်ဆိုတာ ဘယ်သူမှ မသိနိုင်ပေ။

ရင်ထဲတွင် ပျော်ရွှင်မှုတွေကလည်း ဘာနှင့်မှမနှိုင်းယှဉ်ပြနိုင်။ အပျော်တွေကြည်နူးမှုတွေနှင့် ရင်မှာ သိမ့်ဖိုလှိုက်ခုန်စွာ စံမှီမှီ မျက်နှာလေးကို ငေးစိုက်ကြည့်ရင်းက သူမလက်ကလေးတစ်ဖက်ကို သူ တင်းတင်းဆုပ်ထွေးထားလျက် သူ့ရင်မှာ အပ်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မှီရယ်၊ ကျေးဇူးတင်ပါတယ်ဗျာ၊ ပြီးတော့ သိပ်ချစ်တယ်"

ခန့်သွေးနောင်သည် စံမှီမှီ၏လက်လေးကို ထွေးဆုပ်ရင်းမှ ခပ်ဖွဖွရှိုက်နမ်းကာ ဆိုလိုက်သည်။

စံမှီမှီနှင့်ပတ်သက်ကာ သူ့ရင်ထဲတွင် သူကိုယ်တိုင် မသိနိုင်သည့် အချစ်ကို ခန့်သွေးနောင် ယခုတော့ ရှင်းလင်းပြတ်သားစွာ သိခဲ့ရပြီဖြစ်သည်။

စုသဲအပေါ် သစ္စာမဲ့ခဲ့သူအဖြစ် သူ့ကိုယ်သူ အပြစ်ရှိသူတစ်ယောက်လို ခံစားခဲ့ရသော ခန့်သွေးနောင် တကယ်တော့ စုသဲကို နီးစပ်မှုကြောင့် ချစ်ခဲ့သည်လို့ထင်ခဲ့ပေမယ့် တကယ်တော့ ထိုအချစ်သည် သူ့ရင်ထဲက အချစ်စစ်မဟုတ်မှန်း စံမှီမှီကို တွေ့သည့်အချိန်တွင် ခန့်သွေးနောင် သိခဲ့ရလေသည်။

မွေးနေ့ပွဲတစ်ခုတွင် တွေ့ခဲ့ရာမှ စုသဲ၏သွက်လက်ရဲတင်းမှုကြောင့် ချစ်သူဘဝကို အချိန်ခဏလေးနှင့် ဖြစ်ခဲ့ရပေမယ့် စုသဲဆိုတာ ခန့်သွေးနောင်အတွက် အချစ်ဦးပင်ဖြစ်သည်။

ရုပ်ရည်ချောမောကာ ငွေကြေးပြည့်စုံချမ်းသာသော ခ





သွေးနောင်ဆိုတာ မိန်းကလေးတွေအတွက် စိတ်ဝင်စားစရာ။

သို့သော် ခန့်သွေးနောင်သည် အချစ်ကို မရှာဖွေခဲ့ပါ။ အချစ်ကို မရှာဖွေသော ခန့်သွေးနောင်ထံသို့ အချစ်သည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့လေသည်။

စုသဲဆိုတာက နဂိုကမှ သွက်သွက်လက်လက်နှင့် ရဲတင်းပွင့်လင်းသူ။ ပြီးတော့ ယောကျ်ားများနှင့်ပတ်သက်၍လည်း မျက်နှာများသည့်သူ။

ဒါကို ခန့်သွေးနောင်သိပါသည်။ သိပေမယ့်လည်း သူမ၏ ချိုမြသော မာယာစကားများအောက်တွင် အချစ်မရှိခဲ့သည့် ခန့်သွေးနောင်သည် ရုန်းထွက်နိုင်စွမ်းမရှိခဲ့ပါ။

စုသဲနှင့် သူ ချစ်သူတွေဖြစ်ပြီး မကြာခင်မှာပင် ခန့်သွေးနောင်သည် နိုင်ငံခြားသို့ ထွက်ခဲ့လေသည်။

နိုင်ငံခြားတွင် သူငါးနှစ်မျှနေပြီး ပြန်ရောက်သည့်အချိန်ထိ စုသဲသည် သူ့အပေါ် သစ္စာရှိရှိနှင့် စောင့်နေသည်ကို သိရတော့ ခန့်သွေးနောင်သည် စုသဲအချစ်ကို အထင်မသေးရဲတော့ပါ။

စုသဲလို မိန်းကလေးသည် သူ့အပေါ် ဒီမျှထိ သစ္စာရှိလိမ့်မည်လို့ ခန့်သွေးနောင် မထင်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုအခြေအနေမှာပင် မမျှော်လင့်ဘဲ ခန့်သွေးနောင်သည် စံမှီမှီကို လက်ထပ်ခဲ့ရသည့်အခါမှာတော့ ခန့်သွေးနောင်သည် စုသဲအပေါ် သစ္စာဖောက်ရက်သူအဖြစ် သူ့ကိုယ်သူ ခံစားကာ စုသဲအတွက်လည်း စိတ်မကောင်းဖြစ်ခဲ့ရလေသည်။

ဒါကြောင့်လည်း စံမှီမှီနှင့် လက်ထပ်ပြီးပေမယ့် စုသဲအပေါ် သနားစိတ်နှင့် ပြတ်ပြတ်သားသား မရှိခဲ့ဘဲ မိတ်ဆွေတစ်ယောက်လို သဘောထားကာ ပြောဆက်ဆံခဲ့လေသည်။

စုသဲဘက်မှလည်း သူ့အပေါ် မျှော်လင့်ချက်မရှိတော့တာကိုသိ၍လားမသိပါ။ မကြာခင်မှာပင် နိုင်ငံခြားသဘော်သား အရာရှိတစ်ယောက်နှင့် လက်ထပ်တော့မည်ဖြစ်သည်။

သည်တစ်ခေါက် သူမချစ်သူ သဘော်သား အရာရှိပြန်လာလျှင် လက်ထပ်တော့မည့်အကြောင်း စုသဲကိုယ်တိုင် ပြောပြ၍ ခန့်သွေးနောင် သိခဲ့ရပြီဖြစ်သည်။

သည်နေ့လည်း တိုက်တိုက်ဆိုင်ဆိုင်လို့ ပြောရမည်လားမသိပါ။ ခန့်သွေးနောင်သည် မတွေ့တာကြာပြီဖြစ်သည့် သူ့ငယ်ချင်းဖြစ်သူ ဒေါက်တာ ဆက်ဝေကို ဝင်တွေ့နှုတ်ဆက်ရင်းအပြန် စုသဲနှင့် ဆေးခန်းတွင် မမျှော်လင့်ဘဲ တွေ့ရခြင်းဖြစ်သည်။





စုသဲသည် ကားမပါသည်မို့ အပြန် သူ့ကားနှင့်လိုက်ခဲ့မည်ဆိုကာ နှစ်ယောက်သား စကားပြောရင်း ဆေးခန်းမှအထွက် စံမှီမှီသည် သူနှင့်စုသဲကို အဖေင်လွဲသွားခြင်းဖြစ်သည်။

ဒါကို ဘာမှမသိသည့် စံမှီမှီသည် သူ့အား ဘာရှင်းပြခွင့်မှမပေးဘဲ ကွာရှင်းပေးရန် စကားဆိုတော့ ခန့်သွေးနောင် နှလုံးသားတွေ မခံမရပ်နိုင်အောင် နာကျင်ရလေ၏။

ယခုအချိန်တွင် ခန့်သွေးနောင်သည် သူမကို ကွာရှင်းပေးဖို့မပြောနှင့် သူမအနားကနေ စက္ကန့်လေး၏ဆယ်ပုံတင်ပုံမှပင် သူမခွဲနိုင်တော့ပါ။

စံမှီမှီဆိုသည့် သူမလေးသည် သူ့နှလုံးသားထဲတွင် စစ်မှန်စွာ ပေါက်ဖွားလာသည့် အချစ်နတ်သမီးလေးတစ်ပါးပင် ဖြစ်သည်။

"အင်း အင်း"

ချစ်မြတ်နိုးမှုတွေ ဖုံးလွှမ်းနေသော အကြည့်တွေနှင့် သူ့ကြည့်နေဆဲမှာပင် စံမှီမှီကိုယ်လေးသည် လွန့်လူးလာလေသည်။

ခန့်သွေးနောင် မျက်နှာချောချောကြီးမှာ ဝင်းပသွားရပြီး

"မှီ မှီ သတိရပြီလားဟင်၊ ကိုယ့်ကိုကြည့်ပါဦး မှီ"

သူ့လက်လေးကို ဖွဖွညှစ်ဆုပ်ကာ ခပ်တိုးတိုးပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည့် စကားသံကြောင့် စံမှီမှီ မျက်ဝန်းလေး ဖြည်းဖြည်းချင်း ဖွင့်လာရာ

"ဟင်"

"ရှင်"

"ဟာ ဟိတ် ဟိတ်၊ မထနဲ့လေ မထနဲ့"

စိုးရိမ်ပူပန်မှုတွေနှင့် စံမှီမှီကိုယ်လေးကို ခန့်သွေးနောင် သူ့ကိုယ်ကြီးနှင့် ဖိထားလိုက်လေသည်။

စံမှီမှီမှာ သူ့ကိုယ်ကြီးကို အတင်းဖယ်ထုတ်လိုက်ကာ

"ဖယ် ဖယ် ရှင်သွား"

"ဟောဗျာ ကိုယ်က ဘယ်သွားရမှာလဲ"

ခန့်သွေးနောင်မှာ သူ့ကိုယ်ကြီးကို မဖယ်ပေးသည့်အပြင် အပေါ်မှနေ ငုံ့မိုးလျက် ပြုံးလွှန့်လွှန့်မျက်နှာကြီးနှင့်ကြည့်ရင်း မေးလိုက်တော့ စံမှီမှီမှာ မျက်နှာလေး ရဲပသွားရပြီး

"ရှင်သွား ရှင့်ကို ကျွန်မ မပေါင်းနိုင်ဘူး၊ ကျွန်မကို ရှင် ကွာရှင်း"

"တော်ပြီ၊ ဒီစကား ဆက်မပြောနဲ့တော့မှီ"

"ပြောမယ် ပြောမယ် ရှင်နဲ့စုသဲ"



"အဟွန်း ပြောပါဦး၊ ကိုယ်နဲ့ စုသဲက ခင်ဗျားလေးထင် သလို တစ်ခုမှမဖြစ်ခဲ့ဘူး၊ ဖြစ်ခဲ့တာက မင်း"

"ဟင် ရှင်နော်၊ ကျွန်မက ဘာဖြစ်ရမှာလဲ"

"ဟိတ် ဘာလို့ ဒီလောက် စိတ်ကြီးရတာလဲကွ၊ ကိုယ့် စကားကိုလည်း ဆုံးအောင်နားထောင်ဦးမှပေါ့"

"ဟင့်အင်း နားမထောင်နိုင်ဘူး၊ ဖယ်ပါ"

သူမအား အပေါ်မှ အုပ်မိုးထားသည့် ခန့်သွေးနောင်ကိုယ် ကြီးကို စံမှီမှီ အတင်းပင် တွန်းထိုးရုန်းထွက်လိုက်ပေမယ့် ခန့်သွေး နောင်ကတော့ သူမကို သွားခွင့်မပြုပါပေ။

လွှန့်လွှန့်မျှသာ ရုန်းနိုင်အားနှင့် စံမှီမှီသည် ရုန်းကန် တော့ ခန့်သွေးနောင်သည် သူမပါးပြင်နား သူ့မျက်နှာချောချောကြီး အပ်ကာ

"ဘာလို့ရုန်းနေရတာလဲ မှီ၊ မှီ ခု ဘာဖြစ်တာလဲ သိရဲ့ လား"

ဟုတ်ပါရဲ့။

သူပြောမှ စံမှီမှီသည် သူမအဖြစ်ကို သူမ သတိရသွား ရသည်။ သူမ ဘာဖြစ်သွားရတာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း ဟွန်း ဟွန်း၊ ကောင်မလေးတစ်ယောက် သနား ပါတယ်ကွာ၊ ကိုယ့်ကိုကိုယ် ဘာဖြစ်လို့ဖြစ်နေမှန်း မသိဘူး၊ အေးဗျ မသိရင်မှတ်ထားဦး၊ မကြာခင် ကိုယ်တို့အိမ်ကို ညွှဲသည် တစ်ယောက် ရောက်လာတော့မယ်"

"ဟင် ဘယ်ကညွှဲသည်လဲ"

"ကျွတ် မင်းတော့ကွာ"

ကိုယ့်အဖြစ်ကို ကိုယ်မသိရပါ့မလားဆိုသည့် မချင့်မရဲ စိတ်နှင့် ခန့်သွေးနောင်သည် သူ့အား မျက်နက်ဝန်းစိုစိုလေးနှင့် ကြည့်ကာ မေးနေသော နှမ်းလျှလျှ မျက်နှာလှလှလေးကို ကြည့်မဝ ရှုမဝသလို ငေးစိုက်ကြည့်ပြီး

"အဟွန်း ဘယ်ကညွှဲသည်ရမှာလဲ မိ၊ ဟောဒီမိုမိုက်ထဲ ရောက်နေတဲ့ မောင်တို့ရဲ့ ရင်သွေးချာတိတ်လေးပေါ့ဗျာ"

"ဟင်"

မမျှော်လင့်ခဲ့သည်မို့ အံ့သြရသလို ရှက်ရွံ့တုန်လှုပ်မှုတွေ ကြောင့်လည်း စံမိုမိုသည် ရုတ်တရက် စကားမရှိနိုင်အောင် ဖြစ်သွား ရသည်။

"မိ မပျော်ဘူးလားဗျာ၊ မောင့်ရင်သွေးလေး မိ လွယ်ထား





ရပြီလေ"

"အို"

ယခုမှ အသက်ဝင်လာရသူတစ်ဦးလို စံမိုမို လှုပ်ရှားသွား ရသည်။

ဘုရားရေ။

ရင်သွေး။ သူ့ရင်သွေးလေး သူမ လွယ်ထားရသည်တဲ့ လား။

"အို"

ရှက်ရွံ့တုန်လှုပ်မှုတွေနှင့် စံမိုမိုမျက်နှာလေး ရဲပသွားရကာ ရင်ခုန်သံတွေ တဒိတ်ဒိတ် မြန်ဆန်လာရသည်အထိ စိတ်မှာလည်း လှုပ်ရှားသွားရသည်။

မထင်ခဲ့သော်လည်း မိခင်ဆန်သည့်စိတ်လို့ပင် ပြောရမည် လားမသိပါ။ မမြင်ရသေးပေမယ့် ရင်သွေးဟူသော အသိကြောင့် စံမိုမိုရင်ထဲ စိမ့်တက်လာရကာ ကြည်နူးပီတိတွေနှင့် ရင်မှာ တလှပ် လှပ် တနွေးနွေး ခံစားမှုတွေ သိမ့်သိမ့်ဖြာဝေသွားရသည်။

ဝေးကွာချင်သည်ဆိုကာမှ ပို၍ရစ်ပတ်ချည်နှောင်မည့် သံယောဇဉ်ကြိုးတွေက သူမအား ရုန်းထွက်ခွင့်မပြုပါလားဆိုသော



www.burmeseclassic.com

www.burmeseclassic.com



အသိနှင့်အတူ ခန့်သွေးနောင် စုသဲတို့နှစ်ဦးအား မျက်ဝန်းထဲ မြင်ယောင်လာရတော့ ရင်အစုံသည် ထိခိုက်မခံနိုင်အောင် နာကျင်သွားရပြန်၏။

နာကျင်မှုတွေနှင့် စံမိုမိုသည် အံလေးတင်းတင်းစေ့ကြိတ်လိုက်ရင်းက ခန့်သွေးနောင်ကိုယ်ကြီးကို တွန်းဖယ်လိုက်ပြီး…

"ရှင်သွား"

"ဟောဗျာ၊ မောင်က ဘယ်ကိုသွားရမှာလဲ"

"ရှင့်ရဲ့စုသဲဆီသွားပေါ့"

"မောင့်ရဲ့စုသဲလို့ မပြောပါနဲ့ဗျာ၊ စုသဲနဲ့မောင်က ဘာမှမဆိုင်ပါဘူး"

သူ့စကားကို မယုံပါဘူးဆိုသည့်သဘောနှင့် စံမိုမိုသည် မျက်နှာလေးမဲ့သွားတော့ ခန့်သွေးနောင်သည် မချင့်မရဲဖြစ်ကာ ဝင်းမွတ်နေသည့် သူမ၏ လက်မောင်းသားလေးကို တစ်ချက်မျှ ဖျစ်ညှစ်ပစ်လိုက်သည်။

"မို မောင့်ကို အထင်လွဲနေတာပါ"

"အထင်လွဲတယ်ဟုတ်လား၊ ရှင်တို့နှစ်ယောက်ကို ကျွန်မကိုယ်တိုင် မြင်ခဲ့တာလေ"





"ဒါပေမယ့် စုသဲနဲ့မောင်က ဆေးခန်းမှာ အမှတ်မထင်ဆုံခဲ့တာ"

"ပြောတာပဲလေ"

"တကယ်ပါ မို၊ စုသဲနဲ့ မောင် ဘာမှမဆိုင်တော့ပါဘူး၊ မောင်နဲ့ဆိုင်တာက ဟောဒီက မို"

"အို သွားပါ၊ ရှင်ရဲ့စကားတွေကို ကျွန်မယုံမယ်များ မှတ်နေလား"

"ယုံပါကွာ၊ မိုကို မောင်ညာပါ့မလား၊ မိုက မောင့်ရဲ့ဇနီး ပြီးတော့ မောင်ချစ်တဲ့သူ"

"ဟင်"

"တကယ်ပါမို၊ မိုကို မောင်ချစ်တယ်၊ သိပ်ချစ်တယ်၊ စုသဲကိုချစ်တယ်လို့ ထင်ခဲ့တာ တကယ်တော့ မှားမှန်း မိုကို တွေ့မှ မောင်သိခဲ့ရတယ်၊ မောင့်ဘဝမှာ တစ်ခါမှမဖြစ်ပေါ်ခဲ့ဖူးတဲ့ ခံစားမှုတွေနဲ့ မိုကို သိပ်ချစ်ခဲ့ရတာ မိုသိရဲ့လားဗျာ"

သူမ မသိပါ။ နှလုံးသားတွင် နေရာရှိထားပြီးသည့် ယောကျ်ားတစ်ယောက်၏အချစ်ကို စံမိုမို မမျှော်လင့်ရဲခဲ့ပါ။

"မောင်ဝန်ခံပါတယ် မို၊ မိုအပေါ်မှာ မောင့်ဘက်က



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ရဲ့ လိုအပ်ချက်တွေ ရှိကောင်းရှိခဲ့မယ်ဆိုတာ၊ ဒါပေမယ့် မှီကိုချစ်ခဲ့တဲ့ အချစ်တွေကတော့ မလိုအပ်ခဲ့ပါဘူး၊ မှီ စဉ်းစားရင်သိပါတယ်ဗျာ၊ မောင်ဟာ ကိုယ်တကယ်မချစ်ဘဲနဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ခဲ့မယ့်သူ မဟုတ်ဘူးဆိုတာ"

ချစ်မျက်ဝန်းရွှန်းရွှန်းကြီးတွေနှင့် စိုက်ကြည့်ကာပြောရင်းမှ စံမှီမှီပါးပြင်လေးကို ဖျတ်ခနဲ ရှိုက်နမ်းလိုက်လေသည်။

"အို"

သူမ မမျှော်လင့်ခဲ့သည့် သူ့ထံမှ ချစ်စကားကိုကြားရတော့ စံမှီမှီရင်တွေ တလှပ်လှပ်ဖိုလျက် ရှက်ရွံ့မှုတွေနှင့် သူမအား စိုက်ကြည့်နေမည့် သူ့မျက်နှာချောချောကြီးကိုလည်း မကြည့်ရဲတော့ပါ။

အချစ်ဆိုတာကို သူမသည် တစ်ခါမှ တွေ့ကြုံခဲ့ဖူးသူ မဟုတ်။ အိမ်ထောင်သည်တစ်ယောက် ဖြစ်ခဲ့ပေမယ့် သူ့ထံမှအချစ်ကို သူမ ယခုမှ ပိုင်ပိုင်ရရှိခဲ့သည့်အဖြစ်။

"မှီရယ် ချစ်တယ်"

ရင်ခုန်သံနွေးနွေးနှင့် စိတ်မှာ လှုပ်ရှားသွားရသည်။ သူမ အထင်လွဲခဲ့သလို စုသဲနှင့် သူ့ဘာမှ မသက်ဆိုင်တော့မှန်း သိခဲ့ရပြီမို့





ရင်မှာ အေးချမ်းသွားရပေမယ့် သူ့ချစ်စကားကြောင့်တော့ဖြင့် စံမှီမှီမှာ ရင်ခုန်သံတွေ မမှန်နိုင်တော့ပါ။

ချစ်စကားတွေ တွင်တွင်ဆိုကာ သူမအား ပွေ့ဖက်လာသည့် ခန့်သွေးနောင်လက်ထဲမှ စံမှီမှီသည် ကိုယ်လေးလွန့်လူးကာ ရုန်းထွက်ရင်း

"ဦးခန့်သွေးနောင် ရှင်နော်၊ လွှတ်ဆိုတာ"

မျက်နှာရဲရဲလေးနှင့် သူ့အား မကြည့်ပါဘဲ မျက်လွှာလေး ချလျက် သူ့ရင်ခွင်ထဲက အတင်းရုန်းနေသူလေးကြောင့် ခန့်သွေးနောင် အသည်းတယားယားနှင့် မချင့်မရဲဖြစ်သွားရပြီး

"ဟေး ဘာလို့ဒီလောက်ရုန်းနေရတာလဲကွ၊ မောင်မေးတာလည်းဖြေဦးလေဗျာ"

"ဘာဖြေရမှာလဲ"

"အဟွန်း ဟွန်း ဟွန်း"

"မှီ မောင့်ကိုချစ်ရဲ့လားဆိုတာ"

"အို"

ချစ်ရည်ချစ်သွေးတို့ကြောင့် စူးရှစိုရွှန်းတောက်ပနေသည့် ခန့်သွေးနောင်၏ အကြည့်စူးစူးများကို စံမှီမှီ ပြိုင်မကြည့်ရဲတော့



www.burmeseclassic.com

www.burmeseclassic.com



ပါ။

ကြည့်ရန်လည်း သူမတွင် အင်အားများရှိမနေတော့သလို။

"ဘာလို့ ခေါင်းကြီးငုံ့နေရတာလဲ မှီ မောင့်ကိုကြည့်စမ်းပါဦး"

ခန့်သွေးနောင်မှာ အားမလိုအားမရဟန်ကြီးနှင့် စံမှီမှီ၏ မျက်နှာလှလှလေးကို သူ့လက်နှင့် အသာအယာဆွဲမော့ယူလိုက်တော့ စံမှီမှီမှာ ခန့်သွေးနောင် အကြည့်တွေနှင့် မျက်ဝန်းချင်း ဆုံသွားရသည်။

"အို"

ညို့ငင်နိုင်လွန်းအည့် သူ့အကြည့်များကြောင့် စံမှီမှီ အယောင်ယောင်အမှားမှားနှင့် မျက်ဝန်းလေးကို ဖျတ်ခနဲ ပိတ်ပစ်လိုက်လေသည်။

"အပွန်း မှီရယ်"

အရှက်သည်းနေရသူလေးကို နားလည်စွာဖြင့် ခန့်သွေးနောင် ချစ်အသည်းယားသွားရကာ မျက်တောင်ရှည်ကြီးများ စင်းချကာ မှေးပိတ်ထားသည့် မျက်လွှာမို့မို့လေးကို သူ့နှုတ်ခမ်းအစုံနှင့် ခပ်ဖွဖွဖိကပ်နမ်းရှိုက်လိုက်လေသည်။





"မှီ"

မျက်လွှာလေးမှတစ်ဆင့် မျက်နှာလှလှလေးအနှံ့ကိုပါ မကျန် နမ်းရှိုက်နေသော ခန့်သွေးနောင်၏ အနမ်းတို့က စံမှီမှီ၏ ကုပ်သားဝင်းဝင်းလေးနှင့် လက်မောင်းသားဖွေးဖွေးလေးများဆီသို့ ရောက်ရှိလျက် ခပ်ဖွဖွနမ်းရှိုက်ရာမှ ခေါ်လိုက်လေသည်။

ခန့်သွေးနောင်ခေါ်သံကို ကြားပေမယ့် စံမှီမှီသည် မထူးပါ။ ရှက်ရွံ့မှုတွေနှင့် ငြိမ်သက်နေတော့ ခန့်သွေးနောင် ပို၍ အသည်းယားသွားကာ လှသောမျက်နှာလေးကို ပြုံးလွန့်လွန့်ကြည့်ပြီး...

"ဖြေပါ မှီ၊ မောင့်ကို မှီ ချစ်ရဲ့လားဆိုတာ"

မှေးမှိတ်ထားသော စံမှီမှီမျက်ဝန်းလေးက ဖြည်းဖြည်းချင်း ပွင့်လာလေသည်။

သည်နောက် သူ့မအား ရွှန်းရွှန်းမြမြကြည့်နေသော သူ့ မျက်နှာချောချောကြီးကို စံမှီမှီသည် ရှက်ရွံ့ဟန်မဝံ့မရဲလေး ကြည့်လိုက်ပြီး

"ဒီစကား ခုမှဘာလို့ မေးနေရတာလဲ၊ ဦးခန့်သွေးနောင်"

ခန့်သွေးနောင်မှာ စံမှီမှီစကားကြောင့် မျက်နှာကြီးရဲသွား ရကာ



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ မောင် ဒီစကားကို အစောကြီးကတည်းက မှီကို မေးချင်နေတာ၊ ဒါပေမယ့် မှီစိတ်ဆိုးသွားမှာစိုးလို့"

"ခုရော စိတ်မဆိုးဘူးလို့ ဘယ်သူပြောလဲ"

"အဟွန်း ခုတော့ စိတ်ဆိုးချင်လည်းဆိုးတော့၊ မောင်တော့ မှီအချစ်ကို မရရအောင်ယူဖို့ ဆုံးဖြတ်ပြီးပြီ"

"ဘုရားရေ ဇွတ်ကြီးပါပဲလား"

"ဟုတ်တယ် ချစ်ရင်ဇွတ်ပဲ"

ပြောသည့်အတိုင်းပင် တကယ်လည်း စံမှီမှီကိုယ်လုံးနွေးနွေးအိအိလေးကို ခန့်သွေးနောင်သည် ခပ်ကြမ်းကြမ်းကြီး ဆွဲဖက်ကာ ရင်ချင်းဆွဲကပ်ပစ်လိုက်လေသည်။

"အမေ့"

"အို"

"ဦးခန့်သွေးနောင် ရှင်နော်၊ ဘာလုပ်တာလဲ လွှတ်"

"အို အို"

ငြင်းဆန်သံ ရုန်းတွေ့သံလေးများကိုပင် ခန့်သွေးနောင်သည် မကြားသလို ဂရုမစိုက်ပါလေတော့။

တမ်းတမွတ်သိပ်သည့် အနမ်းများက စံမှီမှီတစ်ကိုယ်လုံး





အနှံ့ ခပ်ကြမ်းကြမ်းရောက်ရှိနေရကာ သူ့ရင်ခွင် သူ့အနမ်းများအောက်တွင် စံမှီမှီသည် ဘာစကားမှ ပြန်၍မဆိုနိုင်တော့ပါ။

သူမကိုယ်လေးသည်လည်း သူ့ရင်ခွင်ထဲ တဖြည်းဖြည်းပျော့ပျော့လာရပြီဖြစ်သည်။

တင်းကျပ်လွန်းသော အပွေ့အဖက်များကြောင့် စံမှီမှီသည် အသက်ရှူမဝတော့သလို လူက မွန်းကျပ်လာရသည်မို့ ခပ်လွန်လွန်ရုန်းထွက်လိုက်သည်။

"ဦးခန့်သွေးနောင်"

"မောင်မဟုတ်ဘူးလား"

စံမှီမှီအား မလွှတ်တမ်း ပွေ့ဖက်ရင်း ပါးပြင်နုနုကို ရှိုက်နမ်းလျက် ခန့်သွေးနောင်ဆိုလိုက်သည်။

"လွှတ် လွှတ်ပါ၊ ခုမှ အဖြစ်သည်းမနေပါနဲ့နော်"

မျက်စောင်းလှလှလေးနှင့်အတူ စံမှီမှီသည် အခုမှသည်းရန်ကောဟူသည့် အကြည့်လေးနှင့်ကြည့်ကာ ပြောလိုက်တော့ ခန့်သွေးနောင်မှာ သူမ၏ ထိုအကြည့်လေးကြောင့် နှလုံးသားတွေ လှုပ်ရှားလျက် ရင်ခုန်သံတွေ မြန်သွားရကာ

"အဟွန်း အခုမှ အဖြစ်သည်းတာ မဟုတ်ပါဘူးဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



အစကတည်းက မောင်အဖြစ်သည်းခဲ့တာ မို သတိရမှာပါ”

“အို”

ချမ်းမြတ်နိုးမှုတွေ လွှမ်းကဲနေရသော အကြည့်စူးစူးကြီးတွေနှင့် မချိုမချဉ်အပြုံးနှင့် ဆိုလိုက်သော ခန့်သွေးနောင်စကားကြောင့် စံမိုမိုသည် သူ့အချစ်ကြမ်းခဲ့သည်များကို သတိရကာ မျက်နှာလေး ရဲပသွားရပြီး

“ရှင်နော်၊ ဘာတွေပြောနေတာလဲ သွား”

ဟုဆိုကာ ရှက်ရှက်နှင့် သူ့ကိုယ်ကြီးကို တွန်းထုတ်ပစ်လိုက်တော့သည်။

ခန့်သွေးနောင်မှာ အရှက်လွှန့်သွားရသည့် သူမအဖြစ်ကို သိတော့ ရင်မှာ သနားကြင်နာမှုနှင့်အတူ အရှက်ကြီးလွှန်းသူမလေးလည်း အချစ်ပိုသွားရ၏။

“ချစ်လိုက်ရတာ မိုရယ်”

လှိုက်ဖြာသော အနမ်းတို့ စံမိုမိုမျက်နှာပေါ် သည်းသည်းလှုပ် ကျရောက်လာလေသည်။

“တော်ပြီကွယ်၊ မိုကိုလွှတ်”

ယောက်ျားပီသခဲ့ညားသော ခန့်သွေးနောင်မျက်နှာချော





ချောကြီးက သူမကို ဆွဲဆောင်နေသလို။

စံမိုမိုသည် ရင်တွေခုန်လျက် သူမကိုယ်တိုင် သူ့အပေါ်မှာ ချစ်စိတ်တွေဖိတ်လျှံလာရသလို။

အို မိုအချစ်တွေ သူ့အပေါ် တကယ်ပဲ တုံ့ပြန်သက်ရောက်နေသည်တဲ့လား။

အတွေးနှင့် စံမိုမို ရှက်သွေးများဖြာသွားရသည်။ သူ့ထံမှ အချစ်များသည် ပျောက်ကွယ်နေသည့် သူမရင်ထဲက အချစ်များကို သက်ဝင်လှုပ်ရှားလာစေရသည်က အမှန်။

အချစ်ဆိုတာ သူနဲ့တွေ့မှ သိခဲ့ရသည့်အဖြစ်။ ဒါဖြင့် သူမ သူ့ကို ချစ်နေသည်တဲ့လား။ ဖြစ်နိုင်ပါသည်။ ဒါကြောင့်သာ သူ့ကို စုသဲနှင့်တူယှဉ်တွဲတွေ့လိုက်ရသည်နှင့် သူမနှလုံးသားတစ်ခုလုံး မခံမရပ်နိုင်အောင် နာကျင်သွားရခြင်းဖြစ်သည်။

ဘုရားရေ။

စံမိုမို သူ့အားမကြည့်ရဲတော့ပါ။ သူနှင့်ပတ်သက်၍ သူမရင်ထဲ အဖြေတစ်ခုသည် သေချာစွာရှိနေရပြီဖြစ်သည်။

ထိုအဖြေကား ချစ်ပါသည်ဆိုတဲ့ စကားကလွဲလို့ တခြားမဖြစ်နိုင်တော့ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



စံမိုမိုရင်မှာ သိမ့်သိမ့်ခါလျက် နွေးထွေးနေရသည်။ ဒီနောက် သူမကိုယ်လေးသည် ခန့်သွေးနောင်ရင်ခွင် ကျယ်ကြီးထဲ တိုးဝင်လိုက်ပြီးနောက် သူမလက်လေးနှစ်ဖက်သည် ခန့်သွေးနောင် လည်ပင်းကို သိုင်းဖက်လိုက်ကာ ခန့်သွေးနောင်နားနား သူမ မျက်နှာလေး တိုးကပ်လိုက်ပြီး

"မောင်"

"ဗျာ"

ခန့်သွေးနောင်မှာ အခြေအနေကို နားလည်လိုက်ပြီမို့ သူ့မျက်နှာကြီး ပြုံးသွားရပြီး

"ဟား မို မို၊ မောင့်အချစ်၊ အဟွန်း ဟွန်း ဟွန်း။ မောင် ဝမ်းသာလိုက်တာဗျာ၊ မို မို မောင့်ကိုချစ်တယ်ပေါ့နော်"

ရှက်သွေးဖြာနေသည့် ချစ်ဇနီးလေး၏ လှပလွန်းသော မျက်နှာလေးကို မျက်ဝန်းညိုကြီးနှင့် ကြည့်ကာမေးတော့ စံမိုမို သည် နှုတ်ခမ်းလေးစူသွားရသည်။

"မောင်နော် သူ ခုထိမသိသေးဘူးလား"

သူမအချစ်ကို မသိရပါမလားဆိုကာ နှုတ်ခမ်းလေးစူသွား ရသည့် စံမိုမိုကို ခန့်သွေးနောင်သည် ချော့သလိုအပြုံးနှင့်ကြည့်





ရင်း သူမကိုယ်လေးကို ထွေးပိုက်ကာ

"အဟွန်း မသိလို့မှ မဟုတ်တာဗျ၊ ချစ်တယ်ဆိုတဲ့ မိုရဲ့ စကားကိုလည်း မောင်ကြားချင်သေးတာပေါ့"

"ပြောဖို့လိုသေးလို့လား မောင်"

"မောင့်ဘဝမှာ အဲဒီစကားက မောင်အကြားချင်ဆုံး စကားပဲ"

"မောင်ရယ်"

"မိုရယ် အချစ်ဆုံးရယ်"

သိမ်မွေ့နူးညံ့သော အနမ်းတို့နှင့်အတူ ခန့်သွေးနောင်သည် ရင်ထဲချမ်းမြေ့ကြည်နူးစွာ ချစ်ခြင်းများစွာနှင့် စံမိုမိုကိုယ်လေးအား တင်းတင်းကြီး ပွေ့ဖက်ထားရင်းမှ

"မို"

"ရှင်"

"မောင့်ကိုချစ်ပါတယ်နော်"

"မေးပုံကြီးကလည်း မိုအချစ်ကို မယုံသလို"

"မို မောင့်ကို အစကမှ မချစ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်သူပြောလဲ”

“ဘယ်လို ဘယ်လိုမှီ”

“မှီ မောင့်ကို မချစ်ဘူးဆိုတာဟာ ဘယ်သူပြောလဲလို့ မေးတာ ဆရာကြီးရဲ့”

သူ့နှာခေါင်းချွန်ချွန်ကို ခပ်ဖွဖွဆွဲညှစ်ကာ မချင့်မရဲဟန်နှင့် ဆိုလိုက်တော့ ခန့်သွေးနောင် နှလုံးသွေးများသည် ရပ်တန့်မတတ် ဖြစ်သွားရပြီး

“ဒါဖြင့်”

“ဟော့ဒီ မောင်လူဆိုးကြီးကို မှီ စတွေ့ကတည်းက ချစ်ခဲ့ရတာ မောင်သိရဲ့လား”

“မဖြစ်နိုင်ဘူး”

“မောင်နော်”

“ဟုတ်တယ်လေဗျာ၊ မောင့်ကို စတွေ့ကတည်းက ချစ်တယ်ဆိုရင် မောင့်အချစ်တွေကို ဘာလို့မသိဟန်ဆောင်ပြီး ငြင်းနေရတာလဲ”

“အို မှီကိုအပြစ်မပြောနဲ့လေ၊ မောင်ကကော မှီကိုချစ်





တယ်လို့ ပြောခဲ့လို့လား”

“အဟွန်း အေးကွာ၊ ကောင်မလေးတစ်ယောက် မောင့်ကို ဒီလိုချစ်နေတယ်မှန်းသိရင် မောင်အစောကြီးကတည်းက ဖွင့်ပြောခဲ့ပါတယ်၊ ခုတော့”

“မှုတော့ ဘာဖြစ်လဲ မောင်”

ကုန်ဆုံးခဲ့ရသည့် အချိန်များကို နှမြောရသလို မချင့်မရဲ အားမလိုအားမရဆိုလိုက်သည့် ခန့်သွေးနောင်ကို စံမှီမှီသည် အပြုံးလှလှလေးနှင့် မေးလိုက်တော့ ခန့်သွေးနောင်သည် စိုလက်သော မျက်ဝန်းများနှင့် သူ့မမျက်နှာလေးအား စိုက်ကြည့်လိုက်ပြီး

“ဘာဖြစ်ရမှာလဲ၊ ဒီကောင်မလေးကို ဟော့ဒီလိုချစ်ဖို့ အချိန်တွေ ကုန်သွားတာ နှမြောလို့ပေါ့ကွ၊ ကဲသိပြီလား”

ခန့်သွေးနောင်တစ်ယောက် မှီကို သိမ်းကျုံးဖက်လိုက်ပြီး နမ်းလိုက်လေသည်။

“အို မောင်နော်”

အဟွန်း ဟွန်း ဟွန်း၊ ရှိရှိသမျှ ကြည်နူးမှု အပျော်တွေ အားလုံးတို့သည် ခန့်သွေးနောင်နဲ့ စံမှီမှီအတွက်တော့ ဘယ်အရာမျှ



www.burmeseclassic.com

www.burmeseclassic.com



နိူင်းလို့မမှီနိုင်ပြီ။

တိမ်မဲတွေကင်းစင်သွားရသည့် ကောင်းကင်လို ခန့်ညွှေးနောင်နှင့် စံမှီမှီတို့နှစ်ဦးသည်လည်း ကြည်လင်အေးမြမှု အရှုရာ ပြီးပြည့်စုံခြင်း ချစ်ခြင်းများနှင့် ရင်ခုန်သံနွေးနွေးများ တသိမ့်သိမ့် လှိုက်ခုန်သွားရပါတော့သည်။

ရွှေအဉ္ဇလီ

www.burmeseclassic.com